# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆၃)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့။


## မေတ္တာအာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက်လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်းလူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇။)

# လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃ ။ )**

**၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ၌ ပါရှိသော "ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးကိုဆိုသည်။" ဆိုသည့်စကားရပ်ကို "ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကို ဆိုသည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆ တို့၌ ပါရှိသော "ပြည်နယ်နှင့်တိုင်း" ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းမကြီးများဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး

*စာမျက်နှာ ၅ ကော်လံ ၁*



# ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဇေယျာဝတီ-ရေတာရှည်လမ်းပိုင်း အဆင့်မြှင့်

ဇေယျာဝတီ-ရေတာရှည်လမ်းပိုင်းကို ကမ္ဘောဇ လမ်းကြောင်း ရှာဖွေရေးလုပ်ငန်းများအဖွဲ့က လေးလမ်းသွားနိုင်လွန်ကတ္တရာခင်းနေစဉ်။

**သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-မိုးမြင့်လှိုင်**

ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေး မူလကားလမ်းသည် မြန်မာတစ်ပြည်လုံးနှင့် ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး အာရှလမ်းမကြီးအဖွဲ့ဝင် လမ်းအမှတ် AH.1 ဖြစ်သည်။ ထိုလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မူလ ၁၂ ပေ နှစ်လမ်းသွားမှ ယခုအခါ ၁၂ ပေ လေးလမ်းသွား ၄၈ ပေအထိ တိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ပြည်တွင်းလမ်းဖောက်လုပ်ရေးကုမ္ပဏီများသို့ BOT စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ BOT စနစ်ဖြင့် လုပ်ငန်းအပ်နှံထားသောကုမ္ပဏီများနှင့် မိုင်များမှာ မက်စ်မြန်မာကုမ္ပဏီက ထောက်ကြန့်-ပဲခူး ၃၂ မိုင် ခြောက်ဖာလုံ၊ ရွှေသံလွင်ဟိုင်းဝေးက ပဲခူးမှ ညောင်လေးပင် ၄၈ မိုင်၊ ဟိုက်စတားကုမ္ပဏီက ညောင်လေးပင်မှ ဇေယျာဝတီ ၄၈ မိုင်၊ ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများက

*စာမျက်နှာ ၆ ကော်လံ ၅*

# မြန်မာ့ဆက်သွယ်ရေးမှဆင်းကတ်များ လိုသလောက်ထုတ်ရောင်းမည်

**သတင်း-ဝေယံဦး**

**ရန်ကုန် ဇူလိုင် ၂၄**

မိုဘိုင်းဖုန်းသုံးစွဲမှု မြင့်တက်လာလျက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းဆင်းကတ်များကို မကြာမီကာလအတွင်း လိုသလောက်ထုတ်ရောင်းပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA နှင့် GSM ဆင်းကတ်များကို မြန်မာနိုင်ငံတစ်ဝန်းသို့ရောင်းချခဲ့ရာတွင် စုစုပေါင်းမိုဘိုင်းဆင်းကတ် ၉ ဒသမ ၂၅ သန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ တန်ဖိုးနည်းမိုဘိုင်းဆင်းကတ်များကို အကန့်အသတ်မရှိ လိုသလောက်ရောင်းချပေးသွားရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီစဉ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုဘိုင်းဆင်းကတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ခွဲတမ်းစနစ်ဖြင့် မဲနှိုက်ရောင်းချခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ CDMA-800 MHz ဆင်းကတ် ၂၉၉၀၀၀ နှင့် GSM ဆင်းကတ်ပေါင်း ၁၇၄၉၇၀၀နှင့် WCDMA ဆင်းကတ် ၇၁၀၃၀၀ ရောင်းချပေးခဲ့ပြီးဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် မိုဘိုင်းတယ်လီဖုန်းသုံးစွဲမှုပိုမိုတိုးမြင့်လာစေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက

*စာမျက်နှာ ၆ ကော်လံ ၅*

**နိုင်ငံတကာ**

## အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ တွေ့ဆုံ

စာ » ၄

**ပြည်တွင်း**

## စားသုံးရန်မသင့်သည့်ကြက်အူချောင်းနှင့် အေးခဲကြက်သားများ မြေမြှုပ်မီးရှို့ဖျက်ဆီး

စာ » ၁၂

**အားကစား**

## ဒွန်ဂါနဲ့ အသွင်သစ်ဘာရာဇီးအသင်း ဖြစ်လာမလား

စာ » ၁၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြို့ပြသာယာ နိုင်ငံဖွံ့ဖြိုး

အိမ်တစ်အိမ် ကြီးပွားချမ်းသာခြင်းရှိမရှိ ထိုအိမ်ကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးခြင်းရှိမရှိဆိုသည်မှာလည်း မြို့ပြများကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ မြို့ပြများ၏ သန့်ရှင်းသာယာလှပမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်ကို ထင်ဟပ်စေပါသည်။ မြို့ပြများသာယာလှပအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးစေနိုင်ပါသည်။

ဤသို့ဆိုလျှင် မြို့ပြများသာယာလာအောင် မည်သို့ဆောင်ရွက်ကြမည်နည်း။ အခြေခံအားဖြင့် အချက်သုံးချက်ကို စဉ်းစားမိပါသည်။ မြို့ပြတစ်ခွင်လုံး အကြားအလပ်မရှိ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်များ စည်းကမ်းတကျသွားလာမောင်းနှင်ခြင်းနှင့် ဗိသုကာလက်ရာမြောက်စွာ နေအိမ်တိုက်တာများ စနစ်တကျဆောက်လုပ်လာခြင်းစသော အချက်များပင်ဖြစ်သည်။

မြို့ပြများကို သန့်ရှင်းလှပအောင် ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်နေရပါမည်။ အမှိုက်သရိုက်များ ရှင်းလင်းနေရပါမည်။ ဈေး၊ ကျောင်း၊ မီးရထားဘူတာ၊ ဆေးရုံ၊ ကားဂိတ်အစရှိသဖြင့် အများပြည်သူများနှင့် ဆိုင်သောနေရာများအားလုံး သန့်ရှင်းနေရပါမည်။ လမ်းမကြီးများတစ်လျှောက် အမြင်မကောင်းသောအပင်ကြီးများ လှပအောင်မွမ်းမံသင့်ပါသည်။ လျှပ်စစ်မီးကြိုး၊ ဖုန်းကြိုးတိုင်များ အစီအရီစနစ်တကျ သွယ်တန်းထားသင့်ပါသည်။

ထို့အတူ မော်တော်ယာဉ်များစနစ်တကျ မောင်းနှင်သွားလာရန်လည်း လိုအပ်ပါသည်။ တစ်စီးနှင့်တစ်စီး ကျော်တက်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ကြားဖြတ်ဝင်ခြင်းတို့သည် ယာဉ်ကြောကိုရှုပ်ထွေးကျပ်တည်းစေနိုင်ပါသည်။ အထူးသဖြင့် ခရီးသည်တင်ဘတ်စ်ကားကြီးများ ကားဂိတ်များ၌ အချိန်ကြာမြင့်စွာ ခရီးသည်ရပ်တင်နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မှတ်တိုင်တိုင်းတွင် ''ရပ်-တင်-မောင်း စနစ်''ကို ကျင့်သုံးနိုင်ခြင်းမရှိသေးပါ။ အထူးသဖြင့် ညနေပိုင်းအခါများတွင် မြို့ပြလူစည်ကားရာ လမ်းမကြီးအချို့၌ ပလက်ဖောင်းဈေးသည်များ လမ်းများပေါ်အထိ ဈေးဆင်းရောင်းနေသည်ကို တွေ့နေရဆဲဖြစ်ပါသည်။ သက်ဆိုင်ရာမှ ကိုင်တွယ်ဖြေရှင်းမှုများရှိလင့်ကစား လိုက်နာမှုအားနည်းနေဆဲဖြစ်ပါသည်။ မြို့ပြကို အရုပ်ဆိုး အကျည်းတန်စေပါသည်။

ယခုအခါ ရန်ကုန်မြို့နေရာအတော်များများတွင် နေအိမ်တိုက်တာအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်လာကြပါသည်။ အထပ်နိမ့်၊ အထပ်မြင့်စုံလင်လှပါသည်။ သို့သော် အမြင်လှပတင့်တယ်စေမည့် အဆောက်အအုံမြင်ကွင်း ပသာဒအလှအပနေရာများ နည်းပါးနေပါသေးသည်။ နိုင်ငံတကာအဆင့်မီ ဗိသုကာအစွမ်းပြသော အဆောက်အအုံကြီးများ လိုအပ်နေပါသေးသည်။ ဤသည်မှာလည်း မြို့ပြ၏အလှအပကို တိုးပွားစေနိုင်ပါသည်။

''အိမ်သာလျှင်ဧည့်လာသည်''ဆိုသော စကားရှိပါသည်။ ဤသို့မြို့ပြကို သာယာလှပအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှလာရောက်ကြသည့် ခရီးသွားများ တိုးပွားလာမည်ဖြစ်ပါသည်။ ပြည်ပခရီးသွားများ ဝင်ထွက်သွားလာမှု များပြားလာခြင်းနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုအစရှိသဖြင့် တိုးပွားလာပြီး နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ မြို့ပြများ၏သန့်ရှင်းသာယာမှု၊ လှပမှု၊ လူတိုင်းလူတိုင်း နိုင်ငံကြီးသားပီသစွာ စည်းကမ်းရှိမှုများသည် မြို့ပြများ၏ ဂုဏ်ကျက်သရေကို တိုးပွားစေနိုင်ပါသည်။ သို့ပါ၍ မြို့ပြတိုင်း သာယာလှပသောမြို့ပြများအဖြစ် တည်ဆောက်သွားရန် အထူးပင်လိုအပ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# အခြေခံပညာကျောင်းများအတွက် စာရေးကိရိယာများပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက်က လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ပညာရည်ချွန်ဆုတို့အတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် လှည်းကူးမြို့အတွင်းရှိ စာသင်ကျောင်း ၁၁၈ ကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူ ၂၆၉၈၄ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများအတွက် ငွေကျပ် ၃၁၅၉၅၀၈၅၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၇၁ ဦးအတွက် ငွေကျပ် ၇၉၀၀၀၀၀၊ ဘက်စုံထူးချွန်လူငယ် သုံးဦးအတွက် ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ဖောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတက်ရောက်ပြီး အခမ်းအနားတွင် ဖောင်ကြီးမြို့အတွင်းရှိ စာသင်ကျောင်း ၃၀ မှကျောင်းသား ကျောင်းသူ ၉၂၃၅ ဦးတို့အတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ၉၂၃၅ စုံတို့အတွက် ငွေကျပ် ၂၈၆၉၉၉၅၀၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၇ ဦးအတွက် ချီးမြှင့်ငွေကျပ် ၂၁၅၀၀၀၀ တို့ကို ပေးအပ်ခဲ့သည်။

ထို့နောက် မရမ်းချောင်းတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး အလှူရှင် Mother Trading and Construction Co.,Ltd. မှ ဦးအောင်မြတ်လှူဒါန်းသော ခုတင် ၂၀ဆံ့ မရမ်းချောင်းမေတ္တာ ပရဟိတဂေဟာ အဆောက်အအုံများ အသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုကာ ဂေဟာအတွက် ဆန် ၁၀ အိတ်၊ ဆီနှစ်ပုံး၊ မရမ်းချောင်းတိုက်နယ်ဆေးရုံအတွက် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ အိပ်ရာအစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇူလိုင် ၂၁ ရက်က အင်းတိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ဒါးပိန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ပြီး ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဒါးပိန်မြို့၌ကျင်းပသည့် အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် ဒါးပိန်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးဟောင်း မြေကွက် ၀ ဒသမ ၁၈၁ ဧကတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ဒါးပိန်မြို့မ) ကျောင်းဆောင်သစ် တိုးချဲ့နိုင်ရေးအတွက်လှူဒါန်းသည့် စာရွက်စာတမ်းများကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်က အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စာပေရေချမ်းစင် စာအုပ်များဖြည့်ဆည်း



**ရန်ကုန် ဇူလိုင် ၂၄**

တာမွေမြို့နယ်အတွင်းရှိ ပြည်တွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စာပေရေချမ်းစင်များ၏ စာအုပ်ဖြည့်ဆည်းရေးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၈ ရက်က တာမွေမြို့နယ်အတွင်းရှိ စာပေရေချမ်းစင် ၁၆ ခုကို စာစဉ်အတွဲ(၂) အမှတ် (၇) စာအုပ်များ လိုက်လံဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်သူများ လစဉ်စာအုပ်အသစ်များ ဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်ကို စာပေဖြင့်အကျိုးပြုသည့် စာရေးဆရာကြီးများ၏ မှတ်သားဖွယ်ရာ ဗဟုသုတရရှိစေမည့် စာစဉ်များကို လစဉ်ပညာရပ်မျိုးစုံဖြစ်သည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုး/မွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားအတ္ထုပ္ပတ္တိဆိုင်ရာ ပြည်သူ့နီတိနှင့် ကလေးသူငယ်ဆိုင်ရာစာပေများကို ကဏ္ဍစုံဖြင့် စာပေရေချမ်းစင် အိတ်များတွင် ထားရှိဆောင်ရွက်ပေးထားသည်။

လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှသည့် စာပေဖတ်ရှုခြင်းတွင် စာပေရေချမ်းစင်များက များစွာအထောက်အကူပြုပေသည်။ အတွဲ(၁)အမှတ်(၁)မှစတင်ခဲ့သည့် စာပေရေချမ်းစင်များ၏ စာစဉ်များကို ယခုထိပြည်သူများက စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြောင်း သိရသည်။ **လှလှ**




**စာအုပ်စာပေ လူ့မိတ်ဆွေ**







## CLAIMS DAY NOTICE

### M.V CSC TAI HAI VOY: NO (EAL 5)

Consignees of cargo carried by M.V CSC TAI HAI VOY:NO.(EAL 5) are here by notified that the vessel will arrive on about 27-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူနိုင်ငံ UOB ဘဏ်မှ Deputy Chairman & CEO Mr.Wee Ee Cheong ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်း၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးခင်မောင်ထွန်း၊ ဦးသောင်းမြင့်နှင့်ဒေါ်ညိုညိုလှ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး UOB ဘဏ် CEO နှင့်အတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့် လယ်ယာထွက်ကုန်များဈေးကွက်ရရှိရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့စီးပွားရေးဖိုရမ် World Economic Forum (WEF)မှ အထူးအကြံပေး Dr. Kavita Prakash-Mani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့် မြန်မာ့လယ်ယာထွက်ကုန်များအား ခိုင်မာသောဈေးကွက်(Market)ရရှိရေးဆိုင်ရာ အလားအလာများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့က မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်ကြွယ်ဝမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အလားအလာ များစွာရှိမှု၌ လယ်ယာကဏ္ဍသည် ဒေသတွင်းအတွက်သာမက တစ်ကမ္ဘာလုံး၏ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပါ အလွန်အရေးကြီးသည့် ကဏ္ဍဖြစ်ခြင်းကြောင့် အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဈေးကွက်အလားအလာများကို ဆွေးနွေးသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များအားလုံးတွင် အဓိကအရေးပါဆုံးဖြစ်သည့် အားလျော်စွာ မိမိတို့အစိုးရသက်တမ်းကာလ၌ အထူးအလေးထား အာရုံစူးစိုက်အကောင်အထည်ဖော်လျက် ရှိနေပါကြောင်း၊ လယ်ယာကဏ္ဍအပေါ် အဓိက အခြေခံအရေးကြီးလိုအပ်ချက်နှစ်ရပ်ဖြစ်သည့် လယ်ယာထွက်ကုန်များအတွက် ခိုင်မာသောဈေးကွက်လိုအပ်ချက်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်ငွေကြေးအရင်းအနှီး လိုအပ်ချက်များကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးအမြတ်အတွက်သာမက အခြေခံတောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့်ဝင်ငွေတိုးတက်စေရေး စသည့်အခွင့်အလမ်းများကြောင့် လိုအပ်ချက်များကို ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခတုကင်းလွတ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် အရောင်းပြခန်း၊ တောင်သူပညာပေး မျိုးသန့်မျိုးပွားစိုက်ခင်းနှင့် နို့စားနွား မွေးမြူရေးခြံတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုဂ္ဂလိကကဏ္ဍမှ ပြည်သူများအားလုံးကလည်း ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခြင်းဖြင့် ထိရောက်အောင်မြင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် စားသုံးသူအကာအကွယ်ပေးရေး၊ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံး၏ တာဝန်ပေးအပ်ချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲကို ၂၀၁၃ ခုနှစ် မေ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ မကွေးတိုင်းဒေသကြီးများတွင် တိုင်းဒေသကြီး ဦးစီးမှူးရုံးများကို လည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ကချင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ပြည်နယ်ဦးစီးမှူးရုံးများကို လည်းကောင်းဖွင့်လှစ်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီကို ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဦးစီး၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီဝင်များ၊ ပညာရှင်များနှင့် ညှိနှိုင်းကာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုခဲ့ပြီး အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီး အဆင့်ဆင့်ဆွေးနွေး၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်(၁၃)ရပ် ပါဝင်ပြီး အဓိကအားဖြင့် စားသုံးသူအကာကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများချမှတ် ဆောင်ရွက်ခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်း၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းပြီးဖြစ်သဖြင့် စားသုံးသူအကာအကွယ်ပေးရေး နည်းဥပဒေကိုလည်း ထုတ်ပြန်နိုင်ရန်(မူကြမ်း) ရေးဆွဲ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့်တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးရန်အတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကိုလည်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းများရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးမှာ စားသုံးသူများ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် အရေးပါလှသော လုပ်ငန်းဖြစ်သည့်အပြင် ဝန်ကြီးဌာနအနေဖြင့် တင်ပို့၊ တင်သွင်းသောကုန်ပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ပို့ကုန်နှင့်သွင်းကုန်လိုင်စင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျစိစစ်ခွင့်ပြုပေးလျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအနေဖြင့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များကို ရယူအသုံးပြုနိုင်စေရန် အဓိကလုပ်ငန်းတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံအားလုံး အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းအောက်တွင် စားသုံးသူအကာအကွယ်ပေးရေး ကဏ္ဍသည်လည်း ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားသော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ စားသုံးသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးမှ လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများမှလည်း လိုအပ်သည့် ဥပဒေမူဘောင်များ၊ စည်းကမ်းစည်းမျဉ်းများနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ပေးပြီး ယင်းတို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ပြည်သူများအားလုံးမှလည်း ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခြင်းဖြင့် ထိရောက်အောင်မြင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင်များက ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွဲ့စည်းသွားမည့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ ဖြေရှင်းမှုနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဗဟိုကော်မတီဝင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတကာသတင်း

# အစ္စရေးတို့၏ အရေးယူပိတ်ဆို့မှုမရုပ်သိမ်းသမျှ အပစ်အခတ်ရပ်စဲမှုမဖြစ်နိုင်ကြောင်း ဟားမားစ်ပြောကြား



**ဂါဇာ ဇူလိုင် ၂၄**

အစ္စရေးတို့၏ အရေးယူပိတ်ဆို့ထားမှု ဂါဇာတွင် အဆုံးသတ်နိုင်ခြင်းမရှိဘဲနှင့် အပစ်အခတ်ရပ်စဲရေးမဖြစ်နိုင်ကြောင်း အစ္စလာမ့်စစ်သွေးကြွအုပ်စု ဟားမားစ်အဖွဲ့ခေါင်းဆောင်က ပြောကြားလိုက်သည်။

ဟားမားစ်အဖွဲ့အနေဖြင့် အရေးယူပိတ်ဆို့မှု ရုပ်သိမ်းသည်အထိအပစ်အခတ်ရပ်စဲရေးကို ဆက်လက်ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ခါလက်မီရှာအဲလ်ကပြောကြားလိုက်သည်။ ဟားမားစ်တို့က အစ္စရေးကိုဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်နေသကဲ့သို့ ဂါဇာတွင်အစ္စရေးတို့၏ မြေပြင်နှင့် ဝေဟင်ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေစဉ် ဟားမားစ်တို့က အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

အစ္စရေးတို့က ဇူလိုင် ၈ ရက်မှ စတင်ကာ ဂါဇာမှ ဒုံးကျည်ပစ်ခတ်မှုများ ရပ်စဲသွားစေရန် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

လွန်ခဲ့သော ၁၅ရက်အတွင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံးပါလက်စတိုင်း ၆၄၉ ဦးနှင့် အစ္စရေးစစ်သား ၃၂ ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်းတာဝန်ရှိသူများက ပြောသည်။ ထို့အပြင် အစ္စရေးအရပ်သားသုံးဦးလည်းသေဆုံးခဲ့သည်။

အစောပိုင်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့ ထိပ်တန်းတာဝန်ရှိသူနာဗီပီလေးက ၎င်းအနေဖြင့် ဂါဇာအပေါ် အစ္စရေးတို့၏စစ်ဆင်ရေးဆင်နွှဲနေမှုများကို စိုးရိမ်မိကြောင်းပြောကြားလိုက်သည်။ သူမအနေဖြင့် အစ္စရေးအပေါ် ဟားမားစ်တို့၏ စည်းကမ်းမဲ့ရာဇဝတ်မှုကျူးလွန်တိုက်ခိုက်နေမှုများကိုလည်း စိုးရိမ်မိသည်ဟု ပြောကြားလိုက်သည်။

**(ဘီဘီစီ)**

# တရုတ် ( တိုင်ပေ ) ခရီးသည်တင်လေယာဉ်ပျက်ကျ လေယာဉ်ပေါ်လိုက်ပါသွားသူအနက် ၄၈ ဦးသေဆုံး

**တရုတ်(တိုင်ပေ) ဇူလိုင် ၂၄**

တရုတ်(တိုင်ပေ) ပင်ဟူးဒေသ၌ ရာသီဥတုအခြေအနေဆိုးရွားနေစဉ် ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျသွားခဲ့ရာ သေဆုံးသူ ၄၈ ဦးရှိသွားပြီဟုဆိုသည်။

ခရီးသည် ၅၈ ဦးကို တင်ဆောင်ပျံသန်းလာသော အဆိုပါ လေယာဉ်သည် မဂေါင်းလေဆိပ်သို့ဆင်းသက်ရန်ကြိုးစားမှုမအောင်မြင်ခဲ့ပြီးနောက် အဆောက်အအုံများအတွင်းပျက်ကျသွားခဲ့သည်။ အခြား ၁၀ ဦးမှာ ဒဏ်ရာရရှိသွားခဲ့သည်။ သေဆုံးသူများတွင် ပြင်သစ်နိုင်ငံသားနှစ်ဦးပါဝင်ပြီး လေယာဉ်အမှုထမ်းတစ်ဦးမျှ အသက်ရှင်ဖွယ်မရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါလေယာဉ်သည် တရုတ်(တိုင်ပေ)တောင်ပိုင်းမြို့တော် စီအန်းမြို့မှ ပျံသန်းထွက်ခွာလာရာ ပင်ဟူးကျွန်းလေဆိပ်သို့အဆင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် အဆောက်အအုံများအတွင်း ပျက်ကျသွားခဲ့သည်ဟု ဆိုသည်။

ယင်းလေယာဉ်ပျက်ကျမှုသည် တရုတ်(တိုင်ပေ)၌ ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။ ၎င်းလေယာဉ်သည် အဆိုပါလေဆိပ်သို့ ဒုတိယအကြိမ်ဆင်းသက်ရန် ကြိုးစားစဉ်ပျက်ကျသွားခဲ့ရသည်ဟု ဆိုသည်။

**(ဘီဘီစီ)**



# အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌတွေ့ဆုံ

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ယောင်ကင်တို့သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

နောင်လာမည့်အနာဂတ်ကာလအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မည့်နည်းလမ်းများ ဆွေးနွေးခဲ့ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ကောင်းမွန်သောလူနေမှုဘဝကိုလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း မိုဒီကပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ငွေကြေးထောက်ပံ့မှုများထက် အကြံဉာဏ်များ၊ အသိပညာများနှင့်ပညာရှင်များကို ပိုမိုလိုအပ်နေပြီး အခြေခံလူတန်းစားများအတွက် ကောင်းမွန်သောအနာဂတ်ကို ဖန်တီးပေးလိုကြောင်း၊ စဉ်ဆက်မပြတ်ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အတူ လျင်မြန်သောပြောင်းလဲမှုများ လုပ်ဆောင်ရန်မှာ အရေးပါဆုံးသောလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏စီမံကိန်းများသည်ကောင်းမွန်သော အကျိုးရလဒ်များကို ဖန်တီးပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိကြောင်း မိုဒီက ထပ်လောင်းပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌကင်အနေဖြင့် ကမ္ဘာ့ဘဏ်လုပ်ငန်းများကို ၎င်းတာဝန်ယူလုပ်ကိုင်နေသည့်ကာလအတွင်း ဝန်ကြီးချုပ်မိုဒီနှင့်တွေ့ဆုံရခြင်းသည် ကောင်းမွန်သောအရာများထဲမှ ကံကောင်းမှုတစ်ခုပင်ဖြစ်နိုင်ကြောင်း၊ ထို့ပြင် မိုဒီ၏ အိန္ဒိယအပေါ်ထားရှိသော မျှော်မှန်းချက်များသည် ၎င်းကိုအလွန်ပင်အံ့အားသင့်စေခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရရှိမည်ဟု မျှော်လင့်မိကြောင်းပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# နိုင်ဂျီးရီးယား၌ ဗုံးခွဲတိုက်ခိုက်မှု ၇၀ ကျော်သေဆုံး

**အဘူဂျာ ဇူလိုင် ၂၄**

နိုင်ဂျီးရီးယားမြောက်ပိုင်း ကာဒူနာပြည်နယ်၌ ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၇၀ ကျော်သေဆုံးခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မျက်မြင်သက်သေများက ပြောသည်။

ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက သေဆုံးသူ စုစုပေါင်း ၃၉ ဦးရှိပြီး ပထမပေါက်ကွဲမှုတွင် ၂၅ ဦး၊ ဒုတိယပေါက်ကွဲမှု၌ ၁၄ ဦးကျော် သေဆုံးခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာ၌ အမျိုးသမီးကဲ့သို့ ဝတ်ဆင်ထားခဲ့သော အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

ပထမ ဗုံးပေါက်ကွဲမှု၌ သေဆုံးသူအများစုမှာ ထင်ရှားသော ဘာသာရေးခေါင်းဆောင် ရှိတ်ဒါဟူရီဘူချီ ဦးဆောင်သော ဒါရီကာ အစ္စလာမ့်အဖွဲ့ဝင်များဖြစ်ကြောင်း ထိပ်တန်းလုံခြုံရေးသတင်းအရ သိရသည်။

တောင်ကုန်းဒေသ အယ်လ်ကာလီကိုင်တာလမ်း၌ ပထမပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒုတိယမှာ တပ်မတော်အခြေစိုက်စခန်းနှင့် နီးကပ်စွာ ရှိနေသော ကာဝူတံတားအနီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများကို ပြည်နယ်အတွင်း အခြားဆေးရုံနှင့် ပြည်နယ်မြို့တော်ရှိ နိုင်ဂျီးရီးယားတပ်မတော်ဆေးရုံသို့ သယ်ဆောင်သွားခဲ့ကြောင်း ၎င်းပြည်နယ်ရောက် ဆင်ဟွာသတင်းထောက်က ပြောခဲ့သည်။

ပြည်နယ်အစိုးရက ယင်းမြို့၌ အခင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း အပြင်မထွက်ရဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

# အိန္ဒိယ၌ကျောင်းဘတ်စ်ကားကို ခရီးသည်တင်ရထားဝင်တိုက် ကျောင်းသား ၁၄ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ တီလန်ဂါနာ ပြည်နယ်၌ ကျောင်းဘတ်စ်ကားနှင့် ရထားတိုက်မိရာ ကားမောင်းသူနှင့် ကျောင်းသား ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။

ခရီးသည်တင်ရထားက ကျောင်းဘတ်စ်ကားကိုဝင်တိုက်မိခဲ့ပြီး မီတာရာပေါင်းများစွာအထိ တရွတ်တိုက်ဆွဲသွားခဲ့သည်ဟု ဆိုသည်။

အဆိုပါ ကျောင်းကားသည် ကျောင်းသား ၃၂ ဦးကို တင်ဆောင်လာကြောင်း၊ ရထားပေါ်ပါ ခရီးသည်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

မိုဒက်ခ်ခရိုင် မာဆိုင်ပက်ရွာအနီးရှိ အလိုအလျောက် အဖွင့်အပိတ်စနစ် တပ်ဆင်ထားသော ရထားလမ်းကူးတစ်နေရာ၌ ယင်းမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ မီးရထားလမ်းကွန်ရက်သည် ခရီးသည်တင်ရထားအစင်း ၉၀၀၀ ဖြင့် ခရီးသည် ၂၃ သန်းကို တင်ဆောင်ကာနေ့စဉ်ပြေးဆွဲလျက်ရှိသည်။ အိန္ဒိယ၌ မကြာသေးမီနှစ်များအတွင်း ရထားမတော်တဆတိုက်မှုများစွာ ဖြစ်ပွားမှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ပြီးခဲ့သည့်လက ဘီဟာပြည်နယ်၌ တွဲများစွာပါသော ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ လေးဦးထက်မနည်း သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် မေလအတွင်းက ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ကာ ရပ်ထားသော ကုန်တင်ရထားကို တိုက်မိခဲ့ရာ လူ ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။

**(ဘီဘီစီ)**



*ရှေ့ဖုံးမှ*

ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

၇-က။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၇-ခ။ မည်သူမဆို ပုဒ်မ ၇-က ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၄။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၈ ၌ ပါရှိသော "ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်၏ ရှေ့တွင် "အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(င) လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊ တံတားနှင့် မြေပြင်အနေအထားကို ပျက်စီးစေရန်ပြုလုပ်ခြင်း၊

(စ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊

(ဆ) လမ်းမကြီး နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ လမ်းဘေး စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက်လုပ်တည်ခင်းရောင်းချခြင်း။"

၅။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၉ ၌ ပါရှိသော "ထောင်ဒဏ် ၃ လ အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၆။ လမ်းမကြီးများဥပဒေ ပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၉-က နှင့် ပုဒ်မ ၉-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၉-က။ မည်သူမဆို မိမိ၏ ပြုလုပ်မှုကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန်တာဝန်ရှိသည်။

၉-ခ။ ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီး ဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်၍ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုတောင်းခံနိုင်သည်။"

၇။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၀ ၏ နောက်တွင် ပုဒ်မ ၁၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ် အဆောက်အအုံများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။"

၈။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*ကျောဖုံးမှ*

ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် စမ်းချောင်းမြို့နယ်အပြင် ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မရမ်းကုန်း၊ တာမွေနှင့် ရန်ကင်းမြို့နယ်များအတွင်း အခွန်စည်းကြပ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ် နေကြောင်း သိရသည်။

"အခွန်စည်းကြပ်မယ်လို့ ကြားထားပါတယ်။ ဒါပေမယ့် အောင်မြင်ဖို့ မလွယ်ကူပါဘူး။ အခုချိန်မှာ အိမ်၊ ခြံ၊ မြေဈေးကို ကန့်သတ်ဖို့အတွက်ဆိုရင် အခု နည်းလမ်းမှာ ဟာကွက်မရှိမှုဖြစ်မှာပါ။ ကန်ထရိုက်တိုက်တွေ ပေါ်များလာတဲ့အချိန်မှာ မြေရှင်၊ အခန်းရှင်၊ အခန်းငှားသူ အစစ်အမှန်တွေကို ဖော်နေရတာ မလွယ်တဲ့အလုပ်ဖြစ်ပါတယ်။ ဒါပေမယ့် အချို့မြို့နယ်တွေမှာတော့ စနစ်တွေထားတာရှိတယ်။ ဥပမာ အခန်းအရောင်းအဝယ်စာချုပ်ချုပ်ရင် အုပ်ချုပ်ရေးရုံးမှာ ချုပ်ဆိုကြတာမျိုးရှိတယ်။ ငှားရင်လည်း ဒီအတိုင်းပဲ။ သို့သော် လူ ၁၀၀ မှာ ၃၀ လောက်သာ အုပ်ချုပ်ရေးမှူးရုံးမှာ စာချုပ်ချုပ်ကြပြီး ကျန် ၇၀ ရာခိုင်နှုန်းကတော့ သာမန်အတိုင်း အရပ်စာချုပ်နဲ့ပဲ ချုပ်နေကြတာဖြစ်ပါတယ်" ဟု အိမ်၊ ခြံ၊ မြေ အကျိုးဆောင်တစ်ဦးက ပြောသည်။

သို့သော် အခွန်စည်းကြပ်ခြင်းလုပ်ဆောင်မည်ဟု သတင်းများ ထွက်ပေါ်ခြင်းကြောင့် အရောင်းအဝယ် ပြုလုပ်သည့်လူများနှင့် အကျိုးဆောင်များမှာ အခွန်အတိအကျ ပေးဆောင်ခြင်းထက် စာချုပ်နှစ်ခုချုပ်ကာ အစစ်စာချုပ်နှင့် လျှော့ချုပ်ခြင်းစာချုပ်များ ပြုလုပ်ကာ အခွန်ရှောင်နိုင်သေးကြောင်း သဘောထားမှတ်ချက်ပေးကြသည်ကိုလည်း တွေ့ရှိရသည်။ **(မြန်မာ့အလင်း)**

# စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်ခွဲ(က)၌ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီးဆိုသည့်" စကားရပ်ကို "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့်ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ထားပြီး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အငြိမ်းစားဟူသောစကားရပ်ကို ကွင်းစ ကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်" ဆိုသည့် စကားရပ်ကို "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ၌ပါရှိသော "တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့" ဆိုသည့်စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ (၁၀)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်ဖြင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးလျက်ရှိ

**ကျိုက်ထို ဇူလိုင် ၂၄**

ကျိုက်ထိုမြို့နယ် သမဝါယမ အသင်းစုလီမိတက်မှ မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေကို အမှီပြု နေထိုင်လျက်ရှိသော တောင်သူလယ်သမားများအား ရပ်ကွက်၊ ကျေးရွာအတွင်း သမဝါယမအသင်းစုများ ဖွဲ့စည်းပေးပြီး လိုအပ်သည့်ချေးငွေများကို ပံ့ပိုးကူညီလျက်ရှိရာ အသင်းစုဖွဲ့စည်းထားသော ကျိုက္ကသာကျေးရွာအသင်းစု၊ မလေ့ချောင်ကျေးရွာအသင်းစု၊ ကျိုက်ပိကျေးရွာအသင်းစု၊ ဖက္ကလိပ်ကျေးရွာ အသင်းစု၊ မလေ့ချောင်အသင်းစု(၂)၊ ဘိုရားကြီး ကျေးရွာအသင်းစု၊ မုပွလင် ကျေးရွာအသင်းစု၊ ခမိတ်ကျေးရွာအသင်းစုများကို ဇူလိုင် ၁၀ ရက်မှစတင်ပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းမြင့်၊ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အသင်းစုအတွင်းရေးမှူး ဦးကံမြင့်တို့က မြို့နယ်ရုံးတွင်လည်းကောင်း၊ ကျေးရွာများသို့ သွားရောက်၍လည်းကောင်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ကျေးရွာကိုးရွာမှ အသင်းစုကိုးစုအတွက် ငွေကျပ် ၅၂၆ သိန်း ရှစ်သောင်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(iprd)**

*ကျောဖုံးမှ*

ရွှေကို၊ နောင်နောင်စိုး၊ ဝေယံမိုး (မြန်မာ့ဘောလုံး အကယ်ဒမီ-မန္တလေး)၊ ကျော်ထက်လွင်၊ မျိုးဆက်ပိုင် (နေပြည်တော် ဘောလုံး အကယ်ဒမီ)၊ သန်းကျော် (အမက-၈၊ မင်္ဂလာဒုံ)နှင့် စစ်မင်း(ဒဂုံ-၁)တို့ ပါဝင်ကြသည်။

**CLAIMS DAY NOTICE**

**M.V ASIAN LEADER VOY: NO (50)**

Consignees of cargo carried by M.V ASIAN LEADER VOY:NO.(50) are here by notified that the vessel will arrive on about 27-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**CLAIMS DAY NOTICE**

**M.V FORESI GHTER VOY: NO (19)**

Consignees of cargo carried by M.V FORESIGHTER VOY: NO (19) are here by notified that the vessel will arrive on about 27-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**သမဝါယမဝန်ကြီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ သမဝါယမတက္ကသိုလ် (သန်လျင်)၊ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့်သမဝါယမကောလိပ်(မန္တလေး)တို့တွင်အသုံးပြုရန် ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပိတ်မည့်ရက်၊ တင်ဒါပိတ်မည့်အချိန်တွင် အိတ်ဖွင့်တင်ဒါများအား တစ်ပါတည်းဖွင့်ဖောက်စစ်ဆေးရွေးချယ်မည်ဖြစ်သဖြင့် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းလာသော အိတ်ဖွင့်တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သမဝါယမဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရုံးအမှတ်(၁၆) နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၃၇**

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ(၆၈)

## ဒေါက်တာကံညွန့်

သိပ္ပံပညာတိုးတက်လာတာဟာ ဆေးပညာမှာ အထောက်အကူပြုနေတယ်ဆိုတာ တင်ပြခဲ့ပါပြီ။ ယခုလည်း ဘယ်နည်းဘယ်ပုံ အထောက်အကူပြုနေသလဲဆိုတာကြည့်ကြပါဦး။ မြေပြင်မှာ မိုင်းရှာဖို့အသုံးပြုနေတဲ့ ရေဒါစနစ်က အခုတော့ ရင်သားမှာ ကင်ဆာရောဂါရှိမရှိစမ်းသပ်တဲ့ကိရိယာဖြစ်လာဖို့ လမ်းစဖြစ်နေပါပြီ။ အင်္ဂလန်နိုင်ငံ Bristol တက္ကသိုလ်မှ Electronic အင်ဂျင်နီယာပါမောက္ခနှင့် Medical Physic ပါမောက္ခနှစ်ဦး ခေါင်းဆောင်တဲ့အဖွဲ့က တီထွင်ခဲ့ကြတာပါ။ ဒီစက်ကို MARIA လို့ခေါ်ပြီး အရှည်ကတော့ Multi-static Array Processing for Radiowave Image Acquistion လို့ခေါ်ပါတယ်။ ဒီစက်ကို စတင်စမ်းသပ်အသုံးပြုခဲ့တဲ့ Bristol မြို့ South Mead ဆေးရုံကြီးမှ ရင်သားကင်ဆာအထူးကုဆရာဝန် Dr. Mike Shere ကတော့ သူ့အနေနဲ့ ဒီစက်ရဲ့အောင်မြင်မှုကို အထူးပဲ စိတ်လှုပ်ရှားစွာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီစက်ဟာ ရင်သားတစ်ခုကို ရှစ်စက္ကန့်နှင့်အပြီး စမ်းသပ်နိုင်ပြီး 5mm လောက်သေးငယ်တဲ့ အလုံးအကျိတ်ထိ တွေ့မြင်နိုင်တဲ့အပြင် ရင်သားတင်းမာတဲ့အပျိုတွေအတွက် အထူးကောင်းမွန်တဲ့ စက်ဖြစ်တယ်လို့ဆိုပါတယ်။ ဒီစက်မှာ Radiation သုံးစရာမလိုတဲ့အတွက် အန္တရာယ်လည်းမဖြစ်နိုင်ဘဲ လက်ရှိအသုံးပြုနေတဲ့ Mamogram ထက် သာလွန်ကောင်းမွန်တယ်ဆိုတာ အတည်ပြုပြောကြားတာကို တင်ပြလိုက်ရပါတယ်။

**ကလေးတွေမှာ သွားပိုးစားရောဂါ မဖြစ်ရအောင် မိခင်နို့ကိုစို့ပြီး အကြာကြီး အိပ်ပျော်သည်ထိ မထားဖို့နှင့် ကလေးညအိပ်ပျော်စဉ် ဂွမ်းပါတဲ့ နားကျပ်တံကို ရေဆွတ်ပြီး ကလေးရဲ့ သွားမျက်နှာပြင်လေးကို ပွတ်တိုက်သန့်စင်ပြီး အိပ်စေသင့်။**

**ကန့်စွန်းဥ၊ မုန်လာဥ၊ ဂေါ်ဖီနှင့် ဘရိုကိုလီခေါ်တဲ့ ပန်းဂေါ်ဖီအစိမ်းများများစားသုံးတဲ့ အမျိုးသမီးတွေမှာ နှလုံးရောဂါနှင့် ကင်ဆာရောဂါဖြစ်မှုကို ကာကွယ်နိုင်။**

### မျက်စိမှုန်ရောဂါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက်ကြီးလာတဲ့လူတွေမှာဖြစ်တတ်တဲ့ Age-Related Macular Degeneration (AMD) ခေါ်တဲ့ သက်ကြီးမျက်စိမှုန်ရောဂါအကြောင်းပါ။ ဒီရောဂါမှာ Wet Type နှင့် Dry Type ဆိုပြီး နှစ်မျိုးနှစ်စားရှိရာမှာ Wet Type ဟာ မျက်စိအာရုံခံ လွှာမှာရှိတဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်နေရာဖြစ်တဲ့ Macular area မှာ သွေးကြောအသစ်လေးတွေပေါ်လာပြီး ယင်းသွေးကြောလေးတွေက သွေးယိုစိမ့်မှုကြောင့် ဖြစ်ရတာပါ။ ဒီရောဂါကိုကုဖို့ ကုထုံးအနေနဲ့ မျက်စိအတွင်းပိုင်းကို Anti VEGF ခေါ် သွေးကြောအသစ်ဖြစ်ခြင်းကို ကာကွယ်တဲ့ဆေးကို ထိုးပေးရတဲ့ကုထုံးနဲ့ကုနေကြရတာပါ။ ဒီလိုဆေးထိုးတာဟာ ဆေးကို အကြိမ်များစွာထိုးရပြီး ဝေဒနာရှင်များများက မခံချင်ကြပါဘူး။ နောက်ပြီး ဆေးထိုးတဲ့အခါလည်း ရောဂါပိုးတွေမဝင်အောင် အထူးသတိထားပြီး ထိုးရတာပါ။ အခုတော့ ဒီဆေးထိုးတာကို မခံယူချင်သူတွေအတွက် ကုထုံးတစ်ခုပေါ်လာပြီး ဒီကုထုံးကို Oraya Therapy လို့ခေါ်ပြီး voltage အနည်းငယ်ရှိတဲ့ X-ray ရောင်ခြည်ကို မျက်စိရဲ့ macular area က သွေးကြောကို ပစ်လိုက်တဲ့နည်းဖြစ်ပါတယ်။ ဒီကုသနည်းဟာ လေးမိနစ်သာကြာပြီး မျက်စိရဲ့ တခြားနေရာတွေကို ထိခိုက်မှုလည်းမရှိဘူးလို့ ဆိုပါတယ်။ ဒီကုသနည်းကို လန်ဒန် King'Collage မှ ဆရာဝန်တစ်စုက တီထွင်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### သွားရောဂါ

မွေးကင်းစကလေးတွေအတွက် ပထမခြောက်လမှာ မိခင်နို့တစ်ခုတည်းသာတိုက်ကျွေးဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှိုးဆော်ထားတာအားလုံးအသိဖြစ်ပါတယ်။ ခြောက်လကျော်ရင်တော့ ဖြည့်စွက်စာနှင့်အတူ မိခင်နို့ကိုပါတိုက်ကျွေးဖို့လိုပါတယ်။ တစ်နှစ်အရွယ်မှာတော့ သွားကလေးတွေလည်းပေါက်လာပြီဖြစ်တဲ့အတိုင်း အဖတ်များများပါတဲ့ ကြိုက်ရာအစားအစာကို ကျွေးနိုင်ပြီဖြစ်ပါတယ်။ မိခင်နို့ကိုလည်း ကလေးဆန္ဒရှိသလို တိုက်နိုင်ပါတယ်။ ဒါပေမယ့် နှစ်နှစ်ကျော်လာပြီဆိုရင်တော့ ကလေးကို မိခင်နို့မတိုက်သင့်တော့ကြောင်း လေ့လာထားတဲ့ စာတမ်းတစ်စောင်က ဖော်ပြထားပါတယ်။ ဒီစာတမ်းကိုပြုစုခဲ့တာကတော့ ဆန်ဖရန်စစ္စကို University of Califonia က သွားရောဂါဆရာဝန်တစ်စုဖြစ်ပါတယ်။ သူတို့ဟာ ဘရာဇီးနိုင်ငံ Porto Alegce က ကလေးပေါင်း ၄၅၈ ဦးကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ မိခင်နို့တိုက်တဲ့ အဲဒီကလေးတွေကို အသက်ခြောက်လ၊ ၁၂ လ၊ ၂၄ လနှင့် ၃၈လအရွယ်တွေမှာ သွားရောဂါအခြေအနေကို စမ်းသပ်ကြည့်ရှုခဲ့ကြရာမှာ အသက်ခြောက်လအရွယ်ထိ ဘာမှမဖြစ်ကြပေမယ့် ၂၄ လအရွယ်လောက်မှာ သွားပိုးစားရောဂါ ၄၀ ရာခိုင်နှုန်းဖြစ်လာတာတွေ့ရပြီး အသက် ၂၄ လ နှစ်နှစ်ကျော်ကလေးတွေမှာ ၄၈ ရာခိုင်နှုန်းလောက် သွားပိုးစားနေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကလေးတွေကို မိခင်နို့ကို နှစ်နှစ်ကျော်ထိတိုက်နိုင်ကြောင်း၊ မှတ်ချက်ပြုထားပေးမယ့် ကလေးတွေမှာ သွားပိုးစားရောဂါ မဖြစ်ရအောင် မိခင်နို့ကိုစို့ပြီး အကြာကြီးအိပ်ပျော်သည်ထိ မထားဖို့နှင့် ကလေး ညအိပ်ပျော်စဉ် ဂွမ်းပါတဲ့ နားကျပ်တံကို ရေဆွတ်ပြီး ကလေးရဲ့သွားမျက်နှာပြင်လေးကို ပွတ်တိုက်သန့်စင်ပြီး အိပ်စေသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

### ဆီးချိုရောဂါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမှတ်(၁)အမျိုးအစားဆီးချိုရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ ဒီရောဂါရှိသူတွေဟာ နေ့စဉ်တစ်နေ့မှာ တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် Insulin ဆေးထိုးပြီး နေကြရသူတွေပါ။ ယခုပေါ်လာတဲ့ ကုထုံးတစ်မျိုးကြောင့် တစ်နေ့မှာ တစ်ခါထိုးရမယ့်အစား အနည်းဆုံး နှစ်နှစ်မှတစ်ခါ ထိုးရတော့မှာ ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ Ben Gurion တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ ကော်လိုရာဒို ဆေးတက္ကသိုလ်က ဆေးပညာရှင်တွေက ပူးပေါင်းရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီကုထုံးကတော့ လူနာထံကရတဲ့သွေးထဲက Anti Inflammatroy Serum Protein ကို အဲဒီလူရဲ့အသားထဲကို ထိုးတာဖြစ်ပြီး ရှစ်ပတ်ကနေ ၁၂ ပတ်ထိ ထိုးပေးလိုက်တာနဲ့ Insulin ထိုးစရာမလိုတော့ဘဲ အနည်းဆုံးနှစ်နှစ်ကျော်ကြာထိ သွေးထဲက Glucose ကို ထိန်းပေးနိုင်တယ်လို့ဆိုပါတယ်။ အမှတ်(၁)ဆီးချိုဝေဒနာရှင်တွေက ငယ်စဉ်ကပင် ဆီးချိုဖြစ်တတ်ကြပြီး ဖြစ်ရတဲ့အကြောင်းကတော့ အများအားဖြင့် Auto Inmune ခေါ်တဲ့ မိမိရဲ့ကိုယ်ခံအား Cells တွေက မိမိကိုယ်တွင်းက Insulin ထုတ်လုပ်တဲ့ Cells တွေကို ဖျက်ဆီးပစ်တာကြောင့် ဖြစ်ရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### နှလုံးနှင့်ကင်ဆာရောဂါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကန့်စွန်းဥ၊ မုန်လာဥ၊ ဂေါ်ဖီနှင့် ဘရိုကိုလီခေါ်တဲ့ ပန်းဂေါ်ဖီအစိမ်းများများစားသုံးတဲ့ အမျိုးသမီးတွေမှာ နှလုံးရောဂါနှင့်ကင်ဆာရောဂါဖြစ်မှုက ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Tennessee ပြည်နယ် Nashuille က Vanderbilt Medical Centre က လေ့လာချက်တစ်ခုမှာ ဖော်ပြထားတာပါ။ သူတို့ဟာ တရုတ်အမျိုးသမီး ၁၀၀၀ ကျော်ကို သုတေသနပြုလုပ်ပြီး ဒီတွေ့ရှိချက်ကိုဖော်ပြခဲ့ကြတာပါ။ သူတို့အဆိုအရ နှလုံးရောဂါနှင့်ကင်ဆာရောဂါဟာ ရောင်ရမ်းခြင်း၊ Inflammation ကြောင့်ဖြစ်ရပြီး ဒီအသီးအနှံ၊ အစားအစာတွေမှာ Anti Inflammatory အာနိသင်ပါဝင်နေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီအမျိုးသမီး ၁၀၀၀ ခန့်ကို ဒီဟင်းသီးဟင်းရွက်အချိုးအဆအမျိုးမျိုးကို အုပ်စုငါးစုခွဲကျွေးပြီး စမ်းသပ်ကြည့်တဲ့အခါ အများဆုံးအချိုးအဆပါတဲ့အစာစားသူအုပ်စုထဲက အမျိုးသမီးတွေရဲ့သွေးထဲက ကင်ဆာရောဂါ၊ နှလုံးရောဂါတွေကိုဖြစ်စေနိုင်တဲ့ Anti Inflammatory Molecute တွေဖြစ်တဲ့ Tumor Necrosis Factor-Alpha (TNF-"), Interleukin 1 Beta (IL-1 $) နှင့် Interleukin 6 (IL 6) တို့ဟာ အနည်းဆုံးဖြစ်နေတာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီအသီးအနှံတွေကို အမျိုးသမီးတွေများများစားသုံးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

### ဆေးအာနိသင်သက်ရောက်ရေး

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Austria နိုင်ငံ ဗီယင်နာမြို့မှာပြုလုပ်တဲ့ ဆေးကုမ္ပဏီတွေရဲ့ ဆေးပညာရှင်တွေရဲ့ ဆေးထုတ်လုပ်မှုနဲ့ပတ်သက်တဲ့ဆွေးနွေးပွဲသတင်းတစ်ပုဒ်ကိုလည်းတင်ပြချင်ပါတယ်။ ဒီအစည်းအဝေးကတော့Euro Meating of Drug Information Association ကပြုလုပ်တဲ့ နှစ်ပတ်လည် ညီလာခံပါ။ ဒီညီလာခံကို ဆေးပညာရှင်၊ ဆေးဝါးကျွမ်းကျင်သူတွေနဲ့ ထုတ်လုပ်သူပေါင်း ၂၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီညီလာခံရဲ့ ယခုနှစ် အဓိကဆွေးနွေးချက်တွေကတော့ ယခင်နှစ်တွေကလို သမားရိုးကျဆေးဝါးထုတ်လုပ်မှုတွေအတွက်မဟုတ်ဘဲ (၁)ဆေးတစ်ခုကို ကိုယ်လိုချင်တဲ့အချိန်မှာ အာနိသင်ပိုရှိနိုင်အောင် ထုတ်လုပ်ရေး၊ (၂)ဆေးတစ်ခုကို သောက်လိုက်ပြီဆိုရင် အဲဒီဆေးတကယ်လိုအပ်တဲ့နေရာမှာသာ အာနိသင်သက်ရောက်စေရေး (Targeted Therapy) တို့ပဲဖြစ်ပါတယ်။ ဥပမာ-နှလုံးရောဂါ Attack ရသူတွေဟာ အများအားဖြင့် နံနက်အရုဏ်မတက်မီ နံနက် ၄ နာရီ မှ ၅ နာရီလောက်မှာဖြစ်တတ်တာမို့ နှလုံးရောဂါဆေးဝါးတချို့ကို ဖော်စပ်ရာမှာ ညအိပ်ရာဝင်သောက်လိုက်တဲ့ဆေးဟာ နံနက်စောစောမှာ အာနိသင်မကုန်သွားဘဲ အကျိုးသက်ရောက်မှုရှိစေဖို့ဖြစ်ပါတယ်။ နောက်တစ်မျိုးကလည်း အစာအိမ်လမ်းကြောင်းက အူသိမ်အူမ (Intestine) မှာ ဖြစ်တတ်တဲ့ရောဂါအတွက် သောက်ဆေးဖော်ရာမှာလည်း အစာအိမ်ထဲကို သောက်ချလိုက်တဲ့ဆေးတစ်ခုဟာ တခြားနေရာမှာ အာနိသင်မပြဘဲ အူသိမ်အူမကိုရောက်မှ အာနိသင်ပြနိုင်အောင် ဖော်စပ်ကြဖို့ အဓိကဆွေးနွေးခဲ့ကြပါတယ်။ ဆေးပညာရှင်တွေရဲ့ အားထုတ်မှုကို သတင်းတစ်ခုအဖြစ် တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။




❀ ရှေ့ဖုံးမှ

ဇေယျဝတီမှ ရေတာရှည် ၄၈ မိုင်၊ အေးရှားဝေါလ်ကုမ္ပဏီက ရေတာရှည်-ပျဉ်းမနား- ရမည်းသင်း ၉၅ မိုင် နှစ်ဖာလုံ၊ ယုဇနဆောက်လုပ်ရေးက ရမည်းသင်းမှ မိတ္ထီလာ ၄၈ မိုင်နှင့် သော်တာဝင်းဆောက်လုပ်ရေးက မိတ္ထီလာမှ မန္တလေး ၈၇ မိုင်တို့ ဖြစ်သည်။

ထိုသို့ အထက်အောက်ကုန်စည်စီးဆင်းမှု မြန်ဆန်စေသည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လေးလမ်းသွား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု သတင်းများကို ကျွန်တော်တို့အဖွဲ့သည် ထောက်ကြန့်-ပဲခူးအပိုင်းနှင့် ပဲခူး-ညောင်လေးပင် အပိုင်းတို့ကို တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းခွင်များသို့ သွားရောက်၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းကာ သတင်းအဖြစ် ရေးသားတင်ပြခဲ့ပြီးနောက် ဇူလိုင် ၂၂ ရက်က ဇေယျဝတီ - ရေတာရှည်အပိုင်းကို တာဝန်ယူအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသော ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများရှိရာ အုတ်တွင်းမြို့နယ် ဟင်းငုတ်ပင်စခန်းသို့ သွားရောက်ခဲ့သည်။

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး အုတ်တွင်းမြို့နယ် ဟင်းငုတ်ပင်ရုံး၌ ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းဇော်အေး၊ အထွေထွေမန်နေဂျာ ဦးဝင်းတင်နှင့် အမှုဆောင်အင်ဂျင်နီယာ ဦးအောင်ဇော်ဝင်းတို့ကိုတွေ့ရသည်။ ၎င်းတို့က တောင်ငူမြို့အတွင်း လေးလမ်းသွားလမ်းချဲ့ခြင်းလုပ်ငန်းခွင်နှင့် အုတ်တွင်းမြို့နယ်အတွင်း ၂၂ ပေလမ်း၏ ဝဲယာတို့တွင် စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်တင်နေမှုလုပ်ငန်းများကို ကျွန်တော်တို့အဖွဲ့အား လိုက်လံပြသ ရှင်းပြကြသည်။

ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများ ကုမ္ပဏီသည် ရန်ကုန်-ပဲခူး -မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ ဇေယျဝတီ- ရေတာရှည် ၄၈ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၈-၅-၂၀၀၁ ရက်နေ့တွင် BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၄-၁-၂၀၀၂ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့သဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်ဆိုသည်။ လွှဲပြောင်းလက်ခံခဲ့စဉ်က အဆိုပါလမ်းပိုင်း ၄၈ မိုင်မှာ ပေ ၂၀ အကျယ်ရှိသည့်လမ်းက ၃၈ မိုင် ငါးဖာလုံ၊ ၂၁ ပေအကျယ်ရှိသည့် လမ်းပိုင်းက ခြောက်မိုင်နှစ်ဖာလုံ၊ ၂၂ ပေအကျယ်ရှိသည့် လမ်းပိုင်းက လေးဖာလုံပါရှိခဲ့ရာ အဆိုပါကွဲပြားစွာပါလာသည့် လမ်းအကျယ်များကို ၂၄ ပေအထိချဲ့၍ ကတ္တရာများခင်းခဲ့သလို တံတားပေါင်း ၈၉ စင်းကို ပြန်လည်ပြင်ဆင်ခြင်း၊ တံတားအမှတ် ၁/၁၇၆ A နှင့် ၁/၁၇၂ တို့ကို အသစ်တည်ဆောက်ခဲ့ခြင်းများဆောင်ရွက်ခဲ့ပြီး ရန်ကုန်-မန္တလေးအဝေးပြေးလမ်းပေါ် ဇေယျဝတီ-ရေတာရှည် (၄၈)မိုင်အတွင်းရှိ တံတားပေါင်း ၉၁ စင်းကိုလည်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

ထို့အပြင် ယခုအခါ ဇေယျဝတီ၊ ကျွဲပွဲ၊ အုတ်တွင်း၊ တောင်ငူ၊ ရေတာရှည်မြို့တွင်းလမ်းများကို ၄၈ ပေ အထိ အဆင့်မြှင့်တင်ချဲ့ထားပြီးဖြစ်သလို ၄၈ ပေ ကျောက်ချောလမ်းတစ်မိုင် လေးဖာလုံ၊ ကတ္တရာလမ်းခုနစ်မိုင်၊ နိုင်လွန်ကတ္တရာလမ်း သုံးမိုင် နှစ်ဖာလုံတို့ဆောင်ရွက်ထားသလို လမ်းပေါ်မှတံတား ၁၈ စင်းကိုလည်း ၄၈ ပေထိချဲ့ထားပြီးပြီဟုသိရပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ၁၂ ပေလေးလမ်းသွား ၄၈ ပေကို ၄၈ မိုင်စလုံး မြေသားတာပေါင်များပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄၈ မိုင် လေးလမ်းသွားတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်း ပြည်သူ့ဆောက်လုပ်ရေးက ညွှန်ကြားချက်အတိုင်း ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အတွင်း ပြီးစီးသွားအောင် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

✳ ရှေ့ဖုံးမှ

ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း မိုဘိုင်းဖုန်း အသုံးပြုမှုများ လျင်မြန်စွာ တိုးမြင့်လာမည့်အနေအထားတွင်ရှိသည်။ မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် အော်ရီဒူးကုမ္ပဏီက ဆင်းကတ်များကို ဩဂုတ်လတွင် စတင်ရောင်းချရန် စီစဉ်နေပြီး တယ်လီနောကုမ္ပဏီကလည်း လာမည့် စက်တင်ဘာလတွင် ဆင်းကတ်များကို စတင်ရောင်းချရန် စီစဉ်ထားသည်။

ထိုသို့ ဆင်းကတ်များ ရောင်းချရာတွင် ဖုန်းခေါ်ဆိုခများ လျှော့ချမှုနှင့် အင်တာနက်တစ်ပါတည်း အသုံးပြုနိုင်မှုများကိုလည်း ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

(မြန်မာ့အလင်း)

**လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု**

## လွှတ်တော်ရေးရာကဏ္ဍ

### ● ပြည်သူ့လွှတ်တော်မှ

ဝန်ကြီးဌာနသို့ တင်ပြလာပါက ရှေးဦးစွာ ချေးငွေရယူမည့် နိုင်ငံ/အဖွဲ့အစည်းများ၏ ချေးငွေဆိုင်ရာ အချက်အလက်များနှင့် ချေးငွေရယူနိုင်မှုအခြေအနေကို အပြန်ပြန် အလှန်လှန် ဆွေးနွေးညှိနှိုင်းရပါကြောင်း။

ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းကို စိစစ်ရာတွင် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနမှ စီမံကိန်းများ၏ အရေးပါမှု၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းကဏ္ဍများတွင် ပါဝင်ခြင်းရှိ/မရှိ၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း အကျိုးကျေးဇူးနှင့် စရိတ်နှိုင်းယှဉ်မှုဆိုင်ရာ လေ့လာဆန်းစစ်မှုများနှင့် ချေးငွေများပြန်လည်ပေးဆပ်ရန် အစီအစဉ်တို့ကို စိစစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းများဖြစ်ပါက သက်ဆိုင်ရာ ဒေသ/ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆန်းစစ်ခြင်းနှင့် လူမှုရေးအပေါ် သက်ရောက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း။

ထိုသို့စိစစ်မှုများပြုလုပ်ပြီးစီးပါက ချေးငွေရယူရေးကိစ္စကို နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီသို့ တင်ပြရပါကြောင်း၊ လုပ်ငန်းကော်မတီမှ စိစစ်၍ ခွင့်ပြုချက်ရရှိပါက နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်ရယူပါကြောင်း၊ ဗဟိုကော်မတီမှ သဘောတူခွင့်ပြုပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက် တင်ပြ၍ ခွင့်ပြုချက်ရယူနိုင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါချေးငွေသည် သက်သာသောချေးငွေ/သက်သာမှုမရှိသောချေးငွေ စသည်တို့ကို ဆန်းစစ်ခြင်း၊ နိုင်ငံတော်က ပြည်ပချေးငွေ ရယူထားရှိသည့် အခြေအနေ၊ နိုင်ငံတော်၏ ကြွေးမြီခံနိုင်ရည်ရှိမှု အခြေအနေ စသည်တို့ကို လေ့လာသုံးသပ်ပြီးနောက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန်အတွက် နိုင်ငံတော်သမ္မတသို့ တင်ပြပါကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့၍ အကြောင်းကြားရပါကြောင်း။

ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ ချေးငွေစာချုပ်ညှိနှိုင်းခြင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနကဦးစီး၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် သက်ဆိုင်ရာစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ချေးငွေသုံးစွဲမည့် ဌာန/အဖွဲ့အစည်းတို့ပါဝင်သော ချေးငွေစာချုပ်ညှိနှိုင်းရေးကော်မတီနှင့် ချေးငွေပေးမည့် နိုင်ငံ/အဖွဲ့အစည်းတို့ အကြား အသေးစိတ်ညှိနှိုင်းဆောင်ရွက်ပါကြောင်း။

ချေးငွေစာချုပ်အား နှစ်ဦးနှစ်ဖက် လက်ခံအတည်ပြုပြီးပါက လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ရရှိပါက ချေးငွေစာချုပ်အား လက်မှတ်ရေးထိုး၍ ဆက်လက်ဆောင်ရွက်ပါကြောင်း။



မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းစဉ်။
(သတင်းစဉ်)

မိမိတို့နိုင်ငံတွင် ပြည်ပချေးငွေရယူနိုင်ရန် ဤသို့ အဆင့်ဆင့်ဆောင်ရွက်ရသည့်နည်းတူ ချေးငွေပေးမည့် နိုင်ငံ/အဖွဲ့အစည်းတွင်လည်း အစိုးရချေးငွေဖြစ်ပါက ဤသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ရသည်ဟု သိရှိရပါကြောင်း၊ မိမိတို့လွှတ်တော်က အတည်ပြုမှ ချေးယူနိုင်သကဲ့သို့ ၎င်းတို့လွှတ်တော်က အတည်ပြုမှသာထုတ်ချေးနိုင်ပါကြောင်း၊ အစိုးရချေးငွေမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ IFC၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့) တို့၏ ချေးငွေတွင်လည်း ယင်းသို့ လုပ်ငန်းစဉ်များကိုဆောင်ရွက်၍ ၎င်းတို့၏ အမှုဆောင်ဘုတ်အဖွဲ့သို့ အဆင့်ဆင့်တင်ပြပြီး ဘုတ်အဖွဲ့က အတည်ပြုမှသာ ထုတ်ချေးနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **"အသက် (၆၀) အစား (၆၃) နှစ်ပြည့်မှသာ သက်ပြည့်ပင်စင်သတ်မှတ်မည်မှာ မှန်ကန်မှု ရှိ/မရှိသိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ နည်းဥပဒေ ၂၃၀ ၌ "ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် နေ့ရက်သည် ယင်းဝန်ထမ်း အသက် (၆၀)နှစ်ပြည့်သည့် နေ့ရက်ဖြစ်သည်"ဟူ၍ အတိအကျဖော်ပြထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအရ လောလောဆယ်တွင် ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် အသက် (၆၀)နှစ်ပြည့်လျှင် သက်ပြည့်ပင်စင်ခံစားခွင့်ရှိမည် ဖြစ်ပါကြောင်းနှင့် သက်ပြည့်ပင်စင် ခံစားခွင့်ရှိသည့် ဝန်ထမ်း၏အသက်ကို (၆၀) ပြည့်ဟု သတ်မှတ်ခဲ့ရာမှ သုံးနှစ်တိုးပြီး အသက် ၆၃ နှစ်ပြည့်မှသာ သက်ပြည့်



မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး မေးမြန်းစဉ်။
(သတင်းစဉ်)

ပင်စင်သတ်မှတ်မည်ဆိုသည့် သတင်းစကားများသည် မှန်ကန်မှုမရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၏ **"ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၏ လုပ်ငန်းစစ်ဆေးကြပ်မတ်ခြင်းကို မည်သည့်ဝန်ကြီးဌာနအဖွဲ့အစည်းက ကွင်းဆင်းစစ်ဆေး အစီရင်ခံတင်ပြခြင်းကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က နိုင်ငံတော်စီမံကိန်းများအား ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရှိ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသည် လုပ်ငန်းစီမံကိန်းများ၏ ဖြစ်မြောက်နိုင်နှုန်း စိစစ်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု၊ တိုးတက်မှုအခြေအနေစိစစ်ခြင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ် ကွင်းဆင်းစိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းလုပ်ငန်းများ၏တိုးတက်မှုကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ အဖွဲ့များဖွဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ လေးလတစ်ကြိမ် ကွင်းဆင်းစစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီက တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ခွင့်ပြုမိန့်များ ချမှတ်ပေးနိုင်ရန် ခန့်မှန်းခြေစာရင်းများ စိစစ်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး လုပ်ငန်းကော်မတီမှ စိစစ်ပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

### ❇ အမျိုးသားလွှတ်တော်မှ

မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းရာ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဒုတိယဝန်ကြီးက အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်စောင့်ရှောက်ရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိတပ်ဖွဲ့ဝင်များ စွမ်းရည်မြင့်မားရေးအတွက် စစ်နည်းဗျူဟာကျွမ်းကျင်မှု(တပ်ခွဲ)အဆင့် သင်တန်း၊ လက်နက်ငယ် ကျွမ်းကျင်မှုသင်တန်း၊ စစ်မြေပြင်အခြေခံကျွမ်းကျင်မှုသင်တန်း၊ အဓိကရုဏ်း နှိမ်နင်းရေးမွမ်းမံသင်တန်း၊ Inflatable Boat Basic Training သင်တန်း၊ အလုပ်ခွင်မပျက်လုပ်ငန်းခွင်သင်တန်း၊ EU မှပို့ချသည့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းနည်း ဆင့်ပွားသင်တန်းများအား စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့်စပ်လျဉ်း၍ တပ်မတော်(ကြည်း) နယ်မြေခံတပ်များဖြင့် နိုင်ငံတော်ကာကွယ်ရေးခံစစ်စခန်းများ အဆင့်ဆင့်ထားရှိခြင်း၊ တပ်မတော်(ရေ) နယ်မြေခံရေတပ်များဖြင့် အခြေခံမျဉ်း၊ သီးသန့်စီးပွားရေးဇုန်နှင့် နယ်နိမိတ်မျဉ်းတစ်လျှောက် ကာကွယ်ရေးနှင့် လုံခြုံရေးစနစ်များ ထားရှိပြီး တပ်မတော် (လေ) နယ်မြေခံ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့နှင့် ပေါင်းစပ်၍ Air Defence System စသည်တို့ကို ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် နယ်မြေ ၁၁ ခုပိုင်းခြားပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ) နှင့် အကောက်အခွန် ဦးစီးဌာနတို့ ပူးပေါင်း၍ နယ်စပ်ဒေသနှင့် နယ်မြေလုံခြုံရေးအား ဖြန့်ခွဲတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မောင်တောခရိုင်နှင့် ဘူးသီးတောင်မြို့နယ်များတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ရာ၌ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ မိမိနှင့်မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် လုံခြုံရေးယူမည့် အစီအစဉ်အား စတင်ကျင့်သုံး



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။
(သတင်းစဉ်)

နိုင်ရေးအတွက် ကွပ်ကဲမှုနယ်မြေ ၁၀ ခုရှိ ကျေးရွာအုပ်စု ၂၈ အုပ်စုတွင် ပြည်သူ့စစ်များဖွဲ့စည်း၍ စီမံလေ့ကျင့်တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း။

နယ်စပ်ဒေသ တရားမဝင် ဝင်/ထွက်မှု မရှိစေရေးနှင့် အခြားလုံခြုံရေးကျိုးပေါက်မှု အန္တရာယ်များမှ ကာကွယ်နိုင်ရန်အတွက် အနောက်ဘက်နှစ်နိုင်ငံထိစပ်နယ်နိမိတ် မှတ်တိုင်အမှတ်(၂)မှ အမှတ် ၆၆ အထိ ခြံစည်းရိုးကာရံထားရှိပြီး ဖြစ်ပါကြောင်း၊ ကျန်နယ်နိမိတ်မှတ်တိုင်အမှတ်(၆၆)မှ မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံဆုံရာ မြန်မာ-အိန္ဒိယ နယ်နိမိတ် မှတ်တိုင်အမှတ်(၁) အထိ ၅၃ ဒသမ ၉၁ မိုင်အား ခြံစည်းရိုး ဆက်လက်ကာရံသွားရန် ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ငဖဲမြို့နယ်အတွင်း တရုတ်-မြန်မာ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေးပေးအပ်ရမည့်အစား မြေဧကပေါ်မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော်မှန်ကန်မှု ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပိုက်လိုင်းအတွက် အကျယ်မီတာ ၃၀ အတွင်းရှိ အပင်များအား လုပ်ငန်းမစတင်မီ ရေတွက်ပြီး မြေယာသီးနှံလျော်ကြေး တွက်ချက်ပေးလျော်ခဲ့ပါကြောင်း၊ အမြဲသိမ်းယူသည့် မြေနေရာများအတွက် သက်ဆိုင်ရာဒေသရှိ ကာလပေါက်ဈေးသီးနှံတန်ဖိုး(၅)ဆနှင့် မြေတန်ဖိုးကိုလည်းကောင်း၊ ယာယီအသုံးပြုသည့် မြေယာများအတွက် သက်ဆိုင်ရာဒေသရှိ ကာလပေါက်ဈေးသီးနှံ တန်ဖိုးသုံးဆကိုလည်းကောင်း ပေးလျော်ခဲ့ပါကြောင်း၊ ပိုက်လိုင်းလမ်းကြောင်းအကျယ် မီတာ ၃၀အပြင်ဘက် ထိခိုက်မှုများအတွက် သက်ဆိုင်ရာဒေသရှိ သီးနှံများ၏ ကာလပေါက်ဈေးဖြင့် ပေးလျော်ခြင်းနှင့် ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ငဖဲမြို့နယ်အတွင်း မြေယာဈေးနှုန်းမှာ အပင်စိုက်ပျိုးထားခြင်း မရှိသည့် ကျောက်ကုန်းမြေမှာ တစ်ဧကလျှင် ကျပ်သုံးသိန်း၊ အပင်စိုက်ပျိုးထားခြင်းမရှိသည့် ကောင်းမွန်သည့်မြေမှာ တစ်ဧကကျပ် ၁၀ သိန်း၊ အပင်များကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်းသည့် စီးပွားဖြစ်ခြံမြေမှာ တစ်ဧကကျပ်သိန်း ၄၀ ဖြစ်ပြီး မြေများလုံးဝသိမ်းယူမည် မဟုတ်သဖြင့် မြေစာကျ၍ ပျက်စီးသီးနှံများအတွက် ထောက်ပံ့ကြေးပေးနိုင်ရန်အတွက် ဒေသခံမြေအရောင်းအဝယ်ပေါက်ဈေး တစ်ဧက ကျပ် ၃၉ ဒသမ ၉၃ သိန်းဖြင့် ထောက်ပံ့ကြေးပေးရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

မြေစာများပိ၍ ပျက်စီးသွားသော အပင်များအတွက် မြေစာအောက်ရှိ အပင်များအား ရေတွက်၍မရနိုင်ခြင်း၊ မြေကို အပြီးအပိုင် သိမ်းယူမည် မဟုတ်ခြင်း၊ သစ်တောကြိုးဝိုင်းနယ်မြေအတွင်း ကျရောက်နေခြင်းတို့ကြောင့် အပင်လျော်ကြေးပေးအပ်ရမည့်အစား ဒေသတွင် အရောင်းအဝယ်ဖြစ်နေသည့် စီးပွားဖြစ်ခြံမြေ တစ်ဧက ပေါက်ဈေးနှုန်းပေါ် မူတည်၍



ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြေကြားစဉ်။
(သတင်းစဉ်)

ထောက်ပံ့ပေးခြင်းသည် သင့်လျော်မှုရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"တိုင်းဒေသကြီးနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာညွှန်ကြားချက်အရ ဘဏ္ဍာနှစ်အတွင်း ပိုလျှံငွေကို ဆက်လက်သယ်ဆောင်ခွင့်မရှိဘဲ ငွေကြေးလိုအပ်ချက်ရှိပါက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (SEE) နှင့်တန်းတူ ဗဟိုဘဏ်မှ အတိုးနှင့်ချေးရသည့်စနစ်သည် ဖြစ်သင့်၊ မသင့်၊ အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသော အခွန်အခများကို သက်ဆိုင်ရာမြို့နယ်၌ အပြည့်အဝအသုံးချဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရန်နှင့် စည်ပင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဝန်ကြီးဌာန၊ ဦးစီးဌာန မရှိတော့၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရာထူးတိုးခွင့်၊ တိုင်းကျော်ပြောင်းရွှေ့ခွင့် အခွင့်အလမ်းများ ကျပ်တည်းသွား၍ မည်သို့ စဉ်းစားဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က ယခုအစိုးရသစ်လက်ထက်တွင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိပြီး မြို့နယ်အလိုက် ကောက်ခံရရှိသည့်ငွေကို တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းကာ မြို့နယ်များ၏ ကောက်ခံရရှိငွေအတိုင်း သက်ဆိုင်ရာ အစိုးရအဖွဲ့များမှ သုံးစွဲခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း ပိုငွေကောက်ခံရရှိငွေရှိပါက ဖြည့်စွက်အသုံးစရိတ်များ တင်ပြတောင်းခံခဲ့သဖြင့် ထပ်မံကျန်ငွေများသည် ဘဏ္ဍာရေးနှစ် ဘဏ်လက်ကျန်အဖြစ် စာရင်းရှင်များတွင်ကျန်ရှိပြီး နောင်နှစ်ဘဏ္ဍာရေးနှစ်၏ လိုအပ်အသုံးစရိတ်ကို ဘဏ်လက်ကျန်ငွေမှ ဖြည့်စွက်ရန်ပုံငွေသုံးစွဲခွင့် တင်ပြ၍ စည်ပင်သာယာရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် သုံးစွဲဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း။

စည်ပင်သာယာရေးအဖွဲ့များသည် (SEE)အဖွဲ့များနည်းတူ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော အဖွဲ့အစည်းများဖြစ်သဖြင့် အတိုးနှုန်းအား တစ်ပြေးညီ သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာအခက်အခဲများ မရှိစေရေးအတွက် ရာထူးတိုးမြှင့်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးမှ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ လိုအပ်သည့်ကိစ္စရပ်များ၌ ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ခြား ဝန်ထမ်းများ ပြောင်းရွှေ့ခွင့်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့အချင်းချင်း ညှိနှိုင်းပြောင်းရွှေ့ပေးလျက် ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **ယှဉ်ပြိုင်မှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းရာ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ယင်းဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးဖိုးဇော်၏ **"ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော "မြစိမ်းရောင်" စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရှင်းလင်းသည်။

အဆိုရှင် ဦးဖိုးဇော်က ဒုတိယဝန်ကြီး၏ ရှင်းလင်းချက်အပေါ် မူတည်၍ မူလအဆိုအစား **"ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော "မြစိမ်းရောင်" စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို လာမည့်နှစ်များတွင် မျှတညီညွတ်စွာရရှိနိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုအဖြစ် ပြန်လည်ပြင်ဆင်ခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်းဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီတို့ သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။**



**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

ထို့ပြင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် လည်းကောင်း သွားရောက်တွေ့ဆုံခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့်လည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေးနှင့် စီးပွားရေး အကြံပေးပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့် လည်းကောင်း၊ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် လည်းကောင်း၊ ညနေ ၆ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့်လည်းကောင်း သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးနေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ပြည်သူ့လွှတ်တော်မှ

ထို့အတူ တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ ခရိုင်နှင့် မြို့နယ်ဒေသ စာရင်းစစ်ရုံးများကလည်း ဘဏ္ဍာရေးနှစ်အလိုက် တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေး၍ ပြုပြင်ဆောင်ရွက်ပေးမှု၊ တည့်မတ်ပေးမှု၊ စာရင်းစစ် ကန့်ကွက်ချက်ပြုလုပ်မှုတို့ကို သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှု စိစစ်ကြပ်မတ်သည့်နေရာတွင် သတ်သတ်မှတ်မှတ်တာဝန်ပေးအပ်ပြီး ဆောင်ရွက်နေသည့် အဖွဲ့အစည်းသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရှိ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **“ပြည်သူလူထုနှင့်ဆက်ဆံနေရသော ဝန်ကြီးဌာနနှင့် ဦးစီးဌာနများသည် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ပြည်သူများ အလွယ်တကူ သိရှိနိုင်ရန်အတွက် Website များလွှင့်တင်ထားမှုအခြေအနေကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၁၀ ခုမှ Website ၁၀ခု လွှင့်တင်ထားပြီး မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် Website ခြောက်ခု၊ မြန်မာတစ်ဘာသာတည်းဖြင့် Website လေးခုရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန ၃၆ ခုအနက် သမ္မတရုံးဝန်ကြီးဌာန ခြောက်ခုသည် သီးခြား Website လွှင့်တင်ထားခြင်းမရှိဘဲ နိုင်ငံတော်သမ္မတရုံး Website တွင် လွှင့်တင်ထားပါကြောင်း၊ ကျန်ပြည်ထောင်စုဝန်ကြီးဌာန ၃၀ က Website ၃၁ ခုလွှင့်တင်ထားပြီး မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် Website ၂၃ ခု၊ မြန်မာတစ်ဘာသာတည်းဖြင့် Website လေးခုနှင့် အင်္ဂလိပ်တစ်ဘာသာတည်းဖြင့် Website လေးခုရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်က **“မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပမည့် စနစ်တစ်ခုကို ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူများသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော **“၂၀၁၃ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်၏ သဘောထားကို ရယူ၍အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော **“အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ခြောက်ချက်အနက် နှစ်ချက်ကို လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်လေးချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **“အမျိုးသားပညာရေးဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၄၈)ချက်ကို လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်း အဖြစ် ဆုံးဖြတ်ခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် (၆၉) ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## ဘီးတပ်ကုလားထိုင်အစီး ၁၈၀ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီခွဲက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အမေရိကန်နိုင်ငံအခြေစိုက် Latter Day Saint Charities (LDSC) နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (CDA)တို့က ဘီးတပ်ကုလားထိုင် Wheel Chair အစီး ၁၈၀ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ Country Director Mr.Larry Fredrick Sippel က ဘီးတပ်ကုလားထိုင်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ထံ ဘီးတပ်ကုလားထိုင်များနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ထွန်းမြင့်ခေါင်းဆောင်သည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး အထောက်အကူပြုအဖွဲ့ဝင် ၁၈၀၊ ရတနာပုံတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာတင်ထွန်းအောင် ခေါင်းဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၄၀ နှင့် ဒဂုံတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ပါမောက္ခ ဒေါက်တာမင်းသောင်ခေါင်းဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၅ ဦး စုစုပေါင်း ၄၇၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတင်းထောက်များ မွမ်းမံသင်တန်းဖွင့်မည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများတွင် သတင်းရေးသားနေကြသော သတင်းထောက်များ လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် သတင်းထောက်များ မွမ်းမံသင်တန်းကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ သတင်းထောက်များအတွက် ဩဂုတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် မော်လမြိုင်မြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သတင်းထောက်များအတွက် ဩဂုတ် ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း ပြုလုပ်မည်ဖြစ်ရာ တက်ရောက်လိုသော သတင်းထောက်များ ဖုန်း-၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၂၄ နှင့် ၀၁-၂၉၂၈၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

# နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားသံတမန်အဖွဲ့ အစည်းများနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားသံတမန်အဖွဲ့ အစည်းများနှင့်တွေ့ဆုံပွဲကို ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရန်ကုန်အခြေစိုက် နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ အသိပေးရှင်းလင်းပြောကြားခြင်းများကို အခါအားလျော်စွာ အသိပေးရှင်းလင်းပြောကြားလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရတစ်ရပ်အဖြစ် အကောင်အထည် ဖော်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုများရှိသကဲ့သို့ အောင်မြင်မှုများလည်း တွေ့မြင်ရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးပြီးနောက် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟူသော မဏ္ဍိုင်(၄)ရပ်တွင် ပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရ၍ လုပ်ဆောင်ရန် အခန်းကဏ္ဍများ များပြားပါကြောင်း၊ တစ်ပြိုင်တည်းမှာ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်ဖြစ်အောင် ဆောင်ရွက်ရာတွင် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်များအပါအဝင် အဂတိလိုက်စားမှု ပပျောက်ရေး စသည့်ကဏ္ဍများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံအား တာဝန်သိ၊ တာဝန်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အသင့်အတင့်ဖွံ့ဖြိုးတိုးတက်လာသည်ကို ထင်ရှားစွာတွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတကာမှ အတွေ့



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံခြား သံတမန်အဖွဲ့အစည်းများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အကြုံဗဟုသုတများ မျှဝေခြင်းဖြင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအား EITI အဖွဲ့ဝင်နိုင်ငံအဖြစ် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မှုသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် တိုးတက်ဆောင်ရွက်နိုင်မှု၏ ပြယုဂ်ဖြစ်ပါကြောင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကူညီပေးသော နိုင်ငံတကာအဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင်တိုးတက်လာစပြုပြီဖြစ်ကြောင်း၊ အဂတိလိုက်စားမှု ပပျောက်ရေး ဆောင်ရွက်နိုင်မှုတွင် နိုင်ငံတကာစစ်တမ်းများအရ တစ်နှစ်အတွင်း အဆင့် ၁၅ ဆင့် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမှသာ အခြားကဏ္ဍအသီးသီးလည်း လိုက်လျောညီထွေစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အတူ အနာဂတ်တွင် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အဓိကမဏ္ဍိုင်ပြုရမည်ဟု နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားရှိခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်ပိုမိုဖြစ်ထွန်းစေရန် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို လေ့ကျင့်ရင်း တစ်ဖက်မှလည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေရသောကြောင့် လိုအပ်ချက်များရှိပါက နားလည်ပေးစေလိုကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းသို့ မဖြစ်မနေ အောင်မြင်စွာ ဆက်လက်လျှောက်လှမ်းရန် သန္နိဋ္ဌာန်ချထားပြီး တွေ့ကြုံရလေ့ရှိသော အခက်အခဲစိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် တရားရေးမဏ္ဍိုင်တို့ အနေဖြင့် ကိုယ့်တာဝန်နှင့်ကိုယ် အသီးသီးခွဲခြား၍ လွတ်လပ်စွာ တာဝန်ယူဆောင်ရွက်နေကြပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကဏ္ဍ(၄)ရပ်အပေါ် ဝန်ကြီးဌာနများမှ ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြလိုပါကြောင်း၊ နောင်တွင်လည်း ဝန်ကြီးဌာနများနှင့် ပုံမှန်တွေ့ဆုံနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်၍ အချိန်ကန့်သတ်ချက်အရ မိမိတို့ဝန်ကြီးဌာန၏ နိုင်ငံတော်မူဝါဒအပေါ် ပံ့ပိုးဖော်ဆောင်နေမှုအချို့ကိုသာ ဦးစွာရှင်းပြလိုပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ပြည်ဝင်မှုလုပ်ငန်း၊ နိုင်ငံသားဖြစ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်း၊ ပြည်သူ့အင်အားကောက်ယူထိန်းသိမ်းခြင်း လုပ်ငန်းဟူသည့် လုပ်ငန်းတာဝန်(၃)ရပ်ချမှတ်ဆောင်ရွက်နေပါကြောင်း၊ အဆိုပါလုပ်ငန်းများအနက် ပထမဦးစွာ ပြည်ဝင်မှုလုပ်ငန်းတွင် ဆိုက်ရောက်ဗီဇာ (Visa on Arrival) စနစ်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ၄င်းလုပ်ငန်းနှင့် ဆက်စပ်ပြီး (D Form Departure Form)အား ဖျက်သိမ်းခြင်း၊ အမည်မည်းစာရင်းဝင်အင်အား ၆၀၀၀ ကျော်အား ပယ်ဖျက်ပေးခြင်း စသည့်လုပ်ငန်းများကို အချိန်ယူ ပူးတွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ဝင်ဗီဇာအမျိုးအစားခြောက်မျိုးရှိသည့်အနက် လုပ်ငန်းဗီဇာ (Business Visa) အပါအဝင် သုံးမျိုးကို ၅၁ နိုင်ငံ၌ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ပေးထားပြီးဖြစ်ပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်အဖြစ် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) ကို မကြာမီ Online Visa ခေါ် e-Visa စနစ်ဖြင့် စက်တင်ဘာလ ပထမပတ်အတွင်း စတင်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ ဆက်စပ်လုပ်ငန်းများအဖြစ် ခရီးသည်များ ဝင်/ထွက်မှုလျင်မြန်စေရန် ကြိုတင်စစ်ဆေးနိုင်သောစနစ် (Advance Personger Information System-APIS) ကိုလည်း ပူးတွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၄င်းအပြင် တတိယလုပ်ငန်းအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် ကွဲကွာနေသော မြန်မာနိုင်ငံသားဟောင်းများကိုပါ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရနိုင်ရန် နိုင်ငံခြားသားများ အမြဲနေထိုင်မှုစနစ် (PR- Permanent Residence System) ကိုလည်း ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ပြီးဆုံးနေပြီဖြစ်၍ မကြာမီ အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း၊ စတုတ္ထလုပ်ငန်းစဉ်အဖြစ် ပြည်ပရောက်နိုင်ငံသားများ ပြန်လည်ခေါ်ယူသည့် Exile Myanmar စနစ်အား မိမိဝန်ကြီးဌာနနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၁၅၉ ဦးလျှောက်ထားသည့်အနက် ၈၅ ဦး စစ်ဆေးအတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအပြင် ပဉ္စမလုပ်ငန်းအဖြစ် မိုးပွင့်စီမံချက်အမည်ဖြင့် One Stop Service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လူဦးရေ ၃၆ သိန်းနီးပါးခန့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခင်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၁ ဆခန့် ပိုမိုများပြားခဲ့ပါကြောင်း၊ ထို့အပြင် ပဋိပက္ခလယ်မြေများအတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းများ အောင်မြင်လာမှု၏ အကျိုးရလဒ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ မြို့နယ် ၄၁ မြို့နယ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မိသားစုဝင်များစွာကို နိုင်ငံသားစိစစ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆဋ္ဌမလုပ်ငန်းအဖြစ် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသည့်လုပ်ငန်းစဉ် ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ နိုင်ငံ ၁၅ နိုင်ငံပါဝင်သော နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB - International Technical Advisory Board) အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးချက်များနှင့် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပညာရှင်များ၊ ပြည်တွင်းပညာရှင်များ ပူးပေါင်း၍ မြေပြင်ကွင်းဆင်းလေ့လာထားသော တရားဝင်တင်ပြချက်များအရ မြေပြင်ကွင်းဆင်း သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအပေါ် အပြည့်အဝထောက်ခံပြီး တွေ့ရှိသုံးသပ်ချက်များမှာ အပြုသဘောဆောင်၍ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော ကိန်းဂဏန်းများရရှိရန် အထောက်အကူပြုပါကြောင်း၊ ယခုတင်ပြခဲ့သည့်အချက်အလက်များမှာ အသွင်ကူးပြောင်းရေးကာလအတွင်း အစိုးရ၏ မဏ္ဍိုင်(၄)ရပ်အပေါ် အထောက်အကူပြုသော ဝန်ကြီးဌာနတစ်ခု၏ ဆောင်ရွက်ချက် အကျဉ်းမျှသာဖြစ်၍ အခြားဝန်ကြီးဌာနများမှလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖြစ်ထွန်းအောင်မြင်မှုများစွာရှိနေခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများနှင့် ပတ်သက်၍ ဒေသခံရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးစုအကြား ၂၀၁၂ ခုနှစ်အတွင်း ပဋိပက္ခနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက်တွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတကိုယ်တိုင်ဦးဆောင်သော ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဆပ်ကော်မတီခြောက်ခုဖြင့် စနစ်တကျစီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ လူဝင်မှုနှင့် နိုင်ငံသားစိစစ်ရေး ဆပ်ကော်မတီကို မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပါကြောင်း၊ အခက်အခဲများကြားမှ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူမျိုးစုများအကြား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာသံတမန်များဖြင့်ပါ ပူးပေါင်းဆောင်ရွက်နေသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်ရှိ မြေပုံမြို့နယ်အား စမ်းသပ်မြို့နယ်အဖြစ် ဘင်္ဂါလီလူမျိုးစုများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှစတင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ၎င်းတို့သဘောဆန္ဒအလျောက် လျှောက်ထားလာသည့် လျှောက်လွှာပေါင်း ၁၀၉၅ စောင်ကို လက်ခံရရှိပြီးဖြစ်၍ အမှုတွဲများ စတင်ဆောင်ရွက်နေပြီဖြစ်ကာ ပြီးစီးသည်နှင့် မြို့နယ်စိစစ်ရေးအဖွဲ့သို့ ပေးပို့ခြင်း၊ တိုင်းနှင့်ပြည်နယ်၊ ရုံးချုပ်နှင့် ဗဟိုအဆင့်သို့ အဆင့်ဆင့်ပေးပို့ကာ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် မဏ္ဍိုင်များအပေါ် ဝန်ကြီးဌာနများမှ စွမ်းအားပြည့် အထောက်အကူပြု ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ယန္တရားကြီးတစ်ခုလုံး ရပ်တန့်ခြင်းမရှိဘဲ ရှေ့ခရီးကိုသာ ဆက်လက်ချီတက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများတက်ရောက်ခဲ့ပြီး နိုင်ငံခြားသတင်းဌာနများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပဋိပက္ခဖြစ်ခြင်း၊ အငြင်းပွားခြင်းနှင့် ပျက်စီးစေခြင်းအကြောင်းတို့မှာ လွယ်ကူလှကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ခြင်း၊ မေတ္တာထားခြင်း၊ နားလည်ခွင့်လွှတ်စာနာခြင်း၊ ညှိနှိုင်းဖြေရှင်းခြင်း၊ သဘောထားကြီးခြင်းတို့မှာ ခက်ခဲပါကြောင်း၊ သို့ရာတွင် ထိုအခက်အခဲများကို ကျော်လွှားဖြတ်သန်းရမှာ ဖြစ်ကြောင်း၊ မိမိတိုင်းပြည်၊ မိမိနိုင်ငံသားနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံးအတွက် စွန့်လွှတ်အနစ်နာခံကာ အတ္တ မာနများ လျှော့ချကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့မြန်မာနိုင်ငံမှာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ညင်သာချောမွေ့စွာ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံးနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ဒီမိုကရေစီဖော်ဆောင်မှုလုပ်ငန်းများအား ပီပြင်အောင်မြင်စွာဖြစ်ပေါ်လာရန် မဆုတ်မနစ်သောစွမ်းအားဖြင့် နောက်မဆုတ်တမ်း ဆက်လက်ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချထားပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးနိုင်ပြီ

ဝေယံ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် တန့်ယန်းမြို့ သည် လားရှိုးမြို့မှ ၈၃ မိုင်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၀၁၆ ပေရှိသော တောင်ပေါ်ဒေသမြို့တစ်မြို့ဖြစ်သည်။ မြို့အတွင်း ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်၊ အိမ်ထောင်စု ၂၀၆၄၅ စု၊ လူဦးရေ ၄၂၂၄၂ ဦး ရှိသည်။ တန့်ယန်းမြို့နယ်အတွင်းတွင် ကျေးရွာအုပ်စု ၄၉ အုပ်စုနှင့် ကျေးရွာပေါင်း ၆၀၁ ရွာရှိသည်။ အများစုမှာ ရှမ်းတိုင်းရင်းသားများနေထိုင်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာနှင့် ရခိုင်လူမျိုးများ ရောနှောနေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုများ စုစည်းနေထိုင်သည်။ အများစုသည် ပြောင်း၊ စပါး၊ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

တန့်ယန်းမြို့ကို ၁၉၅၈ ခုနှစ်တွင် 22 KW Pala Phone မီးစက်နှစ်လုံးဖြင့် ဓာတ်အားစတင်ပေးခဲ့သည်။ တိုးတက်များပြားလာသော လူဦးရေအရ ပိုမိုဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၉၈၁ ခုနှစ်တွင် 120 KW Skoda ဓာတ်အားပေးစက် နှစ်လုံး၊ ၁၉၉၄ ခုနှစ်တွင် 100 KW Cummin မီးစက်တစ်လုံးတို့ဖြင့် လည်ပတ်၍ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၅ မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီထရန်စဖော်မာနှစ်လုံး တည်ဆောက်၍ မီးသုံးသူဦးရေ ၈၁၃ ဦးအား ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် 300 kVA Immesol စက်တစ်လုံး ထပ်မံတိုးချဲ့၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။

နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသော ဒေသများသို့ တိုးချဲ့ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံချက်ဖြင့် နိုင်ငံတော်က နှစ်အလိုက် စီမံကိန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လားရှိုးခရိုင်အတွင်းရှိ တန့်ယန်းမြို့နယ်ကို ဒေသဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီလိုင်း ၃၂ ဒသမ ၅ မိုင်ကို ငွေကျပ် ၁၄၀၅ သန်း၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ ကျပ်၁၄၅၂ သန်း၊ မြို့တွင်း ၁၁ ကေဗွီလိုင်း သုံးမိုင်၊ ၄၀၀ ဗို့လိုင်း နှစ်မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာသုံးလုံး အသစ်တည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၆၁ ဒသမ ၆၅၉ သန်းကို နိုင်ငံတော်ဘတ်ဂျက်မှ အကုန်အကျခံဆောင်ရွက်ပေးခဲ့သည်။ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ခွဲရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ၈-၇-၂၀၁၄ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်၍ တန့်ယန်းမြို့ကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ တန့်ယန်းမြို့ ပတ်ဝန်းကျင်ရှိ ဓာတ်အားမရရှိသေးသော ရပ်ကွက်များသို့လည်း ဓာတ်အားတိုးချဲ့ပေးနိုင်ရေးအတွက် ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ တန့်ယန်းမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားရောက်ရှိနေပြီဖြစ်၍ တန့်ယန်းမြို့နယ်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများအားလုံး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ ။



တန့်ယန်းမြို့နေပြည်သူများအတွက် ဓာတ်အားဖြန့်ဖြူးပေးသည့် ဓာတ်အားပေးစက်ကိုတွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သန်းခေါင်စာရင်းအစီရင်ခံစာ ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ (International Technical Advisory Board-ITAB) စတုတ္ထအကြိမ် အစည်းအဝေးကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ အခမ်းအနားကို ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးဦးဝင်းမြင့်၊ နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆွစ်ဇာလန်နိုင်ငံ UNFPA ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Werner Haug နှင့် နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ ITAB မှ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ UNFPA ဌာနေကိုယ်စားလှယ်နှင့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူခဲ့ရာမှ ရရှိသည့် လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖိုးတန်သည့် အချက်အလက်များဖြစ်ကြောင်း၊ ယခုအခါ ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို OMR စက်များဖြင့် စာရင်းသွင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဩဂုတ်လခန့်တွင် ရှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းနေသကဲ့သို့ ၂၀၁၅ ခုနှစ်မေလ၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သုံးနှစ်တာ ပြင်ဆင်ဆောင်ရွက်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဘက်ဘက်မှ အကြံပေး ပံ့ပိုးကူညီခဲ့ကြသည့် ITAB UNFPA နှင့် အလှူရှင်နိုင်ငံများကို နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိကြောင်းနှင့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးပြီးဆုံး၍ အရည်အသွေးမြင့်မားပြီး နိုင်ငံတကာ စံချိန်စံညွှန်းမီ လူဦးရေကိန်းဂဏန်း အချက်အလက်များ ထုတ်ပြန်နိုင်သည်အထိ ဆက်လက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB)ဒုတိယဥက္ကဋ္ဌ Mr.Werner Haug နှင့် ကုလသမဂ္ဂလူဦးရေအကြောင်းအရာနှင့် လူမှုစာရင်းဇယားဌာနခွဲဥက္ကဋ္ဌ Ms.Keiko Osaki-Tomita တို့က မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နည်းပညာအကြံပေး၍ စောင့်ကြည့်လေ့လာမှုများကို ရှင်းလင်းပြောကြားကြပြီး UNFPA ဌာနေကိုယ်စားလှယ် Ms.Jamet E. Jackson က လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပူးပေါင်းကူညီဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်အာဖရိကနိုင်ငံမှ လူဦးရေပညာရှင် Dr. Nancy Stiegler က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စောင့်ကြည့်လေ့လာသူများအဖွဲ့၏ အစီရင်ခံစာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ဝင်များ၊ UNFPA မှ တာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပေါ် လေ့လာတွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဆက်လက်ဆောင်ရွက်နိုင်ရေး ပြန်လည်ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင် ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာဝတ်မှုန်ကူးမယ်

* ပုလဲသွယ်အပျိုလေးနဲ့
အဖိုလေးတို့ ချစ်ကြိုးသွယ်။
မောင်နှင့်မယ် ချစ်ခရီး
နီးဖို့ ကြံရွယ်။
ဝိုင်းဝန်းလို့ အောင်သွယ်
မောင်မယ်တို့ ရှေ့ရေး။
* သုံးရာသီ တစ်နှစ်လုံး
ချစ်မဆုံးကြ မောင်နှင့်မယ်။
သမီးသားတွေ ကြီးထွားတော့
စီးပွားတက်တယ်။
ပြည်မြန်မာ့ မြေပြင်ဝယ်
ရွှေစင်ရယ် တောင်လိုပဲ ဟည်း။
ပုလဲသွယ် အထွက်တိုးတယ်
မိုးထိ လုနီး။
* တို့မြန်မာတစ်ပြေ(ပြည်)လုံး
ရွှေဖုံးဖို့ ကြံရွယ်ကာ။
ပုလဲသွယ် အဖိုးထိုက်
တိုးစိုက်ရမှာ။
တင်းတစ်ရာ တင်းနှစ်ရာ
တင်းသုံးရာ အသာလေး။
ပုလဲသွယ် ကောင်းသတင်းရယ်
သင်းပျံ့လို့မွှေး။
* လယ်မြေမှာ ဆည်ရေဝတော့
တကယ်လှတဲ့ ရှုခင်းသာ။
ပုလဲသွယ် မင်္ဂလာပွဲကို
နွှဲကြဖို့ရာ။
ဝိုင်းဝန်းလို့အောင်သွယ်မှာ
မောင်မယ်နှစ်ဖြာ မခက်ခဲ။
အကြင်နာ ဆွတ်ထုံလူးပါလို့
မင်္ဂလာ ဝတ်မှုန်ကူးကြမယ်
ထူးခြားတဲ့ပွဲ။ ။

**မြင်းမူမောင်နိုင်မိုး**

## ပင်းတယမြို့နယ်တွင် နှမ်းစပါး(ပုလဲသွယ်) စံကွက်ရိတ်သိမ်းပွဲကျင်းပ

ပင်းတယ ဇွန် ၂၄

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာအုပ်စု မိုင်းလီကျေးရွာနေ ဦးလှအောင်၏လယ်မြေတွင် ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါး (ပုလဲသွယ်)စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက အမှာစကားပြောကြားသည်။ ထို့နောက် ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းက သိပ္ပံနည်းကျ GAP စိုက်ပျိုးနည်းစနစ်အသုံးပြုခြင်း၏အကျိုးကျေးဇူးများကို ဟောပြောသည်။ ယခုနွေစပါး(ပုလဲသွယ်)စံကွက်အထွက်နှုန်းမှာ ၁၆၁ တင်းနှုန်းထွက်ရှိပြီး ပင်းတယမြို့နယ်တွင် ယခင်က နွေစပါး ၇၅ ဧက သာစိုက်ပျိုးရာမှ ယခုနှစ်တွင် ၄၅၄ ဧကအထိ တိုးချဲ့၍စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

# မုဒုံမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မုဒုံ ဇူလိုင် ၂၄**

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ဇူလိုင် ၁၇ ရက်ကစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ရှင်းလင်းတင်ပြ**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်မုဒုံမြို့နယ် နီးပဒေါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင်တတိယပတ်မှစတင်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဒေါက်တာ မင်းနွယ်စိုးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းဝင်းက ပြည်သူများသိရှိထားသင့်သည့် အချက်များကို ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရာတွင် အချက်အလက်ပြည့်စုံသူ ၇၃ ဦးအား မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဒေါက်တာ မင်းနွယ်စိုး၊ ပြည်နယ်ဦးစီးမှူး ဦးသန်းဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးတင့်အောင်တို့က တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။ **(အောက်ပုံ)** (၁၀၈)



# မြိုင်မြို့နယ် ညောင်ညိုတောကျေးရွာ သီရိနန္ဒာဆည်ရေသောက် နွေစပါးရိတ်သိမ်း

**မြိုင် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဒေါင်အိုကျေးရွာအုပ်စု ညောင်ညိုတောကျေးရွာ သီရိနန္ဒာဆည်ရေသောက်နွေစပါးစံပြကွက်ဧက ၅၀ ကို ၂၀၁၃-၂၀၁၄ နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါး(ပုလဲသွယ်မျိုး) စံပြကွက်ရိတ်သိမ်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိဦးခင်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်းများနှင့် စိုက်ပျိုးရေးနယ်မြေခံ ဦးချစ်ဝင်း၊ ဒေသခံအုပ်ချုပ်ရေးမှူးများ နွေစပါးစိုက်တောင်သူများတက်ရောက်၍ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက စုပေါင်းစံပြနွေစပါး ရိတ်သိမ်းကြကြောင်း သိရသည်။

မြိုင်မြို့နယ် သီရိနန္ဒာဆည်ရေသောက်စံပြကွက်ဧက ၅၀ မှ ကွင်းအမှတ်(၆၃၂)၊ ဦးပိုင်အမှတ် ၃၂၃/၂ ရှိ ပုလဲသွယ်စပ်မျိုးစပါးအကွက်ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကအခြောက်စပါး ၁၃၈ ဒသမ ၂၀ တင်းထွက်ရှိ၍ တောင်သူဦးညွန့်မောင်၏ ကွင်းအမှတ်(၃၀၅)(ရွှေပြည်ဌေး) စပါးစိုက်ကွက်ကို ရိတ်သိမ်းရာ တစ်ဧကအခြောက်စပါး ၁၃၆ ဒသမ ၄၂ တင်းထွက်ရှိ၍ သီရိနန္ဒာဆည်ရေသောက်နွေစပါးဧက ၁၀၀ စိုက် တောင်သူများ ဝမ်းသာပျော်ရွှင်ကြကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**







**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ဝါဝါခိုင် ဝယ်ယူထားသည့် ဦးမြခင် ၁၂/ဒလန(နိုင်)၀၂၅၀၂၀ အမည်ဖြင့် တင်သွင်းထားသော အကောက်ခွန်ဦးစီးဌာန၊ သွင်းကုန်ကြေညာလွှာ ID အမှတ် ၇၁၀၇၄၂(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၅၉၂၅၅၈



**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးရွာနေ မောင်တူးတူး ၇/ထတပ(နိုင်)၀၇၇၂၅၂၏ ဖခင်အမည်မှန်မှာ ဦးတီးမောင်ဖြစ်ပါသည်။



**လူပျောက်ကြော်ငြာ**



သား မောင်ထက်ဦးဝေယံ ရောက်ရာအရပ်ကအမြန်ပြန်လာပါ။ အဖေ-အမေတို့ စိတ်ပူနေတယ်။ အားလုံးခွင့်လွှတ်တယ်။ ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

ဖေဖေ မျိုးဦး
မေမေ မခင်သန္တာဝင်း

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၀၉၉၅၉
၀၉-၇၃၁၄၈၆၆၇








**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ အမှတ် (၁၉၁)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ နေအိမ်နှစ်လုံးနှင့် (ဂျိုးဖြူရေ+မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေငှားဂရန်စာချုပ်အမှတ် မဉ/သစ-၁၆၈/၀၈၊ အမှုတွဲအမှတ် မဉ/ဂရသ-၂၉၂/၀၆ဖြင့် အမည်ပေါက်ပိုင်ဆိုင်သူဒေါ်ခင်ဆွေရီ ၇/တငန(နိုင်)၀၀၉၀၉၈ထံမှ ဒေါ်ခင်ဆွေရီ ၁၂/ဥကမ(နိုင်)၀၀၅၅၀၆မှ တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် မိမိသာလျှင် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေအကျိုးခံစားခွင့်များအား အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်စန်းစိမ့်စိမ့်ဖြိုး LL.B, LL.M, D.A.Psy အထက်တန်းရှေ့နေ(စဉ်-၂၉၆၄၆)**
**ရုံးခန်းအမှတ် (၁)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပတရားရုံးအနီး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်သီတာနှင့် ဌာနအသီးသီးမှ ပါမောက္ခများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။



ဘာသာရပ်ပေါင်းစုံ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ၌ မြန်မာစာနှင့်ဓာတုဗေဒ၊ ရူပဗေဒနှင့်သမိုင်းဘာသာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာစာအသင်းနှင့်ရူပဗေဒအသင်းတို့အနိုင်ရရှိကြပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ရူပဗေဒအသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး ဒုတိယဆုကို မြန်မာစာဘာသာအသင်းက ရရှိခဲ့သည်။

ထို့အတူ သုံးယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သမိုင်းဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ရာ သမိုင်းဘာသာရပ်အသင်းက ပထမရပြီး တံခွန်စိုက်ဒိုင်းဆုကြီး ရရှိသွားသည်။ ဆုများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများက ဆုချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

**(မြန်မာ့အလင်း)**

# စားသုံးရန်မသင့်သည့်ကြက်အူချောင်းနှင့် အေးခဲကြက်သားများ မြေမြှုပ်မီးရှို့ဖျက်ဆီး

**နောင်ချို ဇူလိုင် ၂၄**

လရ (၁) ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-လားရှိုးကားလမ်းအပိုင်း ညွှန်ကြားရေးမှူး ဦးသိန်းဝင်းဦးစီးသည့် ဌာနစုံပူးပေါင်းအဖွဲ့ (MobileTeam)တို့သည် ဇူလိုင် ၂၁ ရက်က နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး၌ စားသုံးသူအကာအကွယ်ပေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ယာဉ်မောင်းစိုးသူရကျော် မောင်းနှင်လာသောယာဉ်အမှတ် 5F/----(DYNA) ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တင်ဆောင်လာသည့် အများပြည်သူစားသုံးရန်မသင့်လျော်သည့် တစ်ဖက်နိုင်ငံလုပ် အကောက်ခွန်မဲ့ ကြက်အူချောင်း ဖာ ၁၁ဝနှင့် အေးခဲကြက်သား သုံးဖာကို သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသော ကြက်အူချောင်း၊ အေးခဲကြက်သားဖာများ နှစ်မျိုးပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၅ဝဝဝဝ ဖြစ်ပြီး အကောက်ခွန်အမှုဖွင့်လှစ်ပြီးနောက် အများပြည်သူစားသုံးရန် မသင့်လျော်သည့်အတွက် မြေမြှုပ် မီးရှို့ဖျက်ဆီးလိုက်ကြောင်း သိရသည်။ **(ဓါပုံ)**

နောင်ချိုမြို့နယ် MobileTeam လရ(၁)အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားမဝင်သစ်၊ အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း၊ ဟန်းစက်များ သိမ်းဆည်းရမိကြောင်း သိရသည်။ **(ဝ၆၁)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၇-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇ဝဝဝ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၂ဝဝ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇ဝဝဝ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၈၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၆ဝ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၄ဝ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂ဝဝ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၈ဝ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၅ဝဝ-၄၅ဝဝ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၈ဝဝ-၃၆ဝဝ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅ဝဝ-၈ဝဝဝ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၉ဝဝဝ-၁၃ဝဝဝ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၈ဝဝဝ-၁၂ဝဝဝ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၁၅ဝဝ-၂၈ဝဝဝ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇ဝဝဝ-၁၃ဝဝဝ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၈ဝဝ-၁၂ဝဝဝ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၅ဝဝ-၈ဝဝဝ |
| ၁ဝ။ | အမဲ | တစ်ပိဿာ | ၇၅ဝဝ-၈၅ဝဝ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂ဝဝဝ-၁၅ဝဝဝ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆ဝဝဝ-၉၅ဝဝ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၂-၉၇၆ |
| ဥရောပ | တစ်ယူရို | ၁၃၂၉-၁၃၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၀.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၄-၁၅.၉၅ |
| တရုတ် | တစ်ယွမ် | ၁၆ဝ-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃ဝဝ-၃ဝ၆ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်မထွက်/ဇီယာအသစ်) | တစ်အိတ် | ၁၈၂ဝဝ |
| ပေါ်ကွဲ (အသစ်) | တစ်အိတ် | ၂၂၅ဝဝ-၂၃ဝဝဝ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇ဝဝဝ-၃ဝဝဝဝ |
| မြေပဲဆီ | တစ်ပိဿာ | ၃၄ဝဝ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅ဝဝ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃ဝဝ-၆ဝဝ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅ဝ-၁၇ဝဝ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၂၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၃၂ဝ-၆၅ဝ |
| ငရုတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၃ဝဝ-၂၄ဝဝ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄ဝဝဝ-၄၂ဝဝ |
| သကြား | တစ်ပိဿာ | ၉၁ဝ-၉၄ဝ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့စပ်တင်ပြသည်။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်အရ အသက် ၁ဝ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၁ဝ နာရီက အောင်ဇမ္ဗူရပ်ကွက်နယ်မြေ ၁ဝ ရှိ မင်္ဂလာရာမိက ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးစီးအရာရှိ ဦးမုံဇာခုပ်နှင့် ဝန်ထမ်းများအောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် ဆယ်အိမ်စုမှူး ဦးလှမြင့်တို့က ရပ်ကွက်တွင်းရှိ အသက် ၁ဝ နှစ်ပြည့်ပြီးသူ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများကို One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရူပဗေဒ)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးဒေသ၊ လားရှိုးဒေသနှင့် ကျိုင်းတုံဒေသများမှ အောက်ဖော်ပြပါဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲ၊ ဝန်ထမ်းနေအိမ်၊ ဆေးရုံနှင့် ဆေးရုံအုပ်ကြီးနေအိမ်များ၊ ဆေးသိုလှောင်ရုံ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် Strecher for Elevator နှစ်စင်း ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေးလိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

**တောင်ကြီးဒေသ**

(၁) (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း ၂ ခု
(၂) (၂၅)ခုတင်ဆံ့မြို့နယ်ဆေးရုံဆောက်လုပ်ခြင်း ၁ ခု
(၃) ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ခြင်း ၂ ခု
(၄) ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း ၁၄ ခု
(၅) နှစ်ခန်းတွဲဆရာဝန်နေအိမ်ဆောက်လုပ်ခြင်း ၂ လုံး
(၆) လေးခန်းတွဲ သူနာပြုနေအိမ်ဆောက်လုပ်ခြင်း ၂ လုံး
(၇) သုံးခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ၂ လုံး
(၈) နှစ်ခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ၁ လုံး
(၉) ဆေးသိုလှောင်ရုံဆောက်လုပ်ခြင်း ၁ လုံး
(၁ဝ) တီဘီဓာတ်ခွဲခန်းဆောက်လုပ်ခြင်း ၁ လုံး
(၁၁) ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ၁ လုံး
(၁၂) ဆေးရုံအကြီးစား မွမ်းမံပြင်ဆင်ခြင်း ၁ ခု
(၁၃) ခရိုင်ဦးစီးမှူးနေအိမ် အကြီးစားမွမ်းမံပြင်ဆင်ခြင်း ၁ ခု
(၁၄) လေးခန်းတွဲနှစ်ထပ် ဆရာဝန်နေအိမ်ဆောက်လုပ်ခြင်း ၂ လုံး
(၁၅) ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ၂ လုံး

**လားရှိုးဒေသ**

(၁) လေးခန်းတွဲ သူနာပြုနေအိမ်ဆောက်လုပ်ခြင်း ၁ လုံး
(၂) ခုတင်(၁၅ဝ)ဆံ့ဆေးရုံ နှစ်ထပ်လူနာဆောင်ဆောက်လုပ်ခြင်း ၁ လုံး
(၃) ဆေးရုံအုပ်ကြီးနေအိမ်ဆောက်လုပ်ခြင်း ၁ လုံး
(၄) တာမိုးညဲတိုက်နယ်ဆေးရုံ အကြီးစားမွမ်းမံပြင်ဆင်ခြင်း ၁ ခု
(၅) တာမိုးညဲဆေးရုံတွင် ဓာတ်မှန်ခန်းဆောက်လုပ်ခြင်း ၁ ခု
(၆) ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း ၇ ခု
(၇) ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ခြင်း ၁ ခု

**ကျိုင်းတုံဒေသ**

(၁) ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း ၂ ခု
(၂) ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ခြင်း ၂ ခု
(၃) နှစ်ခန်းတွဲဆရာဝန်နေအိမ်ဆောက်လုပ်ခြင်း ၁ လုံး
(၄) လေးခန်းတွဲ သူနာပြုနေအိမ်ဆောက်လုပ်ခြင်း ၂ လုံး
(၅) ဝန်ထမ်းနေအိမ် သုံးခန်းတွဲဆောက်လုပ်ခြင်း ၄ လုံး
(၆) တာချီလိတ် ခမ္ဘသီရိဆေးရုံတွင် Strecher for Elevator ၂ စင်း ဝယ်ယူရန်

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၈-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ တင်ဒါလျှောက်လွှာများ ဝယ်ယူရန်နှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆောက်လုပ်မည့် အဆောက်အအုံပုံစံများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် တောင်ကြီးဒေသအတွက် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန ဖုန်း-ဝ၈၁-၂၁၂၁ဝ၆၉သို့လည်းကောင်း၊ လားရှိုးဒေသအတွက် လားရှိုးမြို့၊ တွဲဖက်ပြည်နယ် ကျန်းမားရေးဦးစီးဌာန ဖုန်း-ဝ၈၂-၂၃ဝ၁၃သို့လည်းကောင်း၊ ကျိုင်းတုံဒေသအတွက် ကျိုင်းတုံမြို့၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဖုန်း-ဝ၈၄-၂၁ဝ၇ဝသို့လည်းကောင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၊**
**ဖုန်း-ဝ၈၁-၂၁၂၁ဝ၆၉**

## ပုဏ္ဏားကျွန်းစက်မှုဇုန်အကောင်အထည်ဖော်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ ဖိတ်ခေါ်ခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့အနီးတွင် မြန်မာနိုင်ငံ၏ စက်မှုဇုန်အမှတ်(၂၂)ဖြစ်သော ပုဏ္ဏားကျွန်းစက်မှုဇုန်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါသည်။

၂။ စက်မှုဇုန်နှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တည်နေရာ - ပုဏ္ဏားကျွန်းမြို့နှင့် ကင်းချောင်း၏တောင်ဘက်
ရန်ကုန်-စစ်တွေကားလမ်းမကြီး၏အရှေ့ဘက်
စစ်တွေ-အမ်း-မင်းဘူးရထားလမ်း၏တောင်ဘက်
ကုလားတန်မြစ်၏အနောက်ဘက်

(ခ) စီမံကိန်းဧရိယာစုစုပေါင်း - ၁၈၃၃ ဒသမ ၁၅ ဧက

(ဂ) ပါဝင်သည့်စက်ရုံ/လုပ်ငန်းများ - အထည်ချုပ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဓာတုဗေဒလုပ်ငန်းများ၊ ပလတ်စတစ်ပစ္စည်းလုပ်ငန်းများ၊ သစ်နှင့်ပရိဘောဂစက်ရုံ၊ ပုံနှိပ်နှင့်စက္ကူလုပ်ငန်းများ၊ ယာဉ်နှင့်ယာဉ်အပိုပစ္စည်းလုပ်ငန်းများ၊ ဆန်စက်နှင့် အမှုန့်ကြိတ်စက်ရုံ၊ အအေးခန်းစက်ရုံများ၊ ရေနှင့်ရေထွက်ပစ္စည်းစက်ရုံ

၃။ ထိုသို့ ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိတို့ဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစားများ၊ ဆောင်ရွက်မည့်ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့်တကွ ၂၀၁၄ခုနှစ် စက်တင်ဘာ ၃ဝ ရက်နောက်ဆုံးထား၍ ပြည်နယ်အစိုးရအဖွဲ့သို့ လာရောက်ဆွေးနွေးအဆိုပြုနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့သို့လည်းကောင်း၊ ဖုန်း-ဝ၄၃-၂၂၆၂ဝနှင့် ဝ၄၃-၂၂၆၆၁သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

# စီးပွားရေးလုပ်ငန်းကြီးများတွင် ERP ဆော့ဖ်ဝဲကို စတင်အသုံးပြုနိုင်တော့မည်

**ရန်ကုန် ဇူလိုင် ၂၄**

နိုင်ငံတကာ ကုမ္ပဏီများအသုံးပြုသည့် (ERP ) Enterprise Resource Planning Software စနစ်ကို ပြည်ပရင်းနှီးမြုပ်နှံမှုကုမ္ပဏီများနှင့် အရွယ်အစားကြီးမားလာသော မြန်မာကုမ္ပဏီကြီးများအသုံးပြုနိုင်ရန်အတွက် ဂျာမနီနိုင်ငံအခြေစိုက် SAP North Consulting Group နှင့် မြန်မာနိုင်ငံ၏ ICT ကုမ္ပဏီအုပ်စုကုမ္ပဏီတစ်ခုဖြစ်သည့် MCC Group တို့လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ဇူလိုင် ၂၂ ရက်တွင် ရန်ကုန်မြို့ ပက်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည့် MCC SAP Day ၂၀၁၄ အခမ်းအနားမှ သိရသည်။

MCC Group မှ အိုင်တီဝန်ဆောင်မှု CEO ဦးအောင်စိုးလင်းက "ဒီဆော့ဖ်ဝဲကို မြန်မာပြည်ကလုပ်ငန်းကြီးတချို့မှာ သုံးနေကြပါပြီ ဥပမာ ပက်ခ်ရွိုင်ရယ်ဆိုရင် သုံးနေတာ နှစ်နှစ်လောက်ရှိနေပြီ။ နိုင်ငံခြားကလာတဲ့ကုမ္ပဏီကြီးတွေဖြစ်တဲ့ ပက်စီတို့၊ ကိုကာကိုလာတို့မှာတော့ တစ်ခါတည်းပါလာပြီးသား ဖြစ်တယ်။ ဒီဆော့ဖ်ဝဲကိုသုံးတဲ့အတွက် ကိုယ့်လုပ်ငန်းရဲ့ အခြေအနေကို ကွန်ပျူတာပေါ်က အမြဲကြည့်ပြီး ချက်ချင်းဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ အထောက်အကူရစေနိုင်ပါတယ်။ လူတွေအပေါ်မှာသိပ်မှီခိုစရာမလိုတော့ဘူး။ မလိုလားအပ်တဲ့ယိုဖိတ်မှုတွေကနေ ကာကွယ်ပေးနိုင်မယ်။ သူ့မှာပါတဲ့ လုပ်ငန်းဆောင်တာတွေကတော့ ဝယ်ယူရေး၊ ပစ္စည်းထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ ရောင်းချရေးစတဲ့ ဆင့်ကဲလုပ်ငန်းတွေကို ကွန်ပျူတာစနစ်ထဲကနေပဲ အလုပ်လုပ်သွားလို့ရတဲ့စနစ်ဖြစ်တယ် " ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင်စီးပွားရေးပြုပြင်ပြောင်းလဲရေးပြုလုပ်ပြီး မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများသည် လုပ်ငန်းပမာဏကြီးမားလာလျက်ရှိပြီး စိန်ခေါ်မှုများကို ကြုံတွေ့လာလျက်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းကြီးများ၏ ပုံစံဟောင်းများကို ပြုပြင်ပြောင်းလဲမှုပြုလုပ်၍ IT နည်းပညာပုံစံသစ်သို့ ပြောင်းလဲအသုံးပြုရန် လိုအပ်လာပြီဖြစ်ကြောင်း MCC Group ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ပြောကြားခဲ့သည်။

**မြတ်စန္ဒီသင်းဇော်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## MIP ဆိပ်ကမ်းတွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအတွက် မိုဘိုင်းအဖွဲ့များဖြင့် စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

တရားမဝင်ကုန်သွယ်မှုများကို တားဆီးနှိမ်နင်းနိုင်ရန်အတွက် ဆိပ်ကမ်းများတွင်လည်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီက Mobile Team အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်ရှိ MIPဆိပ်ကမ်းတွင် ဇူလိုင် ၂၁ ရက်က စတင်စစ်ဆေးနေကြောင်း သိရသည်။

MIP ဆိပ်ကမ်းတွင် ကုမ္ပဏီများ၏ နေ့စဉ်ကွန်တိန်နာအရေအတွက် ၂၅၀ မှ ၃၀၀ ခန့်အထိရှိကြောင်းနှင့် ကွန်တိန်နာများအတွက် စစ်ဆေးမှုကို ပုံစံသုံးမျိုး သတ်မှတ်ထားကြောင်း၊ ကွန်တိန်နာများကို သက်ဆိုင်ရာ ကုမ္ပဏီများရှေ့တွင် မဲနှိုက်သတ်မှတ်ကာ သတ်မှတ်ချက်များအလိုက် အနီရောင်ကို အလုံးစုံဖွင့်ဖောက်စစ်ဆေးခြင်း၊ အဝါရောင်ကို X-Ray ဖြတ်စစ်ဆေးခြင်း၊ အစိမ်းရောင်အတွက် ပုံမှန်စစ်ဆေးခြင်းများပြုလုပ်ကြောင်း၊ မဲနှိုက်ရာတွင် အနီရောင်အဆင့် ၁၀ ရာခိုင်နှုန်း၊ အဝါရောင်အဆင့် ၃၀ ရာခိုင်နှုန်းနှင့် အစိမ်းရောင်အဆင့် ၆၀ ရာခိုင်နှုန်းသတ်မှတ်ကြောင်း သိရသည်။ မဲစနစ်ဖြစ်သည့်အလျောက် မည်သည့်ကုမ္ပဏီ၏ကွန်တိန်နာသည် မည်သည့်အရောင်သတ်မှတ်ချက်ဖြစ်မည်ကို ကြိုတင်မသိရှိနိုင်ကြောင်းနှင့် မဲနှိုက်မှုကို ညနေတိုင်းတွင် ကုမ္ပဏီများရှေ့၌ ပွင့်လင်းမြင်သာစွာ မဲနှိုက်ကြောင်း MIP ဆိပ်ကမ်းစစ်ဆေးမှုတာဝန်ကျ မိုဘိုင်းအဖွဲ့ခေါင်းဆောင် ဦးမျိုးမင်းက ပြောသည်။

**ကျော်မြင့်အေး**



ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ သပြေကုန်းအဝိုင်းတွင် ဇူလိုင် ၂၂ ရက်က အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးစီးနင်းလာသော ဆိုင်ကယ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ခဲ့ရာ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရပြီး စီးနင်းလာသူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူနှင့် အခြားထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

ဓာတ်ပုံ - မင်းမင်းလတ်(မန်းတက္ကသိုလ်)

## မိုးကောင်း၌ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မိုးကောင်း ဇူလိုင် ၂၄**

ကျေးလက်နေ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ရည်ရွယ်လျက် မိုးကောင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်သည့် ကျေးရွာများအတွက် မြစိမ်းရောင် ရန်ပုံငွေလွှဲအပ်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများ ကကြာအင်း၊ လွဲဆွန်း၊ မန်ပင်၊ ဆီးဒီယံနှင့် ပင်ခါးကျေးရွာတို့မှ ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ အရင်းမပျောက် လည့်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာစီလွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

**ဝင်းအောင်**

### သတင်းတို

## ကျွန်းလှတွင် သမဝါယမအသင်းဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက်၌ သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM BANK ၏ ချေးငွေများကို ထုတ်ချေးနိုင်ရန် စိုက်ပျိုးထုတ်လုပ်ရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်းအခြေခံသမဝါယမအသင်းကို ဇူလိုင် ၂၃ ရက်က ဖွဲ့စည်းခဲ့ပြီး မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းက အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းများကို ပြောကြားခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**


**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဖလမ်းမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဖလမ်းမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခြင်းခံယူနေသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ဖလမ်းမြို့၊ ချင်းပြည်နယ်**
**ဖုန်း-၀၇၀-၄၀၀၃၁၊ ၀၇၀-၄၀၀၂၆**

### ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း
### လျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၂၆၄၈၊ ၉ဃ/၃၄၁၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**






**အမည်ပြောင်း**

ဦးသန်းဌွေး၏သမီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အထက(၄)၊ သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော မသိန်းသန်းသန်းစိုးအား ယနေ့မှစ၍ မမြင့်မိုရ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

### ၂၀၁၄ ခုနှစ် မြန်မာဟာဂျီလောင်းများ ဟဂ်ျစေလွှတ်ရေးကိစ္စ
### ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄ ခုနှစ် ဟဂ်ျစေလွှတ်ရေး ကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၏ ၂၀၁၄ ခုနှစ်အတွက် ဟဂ်ျခွဲတမ်းရရှိသည့် မြန်မာဟာဂျီလောင်း ၂၈၀အား ဟဂ်ျခရီးစဉ် ပို့ဆောင်ပေးနိုင်ရန်အတွက်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၏ "မော်နာဇင်ကဒ်" တရားဝင်ရပြီးထားသော ခရီးသွားကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါစည်းကမ်းနှင့် ပုံစံများကို တစ်စုံလျှင်၅၀၀၀ကျပ်နှုန်းဖြင့် အမှတ်-၁၈၄ (၃-လွှာ)၊ ဗိုလ်စွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဟဂ်ျစေလွှတ်ရေး ကြီးကြပ်မှုကော်မတီရုံးခန်း)တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

(ခ) တင်ဒါစည်းကမ်းနှင့်ပုံစံကို ၂၄-၇-၂၀၁၄ ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါကို ၃၁-၇-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပုံစံဝယ်ယူသည့်ရုံးခန်းတွင်ပင် တင်သွင်းပေးရပါမည်။သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသောတင်ဒါများနှင့် စည်းကမ်းချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) ယင်းနေ့ ၃၁-၇-၂၀၁၄ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် တင်ဒါတင်သွင်းသူများ ရှေ့မှောက်တွင် ဖွင့်လှစ်စိစစ်၍ တင်ဒါအောင်မြင်သော ကုမ္ပဏီအား အတည်ပြုကြေညာပြီး စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**၂၀၁၄ ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၉၊ မြေကွက်အမှတ် ၁၂၆/၁၂၇၊ ပဲခူးမြစ်လမ်း၊ အကျယ်အဝန်းပေ(၈၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မိုးဝင်း ၁၂/သခန(နိုင်)၀၃၁၀၀၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML** (စဉ်-၉၈၇၇) တရားလွှတ်တော်ရှေ့နေ
**ဒေါ်ရတနာဌေး LL.B, DBL** (စဉ်-၃၉၄၉၇) အထက်တန်းရှေ့နေ
**အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ**
**အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၂)၊ C-11၊ M0 နှင့် M1 ကြားရှိ အမှတ် ၂၄၇ဟုခေါ်တွင်သော ၅ဧက (၁)ယူနစ်ကို အမည်ပေါက်ပိုင်ဆိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စောချို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)ရှိ မြေကွက်(၁)ယူနစ်အား ကျွန်ုပ်မိတ်ဆွေက အမည်ပေါက်ရရှိခဲ့သောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်ပတ်သက်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်ဆင့်လွှဲပြောင်းထားခြင်း လုံးဝမရှိပါကြောင်းနှင့် ယင်းစိုက်ပျိုးမွေးမြူရေးမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း တင်ပြပြောဆိုကန့်ကွက်လိုသူများသည် ယခုကြော်ငြာပါသည့်ရက်မှ စတင်ပြီး ခုနစ်ရက်အတွင်း မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)ရုံးသို့ စာရွက်စာတမ်းမူရင်းများဖြင့်တကွ တရားဝင်လာရောက် ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ် ရက်ပြည့်ချိန်အထိ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ စိုက်ပျိုးမွေးမြူရေးမြေကွက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်မှုခိုင်မာသည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**အမှတ် ၈၊ အောင်သုခလမ်း၊ အမှတ် (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

ဌာနဆိုင်ရာ

# ကုန်သွယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ၂၀၁၄ ခုနှစ် မေလအတွင်း ပြုပြင်ဆောင်ရွက်ပေးမှုများအား ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

## ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ

ငါးလုပ်ငန်းဦးစီးဌာနသည် FAO အထောက်အပံ့ဖြင့် Capacity Building to Improve Market Access for Fish and Fishery Products စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအထောက်အပံ့ဖြင့် ၁၉-၅-၂၀၁၄ မှ ၂၁-၅-၂၀၁၄ ရက်နေ့အထိ HACCP Principles and its Implementation သင်တန်းကို ICS စစ်ဆေးရေးဝန်ထမ်း ၂၅ ဦး၊ ငါး/ပုစွန်ပြုပြင်စက်ရုံဝန်ထမ်း ၃၄ ဦးကိုလည်းကောင်း၊ ၂၂-၅-၂၀၁၄ ရက်နေ့တွင် Good Hygiene Practices in Fish Handling သင်တန်းကို ICS စစ်ဆေးရေးဝန်ထမ်း ၂၅ ဦးနှင့် ရေခဲစက် ငါးတင်ချဆိပ်ကမ်းများမှ ဝန်ထမ်း ၂၀ ကိုလည်းကောင်း၊ ၂၃-၅-၂၀၁၄ ရက်နေ့တွင် တင်ပို့ရေထွက်ပစ္စည်းများ နောက်ကြောင်းပြန်စိစစ်ခြင်း (Traceability) ကို ICS စစ်ဆေးရေးဝန်ထမ်းများနှင့် ငါး/ပုစွန်ပြုပြင်စက်ရုံဝန်ထမ်းများကိုလည်းကောင်း ပို့ချပေးခဲ့ပါသည်။

## ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၊ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစု(သာကေတ)

ငါး/ပုစွန်ရေထွက်ပစ္စည်းများ ဈေးကွက်ဖော်ဆောင်နိုင်ရေး အခြေခံလိုအပ်ချက်များ မြှင့်တင်ခြင်းစီမံချက် "FAO,TCP/MYA/3401 Project" ဖြင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများ (Micro & Chimical) တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် Lab Training Course နှင့် ISO 17025:2005 Implementation လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနရှိ Lab Experts များနှင့် ဆက်သွယ်ညှိနှိုင်း၍ ၁၆-၆-၂၀၁၄ မှ ၂၄-၆-၂၀၁၄ ရက်နေ့အထိ သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

National Residues Monitoring Plan အရ မွေးမြူရေးကန်များမှ ငါးနမူနာများကို Nitrofuran နှင့် Chloraphenicol Test များကို ဓာတ်ခွဲခန်း(သာကေတ)တွင် တိုင်းတာပြီး မတိုင်းတာနိုင်သော Test Parameters များကို ထိုင်းနိုင်ငံရှိ Central Lab သို့ ပေးပို့စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

## ပြည်တွင်းအခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၈ တွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အပါအဝင် ကုန်စည် ၁၈ မျိုးကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများအားလုံး ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရေး ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါ ကုန်စည် ၁၈ မျိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်မယူဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနအသီးသီးဖြင့် ညှိနှိုင်း၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားလွှာအမှတ် (၃/၂၀၁၄) ကို ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဇေယျာဝတီမြို့ပေါ်ရှိ ဆေးမျိုးစုံဆိုင်များ လိုက်လံစစ်ဆေး

**ဖြူး ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များကို ဝယ်ယူသောက်သုံးကြသော ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိ၊ တရားဝင်မှတ်ပုံတင်ရှိ မရှိ၊ ပြည်သူများသောက်သုံးရန် သင့်မသင့်နှင့် ရက်လွန်ဆေးများ ရောင်းချခြင်း မရှိစေရေးတို့အတွက် ဇေယျာဝတီမြို့ တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာလှိုင်ဘွား၊ ဇေယျာဝတီ ရဲစခန်းမှူး ရဲအုပ်တင်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဇေယျာဝတီမြို့ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်နှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင် ပါဝင်သောအဖွဲ့တို့သည် ဇေယျာဝတီမြို့ပေါ်နှင့် ရပ်ကွက်များအတွင်းရှိ အိမ်သုံးအင်္ဂလိပ်ဆေးနှင့် တိုင်းရင်းဆေးမျိုးစုံ ရောင်းချသောဆိုင်များကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

**ဖြူး(မြင့်ဦး)**





# ကောလင်းမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးအသိပညာပေး

**ကောလင်း ဇူလိုင် ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောလင်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် အဖွဲ့ဝင်များသည် ကောလင်းမြို့နယ် အိုင်ကြီးကျေးရွာ၊ လာတာကျေးရွာနှင့် တိုင်းဝန်းကျေးရွာများသို့ ဇူလိုင် ၂၁ ရက်က ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လောင်းကစား၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများအကြောင်း အသိပညာပေးဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ၎င်းကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများ၊ ချောင်းနားတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိုး(iprd)**

# ဝက်လက်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြော

**ဝက်လက် ဇူလိုင် ၂၄**

ဝက်လက်၌ ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်စေရန် ရည်ရွယ်လျက် မြို့နယ်စာရေးဆရာအသင်းကကြီးမှူး၍ စာပေဟောပြောပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ စာပေဟောပြောပွဲတွင် ဆရာမ ခင်ခင်ထူးက လူထုနှင့်ခေါင်းဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမင်းဝသန်ဦးက အမှတ်တရလက်ဆောင်ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး (၆၇)နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်**

# ဟိုပင်မြို့၌ ကင်းထောက်ဆင့်ပွားသင်တန်းဆင်း

**ဟိုပင် ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဟိုပင်မြို့ အထကမြသီတာအုပ်စု မိသားစု၏ ကင်းထောက်လူငယ် ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက အထက မြသီတာကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်း၌ မြသီတာ အထကကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၊ အမကမူလွန်ကျောင်း ငါးကျောင်းမှ ကင်းထောက် ကျောင်းသား ကျောင်းသူ ၁၈၃ ဦး တက်ရောက်၍ သင်တန်းဆင်းပွဲတွင် ကင်းထောက်မောင်မယ်များက ပြည်သူအတွက် “အစဉ်အသင့်”သီချင်းဖြင့်ဖွင့်လှစ်သီဆို ဖျော်ဖြေကြသည်။ ထို့နောက် ရှေးဦးသူနာပြုစုနည်းများ၊ ကြိုးချည်နည်းအမျိုးမျိုးနှင့် ရေကြောင်းအချက်ပြနည်းများဖြင့် စွမ်းရည်များပြသကြပြီး သင်တန်းမှူးဆရာမ ဒေါ်မွှေးမွှေးသင်းနှင့် ဆရာမ ၁၀ ဦးတို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးက အမှာစကားပြောကြားကာ ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူက ကင်းထောက်လူငယ်များလိုက်နာရမည့် ကျင့်ဝတ် ၁၀ ပါးကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းရွှေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ထူးချွန်မောင်မယ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၉၁**

ဒေါ်မာမာဦး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမိုးဇော်မင်း) **နှင့်** ၁။ ဦးဇော်လင်းအောင် ၂။ ဒေါ်မီမီလွင် ၃။ ဦးအောင်ဇော်ထူး ၄။ ဒေါ်သက်သက်ချို ၅။ ဒေါ်ဖြူဖြူလင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ ၂၉ လမ်း၊ ၇၃×၇၄ကြား၊ အမှတ် ၉၄ နေ ဒေါ်သက်သက်ချို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းချို)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၁၈၈၄ Luojia 110 M/C ဒေါ်သူဇာဝင်း ၉/အမရ(နိုင်)၁၄၃၄၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၅၃၆၃၈ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၉/အမရ(နိုင်)၀၆၉၀၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/2986 Yangon Jeep S/W ယာဉ်လက်ဝယ်ရှိသူ ဦးတိုးမောင် ၁၂/ကမရ(နိုင်)၀၄၈၀၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/4194 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အရွယ်မရောက်သေးသောသူငယ်ကို**
**အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၇၁**

ဒေါ်နွဲ့နွဲ့အေး(ခ)ဒေါ်ဆဟီဒါ **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက် ၁၅၁ နေ အရွယ်မရောက်သေးသော သူငယ်များဖြစ်ကြသော မခင်ထက်ထက်လင်းသိန်း၊ မောင်ထွန်းထွန်းနိုင်တို့၏ကိုယ်နှင့် ၎င်းတို့ပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက် ၁၅၁ နေ ဒေါ်နွဲ့နွဲ့အေး(ခ)ဒေါ်ဆဟီဒါက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မခင်ထက်ထက်လင်းသိန်း၊ မောင်ထွန်းထွန်းနိုင်တို့၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်တို့၏ ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၄ရက်) တွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

**ဖခင် အမည်မှန်**

သီပေါမြို့၊ အမက(၁)မူလွန် စတုတ္ထတန်းမှ မသဲမှူးငယ်၏ ဖခင်အမည်မှန်မှာ (ဦးအောင်ဝင်းပြည့်) ၁၃/သပန(နိုင်)၀၃၅၂၉၂ ဖြစ်ပါကြောင်း။

ကျေးလက်ကဏ္ဍနှင့် ကြော်ငြာ

# ပုလဲသွယ်နှမစပါးဧက ၁၀၀ စံပြကွက် စက်ကွက်ရိတ်သိမ်းပွဲကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၀၃)ရှိတောင်သူဦးမျိုးသန့်၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ စံပြစိုက်ကွင်းတွင် ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ကိုရီးယားနိုင်ငံလုပ် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ ဦးကိုကိုလွင်၊ မန္တလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျင်မောင်၊ မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မြင့်ဇော်နှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ကော်မတီဥက္ကဋ္ဌ ဦးမြစိုး၊ စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သီတာအောင်နှင့် စိုက်ညီအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းပွဲမစတင်မီ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မြင့်ဇော်က စံကွက်ရိတ်သိမ်းရခြင်း၏ရည်ရွယ်ချက်၊ ပုလဲသွယ်စပ်မျိုးစပါးသိပ္ပံနည်းကျ (GAP) စိုက်နည်းစနစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဆွေသန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးကျင်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်တို့က လိုအပ်သည်များ ပြန်လည်ဆွေးနွေးကြသည်။ ဆက်လက်၍ ပုလဲသွယ်နှမစပါးများကို ကိုရီးယားနိုင်ငံလုပ် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ဧက ၁၀၀ ပုလဲသွယ်စံပြကွက်ကိုယ်စားပြု စံကွက်မှ တစ်ဧက အစိုအထွက်နှုန်းမှာ တင်း ၂၁၈ ဒသမ ၇၅ တင်းနှင့် အခြောက်အထွက်နှုန်းမှာ တင်း ၂၁၁ ဒသမ ၁၁ တင်းထွက်ရှိကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



# သစ်တောမြေအဖြစ်မှပယ်ဖျက်ခဲ့သော စိုက်ပျိုးမြေများကို တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**ဟားခါး ဇူလိုင် ၂၄**

သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများနှင့် သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်သည့်စိုက်ပျိုးမြေများကို မူလလုပ်ကိုင်သူတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ် ကျန်ဗားကျေးရွာအုပ်စု ဘုံဖုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ်နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၁၃) ဖြင့် သစ်တောမြေများပယ်ဖျက်ခဲ့သော ဘုံဖုံး(ပြင်)ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်းရှိ ဦးပိုင်ပေါင်း ၁၂၆၊ ဧရိယာ ၃၃၇ ဒသမ ၆၅ ဧကကို ဘုံဖုံးကျေးရွာနှင့် ရောင်နက်ကျေးရွာမှ တောင်သူ ၁၀၈ ဦးထံသို့ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃) ဖြင့် ချင်းပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကိုယ်စား ဟားခါးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟောက်ဆွင်းမန်၊ သစ်တောဦးစီးဌာနမှ တောအုပ်ဦးမောင်ကြီးတို့က လွှဲပြောင်းပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံယူကြသည်။

အလားတူ မင်းတပ်ခရိုင် မင်းတပ်မြို့နယ် လေ့ကောင်းကျေးရွာအုပ်စုအတွင်း သိမ်းဆည်းမြေမှပြန်လည်စွန့်လွှတ်သည့် မြေ ၁၀ ဒသမ ၀၀ ဧကကို တောင်သူတစ်ဦးထံသို့လည်းကောင်း၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာအုပ်စု တောင်သူသုံးဦးထံသို့ ၁၀ ဒသမ ၁၇ ဧကကိုလည်းကောင်း၊ ယာယီလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)ဖြင့် ဇွန်လအတွင်း ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရန်တိုး(ဟားခါး)**

## သတင်းတို

# လက်ပံတောင်းတောင် ဒေသခံပြည်သူများ ဗဟုသုတမြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**ဆားလင်းကြီး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၉ ရက်က ထန်းဇင်ကျေးရွာအုပ်စု ထန်းပုကျေးရွာလူထုအလင်းပြစာကြည့်တိုက်တွင်ကျေးလက်နေပြည်သူများ အမှန်တကယ်စာဖတ်လာစေရန်နှင့် စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁) အမှတ် (၁၄)မှ မေမြတ်နိုးခင်ရေးသားသော "ဆေးဖက်ဝင်ငရုတ်ကောင်း" အကြောင်းအား ယှဉ်ပြိုင်စေခဲ့ရာ ပြိုင်ပွဲတွင်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ထန်းပုကျေးရွာလူထု အလင်းပြစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းရန် ရွာစဉ်စံပြကျေးရွာ၌ ကျောက်များစုဆောင်း

**ခင်ဦး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာစဉ်စံပြကျေးရွာသည် တိုက်နယ်ဆေးရုံနှင့် အထက(ခွဲ)ကျောင်းရှိပြီး ယာသီးနှံကို အဓိကစိုက်ပျိုးသော ကျေးရွာဖြစ်သည်။ ယခင်ကရွာစဉ်ကျေးရွာမှ ခင်ဦး-သင်ပေါင်းကားလမ်းအထိ ကျောက်လမ်းမှာ နှစ်ပေါင်းကြာမြင့်ပြီး ထိန်းသိမ်းမှုအားနည်းခဲ့သဖြင့် လမ်းမှာပျက်စီးပြီး သွားလာရခက်ခဲ၍ ကျေးရွာမှကျောင်းထိုင်ဆရာတော် ငါးပါးက ဦးဆောင်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျေးရွာလမ်းကော်မတီများနှင့် ပူးပေါင်း၍ အရှည်နှစ်မိုင်ခွဲ၊ အကျယ် ၁၂ပေရှိ ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်း ခင်းကျင်းရန်အတွက် ကျောက်ကျင်း ၆၀၀ ကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာက ငွေကျပ် ၁၂ သိန်းထည့်ဝင်ပြီး ကျေးရွာပြည်သူများ၏ စုပေါင်းအားဖြင့် ခင်းကျင်းမည်ဖြစ်ပြီး စုစုပေါင်း ကျောက်ကျင်း ၇၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း၊ ကျောက်ချောလမ်း ခင်းကျင်းပြီးစီးသွားပါက ပတ်ဝန်းကျင်မှ ကျေးရွာပေါင်း ၁၀ ရွာကျော်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအတွက် သွားလာရလွယ်ကူတော့မည်ဖြစ်သည့်အတွက် အမြန်ဆုံး ကျောက်ချောလမ်း ခင်းကျင်းနိုင်ရန် ကျေးရွာပြည်သူများမှ အားကြိုးမာန်တက်ဆောင်ရွက်နေကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**




## ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ **ပဓာနနာယက မြိုင်ဆရာတော်အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက)** အရှင်သူမြတ်သည် ဇူလိုင် ၂၆ရက် မွန်းလွဲ ၂နာရီတွင် ကျိုက္ကဆံဘုရားဓမ္မာရုံဓမ္မသဘင်၊ ဩဂုတ်လ ၁ရက်၊ ၂ရက်၊ ၃ရက်တွင် စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်းတိုက်ဓမ္မသဘင်နှင့် ၁၀ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ ရွာသစ်ရွာ၊ ထေရဝါဒဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားပါမည်။

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မနှင်းအိအိကို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၄-၁၉၉၉ ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဇင် ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ဇင်**
**၈/မကန(နိုင်)၁၃၇၆၆၁**

## ဖခင်အမည်မှန်

မကွေးမြို့၊ အထက(၃) သတ္တမတန်း(A)မှ မနှင်းဒီပါလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်လင်း ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်လင်း**
**၈/မကန(နိုင်)၁၁၁၈၂၅**

## ဖခင်အမည်မှန်

သဃ်္ဃန်းကျွန်းမြို့နယ် အထက(၄) တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ယူနေသော မောင်အောင်ထွန်းဦးနှင့် သဃ်္ဃန်းကျွန်းမြို့နယ် အထက(၁) သတ္တမတန်း(B)တွင် ပညာသင်ယူနေသော မောင်ချစ်ကိုကို၊ တတိယတန်း(C)တွင် ပညာသင်ယူနေသော မောင်လမင်းထွန်းတို့၏ဖခင်မှာ ဦးကျော်လင်းအောင်အစား ဦးကျော်တင့် ၁၂/သဃက(နိုင်)၁၉၄၂၇၅ ဖြစ်ပါသည်။

**ဦးကျော်တင့်**
**၁၂/သဃက(နိုင်)၁၉၄၂၇၅**

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁-၈-၂၀၁၄ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၆ရက်)မှ ၁၀-၈-၂၀၁၄ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်နေ့)အထိ (၁၀)ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၇-၂၀၁၄ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၂ရက်)မှ ၃-၈-၂၀၁၄ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၈ရက်) အထိ (၇)ရက် အချိန်ပိုင်းတရားစခန်းပွဲတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရအရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများနှင့် ဆွမ်းစသောအာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
**ဖုန်း-၅၇၁၂၅၈၊ ၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၇၇၃၂၈၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃**
**ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁ လိုင်းခွဲ(၂၅၁)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၂)၊ မြေကွက်အမှတ်(၄၆)၊ အလျားပေ ၄၀×အနံပေ ၆၀ မြေကွက်ရရှိသူ အမည်ပေါက် ဦးဘိုမောင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ဒေါ်စန်းစန်းဌေး (ဘ) ဦးလှထွန်း ၁၂/သကတ(နိုင်)၁၃၆၄၇၉ ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများက စုပေါင်း၍ (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁ရက်) ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ် **အဖွားခက်ဓမ္မာရုံ** ၌ သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအားလည်း နေ့လယ်စာ(ထမင်း/ဟင်း)ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ ဆိပ်ဖြူမြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင်များ ကြွရောက်ချီးမြှင့် သာဓုခေါ်နိုင်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး၊ လူကိုယ်တိုင် လာရောက်လှူဒါန်းရန်အခက်အခဲရှိပါက ဖုန်းဖြင့် ကြိုတင်စာရင်းပေး၍ အခမ်းအနားနေ့ရက်တွင် လှူဒါန်းနိုင်ပါသည်-

**(၁) ဦးညဏ်စိုး ဖုန်း-၀၉-၂၅၀၉၃၀၀၈၀ (၄) ဦးအောင်သိုက် ဖုန်း-၀၉-၅၀၁၉၀၁၈**
**(၂) ဦးအောင်ကျော်ဆန်း ဖုန်း-၀၉-၅၀၃၀၉၀၀ (၅) ဦးဝင်းလွင်ဦး ဖုန်း-၀၉-၄၂၀၀၇၃၃၂၂**
**(၃) ဦးစောဝင်း ဖုန်း-၀၉-၂၅၄၂၇၈၃၈၉**

**အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၈၃၂/ခ၊ မြေကွက်တည်နေရာအမှတ် ၈၃၂/ခ၊ ရှုခင်းသာလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁) ဦးတင့်ဆွေ၊ (၂) ဒေါ်ခင်အေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင့်ဆွေ (ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ခင်အေး ၁၂/သကတ(နိုင်)၀၉၁၀၄၆ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၆၁၉/၂၀၁၄ ရရှိသူ ဦးထွန်းထွန်းခိုင် ၁၂/သကတ(နိုင်)၁၃၅၉၁၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၆၇/က၊ မြေကွက်တည်နေရာအမှတ် ၂၆၇/က၊ ပင်းယ ၁၂ လမ်း၊ (၅)ရပ်ကွက်၊ တ/ဥ ဒေါ်နုနုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်နုနုနှင့် ခင်ပွန်း ဦးမောင်မောင် ကွယ်လွန်သဖြင့် ဦးကျော်ရဲမင်း ၁၂/ဥကတ(နိုင်)၁၃၄၉၆၆ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပုပ္ပားဝန်းကျင်ဒေသ လမ်းပခုံးမြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၄**

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးပြင်ဆင်ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မြင်းခြံလမ်း မိုင်တိုင်အမှတ် (၄၀၈/၅)မှ (၄၀၉/၅) အထိ လမ်းပခုံးမြေသားချဲ့ထွင်ခြင်းလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါလုပ်ငန်းခွင်သို့မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ မြို့နယ်စီ/မံကော်မတီဝင်၊ မြို့နယ်အင်ဂျင်နီယာဦးမြင့်လွင်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်တို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းမှာ ပုပ္ပားဝန်းကျင်ဒေသဖြစ်၍ လမ်းအနေအထားကျဉ်းမြောင်းပြီး အကွေ့အကောက်များသည့်အပြင် မူရင်းလမ်းအကျယ်မှာ ၁၂ ပေ၊ မူရင်းလမ်းတာပေါင်အကျယ်မှာပေ ၂၀ သာရှိသဖြင့် နောက်တွဲယာဉ်များ၊ ဘတ်စ်ကားကြီးများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် အန္တရာယ်ရှိသောကြောင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဇွန် ၁၀ ရက်က စတင်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာဦးမြင့်လွင်၏ ကြီးကြပ်မှုဖြင့် လမ်းပိုင်းအလိုက်လမ်းပခုံး မြေသားလမ်းအကျယ် ၃၆ ပေချဲ့ခြင်း၊ လမ်းကွေ့များဖြေခြင်းနှင့် လမ်းပခုံးမြေဖို့ခြင်းလုပ်ငန်းများကို Excavator/Loder/ Tipper အစရှိသည့် ယန္တရားများ အသုံးပြုဆောင်ရွက် လျက်ရှိကြောင်း သိရသည်။



ပုပ္ပားဝန်းကျင်ဒေသ တစ်ဝိုက်တွင် ထိုကဲ့သို့ လမ်းပခုံးများချဲ့ထွင်ခြင်းကြောင့် ပိုဇိုလန်သဘာဝဘိလပ်မြေစက်ရုံမှ ဘိလပ်မြေသယ် နောက်တွဲယာဉ်ကြီးများ၊ ဘုရားဖူးခရီးသွား ဘတ်စ်ကားကြီးများ၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေးယာဉ်များ အနေဖြင့် ယခင်တောင်ကြားလမ်းကျဉ်းနေရာများ၌ ယခုအခါ အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရပြီး အဆိုပါလုပ်ငန်းများကို အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ ၁၈ ပေကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာကျောင်း မူလတန်းလွန်အဆင့်တိုးမြှင့်

**မြို့သစ် ဇူလိုင် ၂၄**

မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်အုပ်စု ထနောင်းကွင်းကျေးရွာ၏ ကျောင်းသားကျောင်းသူများသွားရေးလာရေးအဆင်ပြေချောမွေ့စေရန်နှင့်ပညာသင်ကြားရာတွင်လည်း အခက်အခဲများ မရှိစေရန်အတွက် မြို့သစ်မြို့နယ် ပညာရေးဝန်ကြီးဌာန ပညာရေးမှူးနှင့် ရပ်မိရပ်ဖများ စုပေါင်း၍အခြေခံပညာ မူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ထနောင်းကွင်းကျေးရွာကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြ၊ ဒုတိယ ပညာရေးမှူး ဦးကျော်စိုးဝင်းနှင့် ဒန့်ဒလွန်ပင်အုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြက အမှာစကားပြောကြားပြီး ဒုတိယပညာရေးမှူးဦးကျော်စိုးဝင်းတို့က ပညာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိစေရန်နှင့် ဒေသခံမိဘများက ဝိုင်းဝန်းကူညီ၍ ပညာရည်ကောင်းမွန်ပြီး ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် အားပေးစကားများပြောကြားခဲ့ပြီး ကျေးရွာရပ်မိရပ်ဖဖြစ်သော ကျောင်းဖွင့်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှဒွေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အထိမ်းအမှတ်အလံကို ထနောင်းကွင်းကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးအေးက မြို့နယ်ပညာရေးမှူးရုံး စာရေးကြီးဦးကြည်ဝင်းထံ ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာ (NGO) အဖွဲ့ဝင်များနှင့် ဒေသခံကျေးရွာများရှိ မိဘပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေး

**ဗန်းမော် ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အလင်း BLOD လူဦးရေအခြေပြုအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက Friend Ship Hotel ခန်းမ၌ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးအေးမင်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်၊ BLOD လူဦးရေအခြေပြုအဖွဲ့ဒါရိုက်တာ ဦးဇော်ဂျာ၊ CSOs+Project Coordinator ဦးထီးဖောနှင့် ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီမြို့နယ်များရှိ အခြေပြုအဖွဲ့ကိုးဖွဲ့မှ အဖွဲ့ဝင် ၁၈ ဦး စုစုပေါင်း ၂၉ ဦးတက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်ဖက်အဖွဲ့အစည်းများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး အလင်း BLOD လူဦးရေအခြေပြုအဖွဲ့ဒါရိုက်တာက အမှာစကားပြောကြား၍ CSOs+Project Coordinator ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြင့် နည်းပညာများ၊ အပြန်အလှန်သင်ယူမှုများ ရရှိစေပြီး မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ခရိုင်အတွင်း၌ ဦးစီးဌာနမှလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်လူဦးရေအခြေပြုအဖွဲ့ ဒါရိုက်တာတို့က ပြန်လည်ဖြေကြားဆွေးနွေးပြီး အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းကြောင်းသိရသည်။

**ဆီမီးခုံ-နန်းရီ**

# တောင်သူများသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**မောက်မယ် ဇူလိုင် ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧက ငွေကျပ်တစ်သိန်းဖြင့် ဇူလိုင် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ စတင်ထုတ်ချေး ပေးလျက်ရှိရာ ချေးငွေများထုတ်ချေးပေးရာတွင် ဘဏ်၏ချေးငွေပုံစံစနစ်နှင့်အညီ စိစစ်ထုတ်ချေးပေးနေကြောင်း၊ အချိန်မီပေးဆပ်နိုင်သူများကို ငွေထုတ်ချေးပေးနေကြောင်း၊ နောက်ကျ၍ ပေးဆပ်သူများကို ဒုတိယအကြိမ်ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဘဏ်မှချေးငွေများကို အချိန်မီထုတ်ချေးပေးသကဲ့သို့ တောင်သူများဘက်ကလည်း သတ်မှတ်ထားသည့် ကာလအချိန်အတွင်း အပြီးအစီးပြန်လည်ပေးဆပ်ရန် တာဝန်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးကြည်စိုးက ရှင်းလင်းပြောကြားသည်။

မောက်မယ်မြို့နယ်တွင် ကျေးရွာ ၂၄ ရွာမှ တောင်သူဦးရေ ၂၇၅ ဦး



စိုက်ဧက ၁၂၂၀ အတွက် ချေးငွေကျပ်သိန်း ၁၂၂၀ ကို ဇူလိုင် ၂၃ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၁၄၂)**


## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ စက်ပစ္စည်းကိရိယာများ၊ Work Station နှင့် Software များအား ဌာနအရောက်တန်ဖိုး D.D.P (နေပြည်တော်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Tender No.09/Survey Equipment/SD/ 2014-2015 Dell (Desktop Computer) (Intel Core i5 Processor) with 23" Monitor & UPS | 10 Sets |
| (ခ) | Tender No.10/Survey Equipment/SD/ 2014-2015 Dell(Laptop Computer) (Intel Core i5 or i7) | 3 Nos |
| (ဂ) | Tender No.11/Survey Equipment/SD/ 2014-2015 Differential GPS (Brand: Trimble/Leica) (Complete set with One Base + Two Rovers System) | 1 Set |
| (ဃ) | Tender No.12/Survey Equipment/SD/ 2014-2015 Handheld GPS (Garmin: Montana 650 t) | 20 Nos |
| (င) | Tender No.13/Survey Equipment/SD/ 2014-2015 Total Station (Standard set with Survey Grade) | 2 Sets |
| (စ) | Tender No.14/Survey Equipment/SD/ 2014-2015 Digital Level (Brand: Trimble) Standard Set | 3 Sets |
| (ဆ) | Tender No.15/Survey Equipment/SD/ 2014-2015 Handheld Distancer | 6 Nos |
| (ဇ) | Tender No.16/Survey Equipment/SD/ 2014-2015 Summit Evolution "Professsional" Software with Dell Precision T 7600 Hardware(Complete Workstation) | 2 Sets |
| (ဈ) | Tender No.17/Survey Equipment/SD/ 2014-2015 Arc GIS "Professional" Software | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၂-၈-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၅**



## အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော ရေယာဉ်ဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်**



## ဆေးတက္ကသိုလ်(၁) ရန်ကုန်
## (၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၆-၉-၂၀၁၄ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၅-၉-၂၀၁၄ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။

၁။ ၂၀၁၄ခုနှစ် မတ်လမှ ဇူလိုင်လအထိ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာအောင်မြင်ပြီးသူများ။

၂။ ၂၀၁၃ခုနှစ် ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (နောက်ဆက်တွဲ) စာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ် ထမ်းဆောင်ပြီးသူများ။

(ထိုကာလမတိုင်မီက အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ ကျပ်
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ ကျပ်
**လျှောက်လွှာပိတ်ရက်** - ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့)

သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁ ၁/၂"×၂"နောက်ခံအပြာနုရောင်ကာလာဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားကြရမည်။

**မှတ်ချက်။** ။ ဓာတ်ပုံတွင် အမျိုးသားများသည် လည်ကတုံးအင်္ကျီအဖြူ(သို့)အနောက်တိုင်းဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာအင်္ကျီရင်ဖုံး(သို့)ရင်စေ့ နားရွက်ပေါ်ပုံ ဖြစ်ရမည်။ ဆံပင်ဆေးဆိုးထားခြင်းမရှိရပါ။

အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲ/ဘွဲ့လွန်ဌာနစု ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇၊ ၂၅၁၅၉၆ လိုင်းခွဲ(၂၃)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သန္တာစိုး**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နွားစာပြောင်းများ ဖြစ်ထွန်းမှုနည်း

**စစ်ကိုင်း ဇူလိုင် ၂၄**

စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာတွင် ယခုနှစ်၌ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် နွားစာပြောင်းပင်များ အပင်ပေါက်နည်းပြီး နွားစာပြောင်းများ ရှားပါးနေကြောင်း သိရသည်။

"နှစ်စဉ် ဒီလောက် မိုးမခေါင်ပါဘူး၊ အခုမိုးခေါင်တော့ နွားစာအဖြစ်စိုက်ပျိုးထားတဲ့ပြောင်းပင်တွေ မဖြစ်ထွန်းတော့ဘူး၊ နွားစာလည်း အခက်အခဲရှိနေလို့ တခြားရွာတွေကနေ မျှဝယ်ပြီး ကျွေးနေရတယ်" ဟု တောင်ရင်းကျေးရွာမှ ဦးဝင်းမြင့်က ပြောသည်။ ကျေးရွာသုံးရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေကြောင်းနှင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကျေးရွာပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြေယာကိစ္စများ ဆောင်ရွက်ထားမှု လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ ဇူလိုင် ၂၄**

စုံစမ်းရေးကော်မရှင် အစီရင်ခံစာ အပိုင်း (၁) ၊ (၂)၊ (၃)နှင့် အပိုင်း (၅)ပါ မြေယာအမှုကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၀ ရက်က ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ညွန့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် ပြည်နယ်မြေယာအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ရခိုင်ပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခဲ့မှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ပြည်သူ့လွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ သိမ်းဆည်း လယ်ယာမြေများကို မူလပိုင်ရှင်များသို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်နိုင်ရေး အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အဓိက ရည်ရွယ်ချက်ဖြင့် လာရောက်ညှိနှိုင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ပြည်နယ်မြေစာရင်းဦးစီးမှူးက ပြည်သူ့လွှတ်တော်စုံစမ်းရေးကော်မရှင် အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃) နှင့် အပိုင်း (၅)ပါ မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**



# အာဇာနည်နေ့အထိမ်းအမှတ်ပြခန်း ကြည့်ရှုသူများစည်ကား

**ပုသိမ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကန်သာယာကွင်း၌ (၆၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပြခန်းကို ဇူလိုင် ၁၉ ရက်မှစ၍ ပြသထားရာ နောက်ဆုံးနေ့ဖြစ်သော ဇူလိုင် ၂၂ရက်တွင် လာရောက်ကြည့်ရှုသူများပြားလျက်ရှိသည်။

ပြခန်းတွင် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံရမှု ပန်းချီပြကွက်၊ အာဇာနည်ခေါင်းဆောင်ကိုးဦး၏ အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ လှုပ်ရှားမှု၊ မိသားစုဘဝ၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးမိန့်ခွန်းနှင့် အဆိုအမိန့်များကို ပြသထားရာ ပုသိမ်မြို့ပေါ်ရှိ ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အဆက်မပြတ်လာရောက် လေ့လာကြည့်ရှုကြပြီး ပြခန်းနောက်ဆုံးနေ့ဖြစ်သဖြင့် ယခင်နှစ်ရက်ထက် ကြည့်ရှုသူများ ပိုမိုများပြားစွာ လာရောက်ကြကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေး မော်ကျွန်း၌ ဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၄**

မော်လမြိုင်ကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အာရောဂျ လူမှုကူညီရေးအသင်းတို့ပူးပေါင်းပြီး ဇူလိုင် ၁၅ ရက်မှစ၍ မော်လမြိုင်ကျွန်းမြို့ပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးနေမျိုးလင်းနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ အာရောဂျ လူမှုကူညီရေးအသင်း အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးလုပ်သားများနှင့် အဖွဲ့အစည်းများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းတွင်း ကျောင်းပြင်တို့တွင်လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့ အမှတ် (၂)ရပ်ကွက်ရှိ လူနေအိမ်ပတ်ဝန်းကျင်များနှင့် ရေသွယ်မြောင်းများတွင်လည်းကောင်း ခြင်နှိမ်နင်းရေး၊ ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**


**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖျာပုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာကျောင်းတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၁၄×၃၆)ပေ (၂)ထပ် (၂၀×၁၅)ပေ ဆင်ဝင်အပါအဝင် RC ကျောင်းဆောင် ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

(ခ) (၂၀×၁၅)ပေ မီးဖိုချောင်နှင့် (၆၈×၃၀)ပေ စားရိပ်သာ RCတစ်လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ဒီဇိုင်းပုံစံအတိုင်းတွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရပါမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၄-၇-၂၀၁၄ ရက်မှစတင် ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၅-၈-၂၀၁၄ ရက် ၁၆:၃၀ နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃၊ ၂၅၂၇၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၁)၊ စတုတ္ထတန်း(B) မှ မမာလီ၏ ဖခင်အမည်မှန်မှာ ဦးကျခန့် ၁၃/မပတ(နိုင်)၀၀၁၉၄၆ ဖြစ်ပါကြောင်း။ **ဦးကျခန့်**

**အမည်ပြောင်း**

ဦးစိုင်းနော်၏သား ကျိုင်းတုံမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စိုင်းညီညီအောင် ၁၃/တခလ(နိုင်)၀၉၃၄၆၆ အား စိုင်းဇေယျာပိုင်ဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **စိုင်းဇေယျာပိုင်ဟိန်း**

**အမည်ပြောင်း**

ဦးစိုင်းဇစ်၏သမီး ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနန်းပေါက် ၁၃/တခလ(နိုင်)၁၀၀၇၄၉ အား နန်းထက်နှင်းဖူးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းထက်နှင်းဖူး**

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ဝယ်ယူလိုပါ၍ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | မီးစက် | ၁ လုံး |
| (ခ) | မိတ္တူကူးစက် A3 | ၅ လုံး |
| (ဂ) | Computer | ၁၇ လုံး |
| (ဃ) | UPS 650V A | ၁၇ လုံး |
| (င) | Laser Printer | ၁၇ လုံး |
| (စ) | Fax (Plain Paper Fascimile) | ၁ လုံး |
| (ဆ) | မြန်မာလက်နှိပ်စက် ၁၈ လက်မ | ၄ လုံး |
| (ဇ) | ကွန်ပျူတာတင်စားပွဲ | ၁၇ လုံး |

၂။ တင်ဒါလျှောက်ထားရာတွင် အထက်ဖော်ပြပါပစ္စည်းအမျိုးအစားများ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြပါရှိရမည်ဖြစ်ပြီး တင်ဒါပုံစံများကို ၂၈-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ရက် အထိ ရောင်းချပေးမည်ဖြစ်ပါသည်။ ၄-၈-၂၀၁၄ရက် နံနက် ၁၁:၀၀ နာရီ တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ စုံစမ်းရန်မှာ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး ဖုန်း-၀၆၃-၂၈၄၇၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ဃ/၅၀၁၆၈၊ Luojiaဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေနေအောင် ၉/ခအဇ(နိုင်)၀၁၉၆၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် လာရောက်ကုသနေသောလူနာများအား လိုအပ်သာဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် -၂၉-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၉-၈-၂၀၁၄ ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ**
**ဖုန်း-၀၁-၆၆၀၇၁၅**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ပေါင်းလောင်း ၂၊ မြေကွက်/ဦးပိုင်အမှတ် ၁၉ ဒသမ ၂၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဝင်းနိုင်ထွန်း အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးရဲမြင့်ထွန်း (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၁၄/မမန(နိုင်)၀၀၂၇၇၃ (ဘ) ဦးတင်လှက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ခင်ဦး၌ မိုးစပါးစိုက်ပျိုးရန် သိပ္ပံနည်းကျပေါင် စနစ်ဖြင့် ပျိုးထောင်

**ခင်ဦး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်သီရိရပ်၊ ကွင်းအမှတ်(၂၄၃၇) တောင်သူ ဦးဖြိုးဝေအောင်၏ ပျိုးခင်း၌ ရွှေဘိုပေါ်ဆန်း မိုးစပါး လေးဧက စိုက်ပျိုးရန် သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းကို ဇူလိုင် ၂၀ ရက်က ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများက ကြီးကြပ်၍ ကူညီဆောင်ရွက်ပေးခဲ့သည်။

ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ရာတွင် တစ်ဧကအတွက် ပျိုးပေါင် ၁၂၀ ပေ၊ အကျယ် ၃ ပေနှုန်းဖြင့် ခုနစ်ပေါင်ပြုလုပ်၍ ဆစ်ပိုးရောဂါကာကွယ်ရန် ဖျူရာဒန် တစ်ထုပ်ထည့်ပြီး ခြောက်ပြည်မှ ရှစ်ပြည်နှုန်း အထိကြဲနိုင်ကြောင်းနှင့် ပျိုးကြဲထားသော စပါးများကို ကြွက်အန္တရာယ်၊ ရေထိန်းအားကောင်းရန်နှင့် ပျိုးနုတ်ရာတွင်လွယ်ကူစေရန် ဖွဲပြာဖြင့်ဖုံးအုပ်ထားရကြောင်း စသည့်စနစ်တကျ ပျိုးထောင်စိုက်ပျိုးနည်းများကို စိုက်ပျိုးရေးဦးစီးမှူးက ပြသသည်။

ယခင်က ပျိုးကြဲရာတွင် တစ်ဧကအတွက် နှစ်တင်း၊ သုံးတင်းကြဲရပြီး ပျိုးနုတ်ရာတွင်လည်း ပျိုးပင်များပြတ်ခြင်းမျိုး ကြုံတွေ့ရကြောင်း၊ ယခုပေါင်ပျိုးစနစ်နှင့် ပျိုးထောင်သည့်အတွက် တစ်ဧက ခုနစ်ပြည်နှုန်းဖြင့် လေးဧကအတွက် ၂၈ ပြည်သာကြဲရသောကြောင့် မျိုးစပါးကုန်ကျစရိတ်သက်သာပြီး ရက်တိုတိုနှင့် လွယ်လွယ်ကူကူနုတ်ယူ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးသူတောင်သူများအနေနှင့် ငွေကုန်ကြေးကျသက်သာပြီး ပိုမိုအကျိုးရှိကြောင်း တောင်သူဦးဖြိုးဝေအောင်က ပြောသည်။

**ခင်ဦးစိုးဝေ**




# သဘာဝဘေးကြိုတင်သတိပေးစနစ် ဆောင်ရွက်ရေးဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များအတွက် စ-လယ်-ဆုံး ကြိုတင်သတိပေးစနစ်ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး တတိယအကြိမ် ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဒုတိယညွှန်ကြားရေးမှူး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ JICA မှ မစ္စတာရိုရှိဟီကိုအူချီကူရာနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးက အမှာစကားပြောကြားပြီး JICA မှ မစ္စတာရိုရှိဟီကိုအူချီကူရာက ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပရခြင်းမှာ တတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ခဲ့သည်။ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ဇူလိုင် ၂၃ ရက်တွင် အစိုးရအဖွဲ့နှင့် ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကာ ဇူလိုင် ၂၄ ရက်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် မြို့နယ်များနှင့် အထောက်အကူပြုအဖွဲ့များပါ ဖိတ်ကြား၍ ဆွေးနွေးသွားမည်ဟု သိရသည်။ ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းပပကျော်က ဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေ၊ စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အထွေထွေကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးသည်။

ကြိုတင်သတိပေးစနစ်နှင့် အထွေထွေ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ အကြီးတန်းစာရေး ဦးဟန်လင်းထွဋ်က ရှင်းလင်းဆွေးနွေးကာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ ဆွေးနွေးပွဲကို ဇူလိုင် ၂၄ အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လှူဒါန်းယာဉ်နံပါတ်ပြားအောက်ခံ အစိမ်းရောင် အသုံးပြုမည်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်တွင်း ပြည်ပအလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ၊ NGO၊ INGO အဖွဲ့များသို့ လှူဒါန်းလာသည့်မော်တော်ယာဉ်များအား လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ မူသေနံပါတ်ပြားအရောင် ပြောင်းလဲသုံးစွဲမည်ဟု သိရသည်။

လှူဒါန်းသည့် သာသနာရေးဆိုင်ရာယာဉ်များအား RLG ဖြင့် အောက်ခံအဝါရောင် စာလုံးအနက်ရောင်၊ နိဗ္ဗာန်ယာဉ်များအား HSE ဖြင့် အောက်ခံအနက်ရောင်စာလုံး၊ အဖြူရောင်နှင့် ကျန်လှူဒါန်းယာဉ်များအား မူသေအမှတ် နံပါတ်ပြား၊ အောက်ခံအစိမ်းရောင်၊ ဒေသသင်္ကေတ၊ အက္ခရာ၊ ဂဏန်းများအား အဖြူရောင်ဖြင့် ရေးသားထားသည်။

မူသေနံပါတ်ပြား၏ အလျားမှာ ၃၆၅ မီလီမီတာ၊ အနံမှာ ၁၆၅ မီလီမီတာ၊ ထုတစ်မီလီမီတာရှိပြီး မြန်မာနိုင်ငံတွင် နံပါတ်ပြားအောက်ခံ အနက်ရောင်၊အဖြူရောင်၊ အနီရောင်၊ အဝါရောင်၊ အပြာရောင်များသာ တွေ့မြင်နေရာမှ ယခုအခါ အောက်ခံအစိမ်းရောင် နံပါတ်ပြားများကိုပါ ထပ်မံမြင်တွေ့ကြရပါတော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာတွင် မိုးဦးနှမ်းများ စတင်ရိတ်သိမ်း

**မိတ္ထီလာ ဇူလိုင် ၂၄**

မိတ္ထီလာတွင် မိုးဦးအစောပိုင်း စိုက်ပျိုးအောင်မြင်သည့် မိုးဦးနှမ်းများကို လျှော်ဖြူကန်ကျေးရွာမှ နှမ်းစိုက် တောင်သူအချို့ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"မိုးဦးအစောပိုင်းမှာ စိုက်ပျိုးခဲ့တာမို့ မိုးရပြီး မိုးဦးနှမ်းအချို့ အောင်မြင်ခဲ့တာပါ။ ဒီဘက်ကျေးရွာတချို့မှာ မိုးဦးပိုင်းက ရွာသွန်းတဲ့မိုးမိတဲ့ နှမ်းခင်းတချို့တလေပဲ စိုက်ပျိုးအောင်မြင်တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းကဆို နှမ်းတွေ ဒီထက်မက နှမ်းစိုက် တောင်သူတိုင်းရကြတယ်" ဟု လျှော်ဖြူကန်ကျေးရွာမှ မိုးဦးနှမ်း စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ဒေသခံတောင်သူများ စိုက်ပျိုးသည့် မိုးဦးနှမ်းစိုက်ပျိုးအောင်မြင်မှု နည်းပါးခြင်းကြောင့် ဆီထွက်သီးနှံ နှမ်းဈေးနှုန်းများ ဈေးကောင်းရလျက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၃၃၀၀၀ ဝန်းကျင်အထိ ဈေးရကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် ပလတ်စတစ်မိုးကာစ(အထူ) အဖြူ (၇ပေ×၁၅၀ပေ) အမျိုးအစား ၆၀၀ လိပ် ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၅-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၈-၂၀၁၄ ရက်၊ ၁၄း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅**



ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အတွင်း (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်းများမပါ)မြို့နယ် (၃၁)မြို့နယ်ရှိ ကျေးရွာ ၂၃၉ရွာတွင် ဆောင်ရွက်မည့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၂၃၉ခု အတွက် လိုအပ်သော အောက်ဖော်ပြပါရေပိုက်များကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ၂" Ø PVC ပိုက် (13.5mm) ၁၉'အရှည် = ၁၆၃၇၅၅ လုံး
(ခ) ၃" Ø PVC ပိုက် (13.5mm) ၁၉'အရှည် = ၁၁၉၀ လုံး
(ဂ) ၄" Ø PVC ပိုက် (13.5mm) ၁၉'အရှည် = ၃၉၆၉ လုံး

၂။ (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၄ရက်မှ ၂၇-၈-၂၀၁၄ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၈-၈-၂၀၁၄ရက်၊ ၁၆း၀၀နာရီအထိ
(ဂ) **ရောင်းချမည့်နေရာနှင့်တင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး

၃။ အသေးစိတ်သိရှိလိုသည့်အချက်များကို ဤဦးစီးဌာန၏ ဖုန်း-၀၈၁-၂၁၂၄၂၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၂၅/က၊ မြေကွက်တည်နေရာအမှတ် ၈၂၅(က)၊ ရတနာပုံ ၂ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးလှမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်အေးသိန်း ၁၂/သကတ(နိုင်)၀၂၈၀၄၉ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၁၅၆/၁၄/၂၄-၆-၂၀၁၄ရသူ ဒေါ်နုနုနွယ် ၁၂/ဥကတ(နိုင်)၁၄၉၈၄၃မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ မြေကွက်အမှတ် ၈၂၅/ခ၊ မြေကွက်တည်နေရာအမှတ်၈၂၅(ခ)၊ ရတနာပုံ ၂လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁)ဦးလှမြင့်၊ (၂)ဦးစိုးမင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဦးလှမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသောဇနီးဖြစ်သူဒေါ်အေးသိန်း၁၂/သကတ(နိုင်)၀၂၈၀၄၉ မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးမင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ငွေ ၁၂/သကတ(နိုင်)၀၇၀၄၅၃ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၁၅၆/၂၀၁၄)နှင့် (၁၇၁၅၇/၂၀၁၄)ရသူ ဒေါ်နုနုနွယ် ၁၂/ဥကတ(နိုင်)၁၄၉၈၄၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၆)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃၅H)၊ မြေကွက်အမှတ် ၇၁၉၊ ဧရိယာပေ(၂၀×၄၀) အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေသည် ဒေါ်ရှုကြည်(ခ) ဒေါ်ခင်ခင်ကြူအမည်ပေါက် ဖြစ်ပါသည်။ အမည်ပေါက်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၇၀၂/၂၀၁၄ဖြင့် ဒေါ်ခင်ငွေး ၁၂/ဗဟန(နိုင်)၀၆၃၇၉၆ မှ ဝယ်ယူပိုင်ဆိုင်ပါသည်။ ဒေါ်ခင်ငွေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြူကြူမာ ၉/နထက(နိုင်)၁၀၄၄၄၆ ထံမှ အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ သုံးထပ်တိုက်၏ မြေညီထပ်တိုက်ခန်း အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဝေ(စဉ်-၇၁၂၄)**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)** | **ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
**တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေ**
**အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂**



## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မိုး ၁၂/သလန(နိုင်)၀၀၀၁၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ မထီကွင်း၊ ကွင်း အမှတ် (၄၄၄)၊ ဦးပိုင်အမှတ် (၃၀)ရှိ မြေဧရိယာ ၂ ဒသမ ၃၅ဧကအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်အေး ၁၂/ဒဂတ(နိုင်)၀၆၉၇၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မိုးက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်း/အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ချမ်းငြိမ်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၉၀၁၉)**
**အမှတ် (၁၇)၊ ကနကမာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၃၁၈၆၂၈၃၃**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပုဂံသူ့အနုပညာပြခန်း၌ကျင်းပသည့် ပုဂံဓာတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ်အလှမယ် ပန်းချီ၊ ပန်းပု သရုပ်ပြရေးဆွဲမှု

**သတင်းနှင့်ဓာတ်ပုံ စိုးဝင်း(SP)**

ပုဂံသူ အနုပညာပြခန်းတွင် ကျင်းပသည့် ပုဂံဓာတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ်အလှမယ် ပန်းချီ၊ ပန်းပုလက်တွေ့ ရေးဆွဲထုလုပ်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် Shwe Gon Plaza Compound ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပုဂံဓာတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ်အလှမယ် ပန်းချီ၊ ပန်းပုလက်တွေ့ ရေးဆွဲထုလုပ်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးရန်ငြိမ်းချမ်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ဝါရင့် ပန်းချီ၊ ပန်းပုပညာရှင်များဖြစ်ကြသည့် ကျော်ကျော်မင်း(ပန်းပု)ပန်းချီ ရွှေမြင့်နှင့် ပန်းချီသာဆန်းတို့က ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ မယ်ဘွဲ့ပေါင်း ၁၂ ဆု ဆွတ်ခူးရရှိခဲ့သော အလှမယ်၊ စာရေးဆရာမ ခင်သန္တာ၏ ပုဂံသူအဖြစ် ဝတ်ဆင်သရုပ်ပြမှုကို မိမိတို့အတတ်ပညာများဖြင့် အသီးသီးလက်စွမ်းပြသခဲ့ကြသည်။

ပြပွဲအတွင်း ၁၂ နှစ်သားအရွယ်ကတည်းကပန်းချီရေးဆွဲခဲ့သော ဝါရင့်ပန်းချီဆရာ ဦးရွှေမြင့်က "ဆရာတို့အခုလို ရေးဆွဲထုလုပ်တာကို ပွဲကြည့်ပရိသတ် မြင်အောင်၊ ရင်းနှီးအောင်လုပ်ပြတာပါ၊ ဒီလိုပန်းချီ၊ ပန်းပုကိုကျတော့ ဆိုင်မှာအပ်ပြီး အိမ်ကိုပဲယူသွားကြ တာလေ၊ ဒီလိုပွဲလုပ်လိုက်တော့ ပရိသတ်လည်း လက်တွေ့ဘယ်လို ပုံဖော်ရတယ်ဆိုတာ တွေ့သွားတာပေ့ါနော်၊ ဆရာက ဒီပညာရပ်ကိုဝါသနာအလွန်ထုံခဲ့ပါတယ်၊ ၁၂ နှစ်သားကတည်းက လိုက်စားလာခဲ့တာပါ၊ ဆရာနဲ့ ဦးကျော်ကျော်မင်း(ပန်းပု) ကနှစ်ယောက်တွဲမိတယ်လေ၊ ဒီနေ့ ဒီပန်းချီကတော့ပုံတူကိုယ်တစ်ပိုင်း ရေးဆွဲသွားမှာပါ၊ ညနေ ၃ နာရီဝန်းကျင်ဆို ရုပ်ပုံအထင်အရှားပေါ်ပါပြီ" ဟု ပန်းချီရေးဆွဲရင်းပြောခဲ့သည်။

ပန်းချီဆရာ ဦးရွှေမြင့်နှင့် အကြိမ် (၅၀)မြောက် တွဲဖက်ပြသခဲ့ဖူးသော ဝါရင့်ပညာရှင် ဦးကျော်ကျော်မင်း(ပန်းပု)ကလည်း "ဒီနေ့ လုပ်တဲ့ပွဲကတော့ တကယ့်ကို တွဲဖက်ပြီးလုပ်ဆောင်ရတဲ့ ပန်းချီ၊ ပန်းပု လက်တွေ့ပေါင်းစပ်တဲ့ပွဲလေးပါ၊ ပန်းပုပညာက အပေါင်းနည်းနဲ့ အနုတ်နည်းဆိုပြီး နှစ်မျိုးရှိပါတယ်၊ အပေါင်းနည်းကတော့ဘာမှမရှိတဲ့နေရာကို ပန်းပုထုရင်းရုပ်ပုံပေါ်သွားတယ်၊ အနုတ်နည်းကျတော့ ဥပမာအရ သစ်သားဆိုရင် အကွက်တွေရိုက်ပြီး အရုပ်ကိုထုထွင်းပြီး ပြုလုပ်ရတာပါ၊ စကျင်ကျောက်နဲ့ထွင်းမယ်ဆိုရင်လည်းကျောက်တုံးကိုဘေးမှာချထားပြီးထွင်းရပါတယ်၊ ဒါပေမယ့် လူပုံတူ ထွင်းရတာကတော့ အပေါင်းရော အနုတ်ပါ ပေါင်းစပ်ပြီးရော လုပ်ရတာပါ၊ ဒီပညာကလည်းကျွန်တော့်အဖေဆီက ရခဲ့တာဖြစ်ပါတယ်၊ ဒီနေ့လူပုံတူပန်းပုကတော့ ကိုယ်တစ်ပိုင်းပုံတူပြုလုပ်မှာပါ၊ ရွှံ့စေးပန်းပုဖြစ်ပါတယ်၊ ညနေ ၃ နာရီ လောက်ဆိုပြီးသွားမှာပါ" ဟု ပန်းပုထုလုပ်နေရင်းရှင်းပြခဲ့သည်။

ထို့အပြင် ပြပွဲအတွင်းဓာတ်ပုံပညာရှင်များဖြစ်ကြသော ဖူဂျီကိုပေါက်၊ ကျော်ကျော်ဝင်း (သမဝါယမတက္ကသိုလ်)၊ မြင့်ဝေ၊ ခွန်ဆန်းဦး(Art သစ်ဆန်း)၊ ခွန်နေထက်မျိုး(Art သစ်ဆန်း)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ ဦးထွန်းဝေ၊ ဇော်ဇော်ထွန်း၊ လှိုင်မိုး၊ အောင်အောင်(ပပဝင်း)၊ ကျော်ကျော်မြင့်(ရတနာ)၊ ဦးတင်ထက်၊ ကိုကျော်စိုးနှင့်ရဲထူးအောင် တို့၏ လက်ရာမြောက် ဓာတ်ပုံကားချပ်အရေအတွက် ၂၁၀ ကို ခင်းကျင်းပြသထားကာ ဇူလိုင် ၂၄ ရက်တွင် မော်ဒယ်သရုပ်ဆောင် နွေးနုနုနိုင်နှင့် ဇူလိုင် ၂၅ ရက်တွင် မော်ဒယ်သရုပ်ဆောင်နှင့် ဗီဒီယိုသရုပ်ဆောင် သူဇာမောင်တို့၏ ပုံတူပန်းချီများကို ရေးဆွဲပြသသွားမည်ဖြစ်ကြောင်း ပုဂံဓာတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ်အလှမယ် ပန်းချီ၊ ပန်းပုသရုပ်ပြရေးဆွဲပွဲမှ သိရသည်။





## ထန်းပင်ကုန်း၌ စံပယ်လမ်းမကြီးဖွင့်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု (၉) ထန်းပင်ကုန်းတွင် တိုးချဲ့ပြုပြင်ပြီးသော စံပယ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပခဲ့သည်။

ယင်းဖွင့်ပွဲအခမ်းအနားသို့ (အင်းစိန်-မင်္ဂလာဒုံ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေး အဖွဲ့ဝင်များ၊ အလှူရှင်များ၊ လမ်းသူ၊ လမ်းသားများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး စံပယ်လမ်းမကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စံပယ်လမ်းကို မတ် ၁၅ ရက်က စတင်၍ လမ်းတိုးချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီး ဇူလိုင် ၁၆ရက်တွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ လမ်းအရှည် ပေ ၂၀၀၀၊ လမ်းအကျယ် ပေ ၂၀ ဖြစ်ပြီး ကွန်ကရစ်ထု ခြောက်လက်မနှင့် ကတ္တရာထပ်ပိုးလွှာ ၁၂ လက်မတို့ဖြစ်ပြီး စံပယ်လမ်း ကိုယ့်အားကိုယ်ကိုး လမ်းတိုးချဲ့ရေးကော်မတီက အလှူငွေကျပ် ၆၀၅၇၀၅၀၀ ကျပ်ဖြင့် ဆောက်လုပ်ခဲ့သည်။

**မြင့်ဦး-အင်းစိန်**

## သတင်းတို

## နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၆) နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပြီး ကတ်ပြားများပေးအပ်ပွဲကို ဇူလိုင် ၁၆ ရက်က ရုံးသာကျေးရွာ၌ကျင်းပရာ ဝက်လက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရဲတင့်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်နှင့် တိုက်နယ်မှူးဦးစိုးမင်းတို့က နိုင်ငံသားစိစစ်ရေးကတ် ၇၁ ကတ်ကို ကျေးရွာပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**နန်းမြင့်**


### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ IP Transit Services 2014-II အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ Internet Backbone တွင်အသုံးပြုရန်လိုအပ်သော IP Transit Services ကို အောက်ဖော်ပြပါဆက်ကြောင်းများမှ နိုင်ငံခြားငွေဖြင့် ပေးချေဆောင်ရွက်လိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ဆက်ကြောင်း | ပမာဏ |
|---|---|---|
| ၁ | မြန်မာ-ထိုင်းနယ်စပ်ဖြတ်ကျော်ဖိုင်ဘာ(တာချီလိတ်) | 1x10G |
| ၂ | မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော်ဖိုင်ဘာ(မူဆယ်) | 1x10G |

၂။ အိတ်ဖွင့်တင်ဒါများ (Technical and Requirement Proposal)ကို ၁၅-၈-၂၀၁၄ ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ဈေးနှုန်းတင်ပြလွှာများကို ဈေးနှုန်းတင်ပြရန်ခေါ်ယူသောနေ့မှသာတစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

၄။ တင်ဒါပုံစံများကို ၂၁-၇-၂၀၁၄ ရက်မှစ၍ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၁၁၈၊ ၀၉-၄၅၀၀၀၀၁၄၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ကျောက်မဲခရိုင်နယ်တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂**

ဦးတင်မောင်ဝင်း
သီပေါမြို့၊
ရွှေကမ္ဘာမိသားစုစက်သုံးဆီ
ရောင်းဝယ်ရေး
(ယခုနေရပ်လိပ်စာမသိ)
**တရားလို**

**နှင့်**

၁။ ဒေါ်ဖြူဖြူ (ကွယ်လွန်သူ ဒေါ်ညွန့်ညွန့်ဆွေ၏ တရားဝင်ကိုယ်စားလှယ်စာရသူ)
၂။ ဦးစိုင်းဝင်းအောင်
၃။ ဒေါ်ငွေဝင်းကြူ
တောင်မြို့ရပ်ကွက်၊ နယ်မြေ(၉)ရပ်နေ
**တရားပြိုင်များ**

ဦးစိုင်းဝင်းအောင်၊ ဒေါ်ငွေဝင်းကြူ (အတူနေလင်မယား)သိစေရမည်။

သင့်အပေါ်၌ ဦးတင်မောင်ဝင်းက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၃ အရ ဝရမ်းကပ်ထားသောပစ္စည်း၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၆ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါဆွေ)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**



### ပျောက်ဆုံးကြော်ငြာခြင်း

တိုက် (B/1)၊ အခန်း (101)၊ TOSTA အိမ်ရာ၊ ၆၅ရပ်ကွက်၊ ရောဝဏ်လမ်း၊ ဒဂုံ(တောင်)ရှိ တိုက်ခန်းဝယ်စာချုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အထက်ပါလိပ်စာအား ပေးပို့ပေးနိုင်ပါရန်။

**ဦးကျော်ဦး**
**၁၂/ဗဟန(နိုင်)၀၆၀၁၆၉**
**ဖုန်း-၀၉-၅၁၂၄၅၆၁**



### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၆၉၊ မြေကွက်တည်နေရာအမှတ်၆၉၊ ဝေဇယန္တာလမ်းနှင့် (၁)လမ်းထောင့်၊ ၈ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးရွှေ(ခ)အင်ကီတပ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးရွှေ(ခ) အင်ကီတပ်၊ (မိခင်)ဒေါ်ခင်စန်းရီ(ခ)တန်ရှုငေါ် တို့ ကွယ်လွန်သဖြင့် ဒေါ်တင်တင်မွေး ၁၂/လသန(နိုင်)၀၁၅၃၄၄၊ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅၊ ဒေါ်ယဉ်ယဉ်မွေး ၁၂/လသန(နိုင်) ၀၀၅၃၃၅၊ ဦးကျော်လင်း ၁၂/လသန(နိုင်)၀၀၅၂၃၇၊ ဦးအောင်ကျော်ဝင်း ၁၂/လသန(နိုင်)၀၀၅၃၃၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### အများပြင်ဖတ်ရှုပါရန်

၁၅-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၅၊ ၁၈-၇-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၃၊ ၁၆-၇-၂၀၁၄ရက်ထုတ် မြို့တော်သတင်းစာ စာမျက်နှာ-၁၀ တို့တွင် ကန့်ကွက်ကြော်ငြာတွင် ဒေါ်လှကြည်(အစား) ဒေါ်လှနုကြည်ဟု ပြန်လည် ပြင်ဆင်ဖတ်ရှုပါရန်။



### ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၉၇၀၀၊ ၆ဂ/၈၂၃၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်ခင်ဇော် ၈/ပခက(နိုင်) ၀၀၉၄၄၆ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၂၃၀၁၅၃၃**



**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ဦးခါးရ်ကားဗဟာ၏သား ကလေးမြို့၊ အ.ထ.က(ခွဲ) အ.လ.က(၂) တက္ကသိုလ်ဝင်တန်းမှ မောင်ရောဗက်တူမော်၏ အမည်မှန်မှာ မောင်ရောဘတ်တူးမော်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁.၂.၁၉၉၉ ဖြစ်ပါကြောင်း။ **မောင်ရောဘတ်တူးမော်**

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်စီ
## အသက်(၉၅)နှစ်

ဦးလှငွေ(Vice Chairman, မိုးမခနဂါးကုမ္ပဏီလီမိတက်)-ဒေါ်ရွှေရင် (ကြောင်နက်မင်းကုမ္ပဏီ) တို့၏မိခင်ကြီး ဒေါ်စီ အသက်(၉၅)နှစ်သည် ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**(နေကြယ်ဦးကုမ္ပဏီများအုပ်စု)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်အေးထိန် (အဘစ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်)
### အသက်(၉၃)နှစ်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အဘစ်ကျေးရွာနေ (ဦးရှုတ်ကလေး-ဒေါ် ငွေဖြူ)တို့၏ သမီး၊ ဦးပါလွင်၏ဇနီး၊ မကျင်သန်း၊ကိုဝင်းတင်-မတင်ရီ၊ ကိုသိန်းဝင်း-မနော်ဂရီးလာ၊ ကိုကျော်ထွန်း-မသန်းနု၊ မအေးရှင်၊ ကိုဝင်းနိုင်-မစန်းတင့် (ရွှေပန်းထိမ်လုပ်ငန်း)၊ မောင်မြင့်ဆန်းလွင်-မသန်းသန်းဝင်းတို့၏မိခင်၊ မြေး ၁၆ယောက်တို့၏ အဘွားသည် ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တိုက်အမှတ် ၅၄၊ အခန်းအမှတ် ၁၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့် မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉

ဦးခင်စိုး နှင့် ဦးတင်ဇော်ဦး
**တရားလို** **တရားပြိုင်**

အမှတ် ၅၁၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင်ဦးတင်ဇော်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၃၀-၁၀-၂၀၀၈)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးစာချုပ် ပဋိညာဉ်အရ စရန်ပေးငွေအပြင် စရန်ငွေ၏နှစ်ဆနှင့်ညီမျှသောငွေ ကျပ် ၂၅၅၀၀၀၀၀/- ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၂ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဟန်သိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၅၀၉ အမည်ပေါက် ဦးဇော်ဇော်အောင်(ခ)ဇော်ဇော် (ထီလာ) ၉/မထလ (နိုင်) ၀၇၀၀၃၀က မြေကွက်အတွက် ငွေသွင်းထားသည့် ငွေသွင်းချလန်မူရင်းပျောက်ဆုံးသွားပါကြောင်းနှင့် အဆိုပါမြေကွက်အား မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

---

# ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၂၆၂/ခ၊ မြေကွက်တည်နေရာအမှတ် (၃/ခ)၊ (၁၃)လမ်း၊ ရန်ကုန်သစ် ဦးသိန်းလွင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းလွင် ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် ၁၂/သဃက(နိုင်)၀၈၅၇၈၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၂၆၉၊ မြေကွက်တည်နေရာအမှတ် ၃၃၊ ရန်ပြေလမ်း (၂၀)အရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးစောဝင်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောဝင်း(ဖခင်)နှင့် ဒေါ်တင်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁)ဒေါ်စန်းစန်းလွင် ၁၂/သကတ(နိုင်) ၁၁၄၇၂၃၊ ဒေါ်ရီရီလွင် ၁၂/သကတ(နိုင်)၁၁၄၇၂၄၊ (၃)ဒေါ်တင်တင်ခိုင် ၁၂/သကတ(နိုင်)၀၄၂၁၃၂၊ (၄) ဒေါ်အေးအေးခိုင် ၁၂/သကတ(နိုင်)၀၄၂၈၂၃၊ (၅)ဒေါ်အေးအေးစိုး ၁၂/သကတ(နိုင်) ၀၄၃၃၃၅တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃E)၊ မြေကွက်အမှတ်-V ၁၀၊ မြေကွက်တည်နေရာအမှတ်-၄၆၊ လော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ် မောင်သန့်မောင်နှင့်မတင်အေး အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၅၂၆/၁၉၆၂ ဖြင့် ပိုင်ဆိုင်လာသူ ဦးဘတင်နှင့်ဇနီး ဒေါ်မြကလေးတို့နှစ်ဦးစလုံး ကွယ်လွန်ပြီး တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၀၈၇၄၅၄မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၈၁၂ (၂၈-၃-၁၄) ဖြင့် ဦးထွန်းထွန်းဝင်း၁၀/သကတ(နိုင်) ၁၈၉၂၇၄သို့ လွှဲအပ်၍ သေစာရင်းမိတ္တူ၊ ဂရန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် + အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄/ကံဘဲ့)၊ မြေကွက်အမှတ် (၅၀)၏ အစိတ်အပိုင်း (၂၆ပေ/၃၁ပေ× ၈၅ပေ)၊ မြေကွက်တည်နေရာအမှတ်(၇၂)၊ သူရလမ်း၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်လှိုင် အမည်ပေါက်၊ A ရွာမြေ၊ လ/န-၃(ခ)ရပြီးမြေအား မရမ်းကုန်းမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၃၇/၂၀၁၃၊ တရားမဇာရီမှုအမှတ် (၂၂/၂၀၁၃)အရ အရောင်းအဝယ်စာချုပ်အမှတ်-၂၉၀၁/ ၉-၆-၂၀၁၄ ဖြင့်ပိုင်ဆိုင်သူ ဦးတင်စိုးမှ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## သာသနာ့ဒါယိကာမကြီး
# ဒေါ်တင်စိန် (ဝါးခယ်မ)
## အသက်(၈၂)နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးတင်မောင်အေး -ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဦးအေးမင်း-ဒေါ်ချိုချိုလှိုင်**
**Shwe Hnit Hlaing Co.,Ltd.**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဆန်းမြင့်(ခ)ဟာရီ
## အသက်(၄၉)နှစ်
## (၂၁-၇-၂၀၁၄)

နှစ်(၃၀)ကျော်ကာလအဆက်မပြတ် တွဲခဲ့ကြပြီး ရုတ်တရက်ခွဲခွာသွားရတဲ့ သူငယ်ချင်းရယ်၊ စိတ်သဘောထားကောင်းလွန်းပြီး သူငယ်ချင်းတွေအပေါ် အမြဲနားလည်ခဲ့တဲ့သူမို့ ငါတို့အားလုံး အရမ်းခံစားရပါတယ်။

အတူတူ စားစားသွားသွား နေခဲ့ကြတဲ့ တို့သူငယ်ချင်းတွေအားလုံးရဲ့ရင်မှာ မင်းကိုအမြဲအမှတ်ရနေမှာပါ။ ကျောင်းသီချင်းလေးတွေဆိုဖြစ်တိုင်းလဲ မင်းကိုလွမ်းနေရဦးမှာပါ။

မြင့်မြတ်ကောင်းမွန်တဲ့ ဘုံဘဝတစ်ခုကို ရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

ဘယ်တော့မှ မမေ့ဘူးသူငယ်ချင်း။

**၁၉၈၇-၈၈ (ရန်ကုန်တက္ကသိုလ်၊ ပင်မ)**
**ရူပဗေဒမှ အချစ်ဆုံးသူငယ်ချင်းများ**
**ရာဂျူး၊ အောင်ကြီး၊ ထူးကြီး၊ ချစ်ကို၊ စိုးမြင့်၊ သင်းမောင်၊**
**ကျော်သူ၊ ရေခဲချောင်း(မော်)၊ အေးအေးစန်း၊ သီဂီ၊ စိုးစိုးခိုင်၊**
**မဖြူ၊ မသလ္လာ၊ အေးအေးသင်း၊ မော်မော်မြင့်၊ ခိုင်ခိုင်ထား၊ မိုးမိုး**

---

# မစန္ဒာဝင်း
## အသက်(၃၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၃၄နေ ဦးဝင်းရွှေ(R/O)-ဒေါ်စန်းမြင့်တို့၏သမီး၊ ဦးရဲထွဋ်-ဒေါ်မေကြည်ဝင်းတို့၏သမီးချွေးမ၊ မောင်တင်ကိုလတ်-မဥမ္မာဦးတို့၏အစ်မ၊ မဝင်းနန္ဒာထွန်း၏ကြီးကြီး၊ မရွှန်းလဲ့ဝေ၊ သားငယ်တို့၏မိခင်၊ ကိုနေအောင်၏ ဇနီးသည် ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဖခင် အမည်မှန်**

ဖျာပုံမြို့၊ ထ(ခွဲ)၊ အလက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးစည်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးဝေလင်းထွဋ် ၁၄/ဘကလ(နိုင်)၁၈၃၂၄၁ ဖြစ်ပါကြောင်း။

---

# ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂·မြောက်၊ မြေကွက်အမှတ် ၁၂၄၆(က)၊ မြေကွက်တည်နေရာအမှတ် ၁၂၄၆/က၊ သဒ္ဒါရုံ ၂လမ်း၊ ၂·မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်စန်း၊ ဒေါ်ကြိုင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်စန်းထံမှ စွန့်လွှတ်စာချုပ် (၁၀၆၅/၂၀၁၄)ဖြင့် ကျန်အမည်ပေါက် ဒေါ်ကြိုင်မှ ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ကြိုင်(မိခင်)နှင့် ဦးထွန်းကြည်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးကျော်ရွှေ ၁၂/သကတ(နိုင်)၁၀၅၃၁၄၊ (၂) ဦးမြသောင်း ၁၂/ဥကတ(နိုင်)၀၄၉၄၆၃၊ (၃)ဦးအေးလှိုင် ၁၂/သကတ(နိုင်)၁၀၅၆၇၉၊ (၄) ဒေါ်တင်ကြိုင် ၁၂/ပဇတ(နိုင်)၀၀၈၅၄၁၊ (၅) ဒေါ်ထွေးထွေးအေး ၁၂/သကတ(နိုင်)၁၈၈၄၆၁၊ ငါးဦးအနက် အမှတ်စဉ် (၁၊ ၂၊ ၄)၊ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၈၁၉/၂၀၁၄)ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၊ ၅)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၈၂၀/၂၀၁၄)ဖြင့်လည်းကောင်းရရှိသူ ဦးစစ်သူအောင် ၇/တငန(နိုင်)၁၄၂၁၁၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)
## ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
## ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအပတ်စဉ်(၁၈)
## အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ဖခင်ကြီး ဗိုလ်ကြီးခင်မောင်လေး (ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဇော်-ဒေါ်မူမူဝင်း**
**မြစ်ကြီးနားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

---

# ဝမ်းနည်းခြင်း
# ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ဖခင် ဦးခင်မောင်လေး ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

**ပါမောက္ခဦးဖေသောင်း(ဒုပါမောက္ခချုပ်-ငြိမ်း၊ လားရှိုးတက္ကသိုလ်)**
**ဒေါ်မြင့်မြင့်စီ(ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၄ တာမွေ)**

---

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
# ဦးကျော်သန်း (သံတွဲမြို့)
## အသက်(၈၂)နှစ်

သံတွဲမြို့၊ (၄)ရပ်ကွက်၊ ရွှေဆံတော် ဘုရားလမ်းနေ (ဦးခလေးလေး-ဒေါ်ညီမကြီး)တို့၏ သား၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန် အိမ်ရာ၊ တိုက် ၇၊ အခန်း ၁၂နေ ဒေါ်တင်မေ၏ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်သောင်းရီ၊ ဦးကျော်အုန်း-ဒေါ်မြင့်မေ၊ ဦးမြင့်သိန်း-ဒေါ်စန်းစန်း၊ ဦးမြင့်နိုင်-ဒေါ်ခင်မိုးမြင့်၊ ဦးကျော်သူရ-ဒေါ်ဥမ္မာလွင်၊ ဦးကျော်ဇေယျ-ဒေါ်သီဂီသက်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၄ရက် နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# အထူးကျေးဇူးတင်ရှိခြင်း
# ဒေါ်ငွေယိမ်း(လပွတ္တာ/မြောင်းမြ)
## အသက်(၈၁)နှစ်

၁၆-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဒေါ်ငွေယိမ်းအား နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်သည့်အချိန်ထိ မေတ္တာဖြင့် ဂရုတစိုက်ပြုစုစောင့်ရှောက်ကုသပေးခဲ့ပါသော သုခကမ္ဘာဆေးရုံမှ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာ ဆရာမများ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အစဉ်အမြဲကူညီစောင့်ရှောက်အားပေးပြုစုပေးခဲ့ကြသော တပည့်များ၊ နာရေးကိစ္စတွင် အစစအရာရာလိုလေသေးမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သော ဆွေမျိုး မိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်ဆရာ ဆရာမများနှင့် တပည့်များအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများနှင့် တပည့်များအားလည်းကောင်း၊ ''တပည့်များ၏ ထာဝစဉ်မိခင်''ဟု ကမ္ပည်းတင်ပြီး ဂုဏ်နှင့်ကျေးဇူးများကို ဖော်ထုတ်ပြခဲ့ကြပါသော တပည့်များအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြပေးခဲ့ကြပါသော မြောင်းမြမြို့ စိုက်/မွေးအထက (၁၉၅၆-၆၀)မှ ဆရာများနှင့် တပည့်များ၊ အထက(၁)မြောင်းမြ (၁၉၆၂-၆၆) အပည့်များ၊ အထက(၆) မြောင်းမြ(၁၉၆၆-၈၃)လုပ်ဖော်ကိုင်ဖက်ဆရာ ဆရာမများနှင့် တပည့်များ၊ အမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ(ရန်ကုန်-မြောင်းမြ)၊ မြောင်းမြမြို့နယ်အသင်းနှင့် မြောင်းမြမြို့နယ်ကြက်ခြေနီမိသားစုများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ကျေးဇူးအထူးတင်ရှိခြင်း
# ဦးမောင်မောင်ကြီး B.A (Eco)
## M.E.P.E (ငြိမ်း)
## အသက်(၇၃)နှစ်

၁၉-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ပြီး ၂၀-၇-၂၀၁၄ ရက်တွင် ရေဝေးမွတ်စလင်ဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးစီးခဲ့သော ဦးမောင်မောင်ကြီး၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ၂၄-၆-၂၀၁၄ရက်တွင် စံပြဆေးရုံတက်ရောက်စဉ် အထူးဂရုစိုက်ကုသပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများကိုလည်းကောင်း၊ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများကိုလည်းကောင်း၊ ဆေးရုံတက်ရောက်စဉ်မှ ကွယ်လွန်သည်အထိ ကိုယ်ရောစိတ်ပါ ကူညီဆောင်ရွက်ပေးသော ဦးသန့်ဇံနှင့် ပြည်တွင်းပြည်ပမှ(ကိုမောင်မောင်မျိုးမင်း)၏ ကျောင်းနေဖက်သူငယ်ချင်းများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်အုန်းမြင့်(ဒိုက်ဦး)
## (မင်္ဂလာဒုံ)
## အသက်(၇၂)နှစ်

ဗိုလ်မှူးကြီးအောင်မြင်ဦး (လေတပ်စခန်းမှူး၊ မြေပြင်အတတ်သင်လေတပ်စခန်း၊ မိတ္ထီလာ)-ဒေါ်ခင်အုန်းမြင့်၏မိခင်၊ ဒေါ်အုန်းမြင့်(ဒိုက်ဦး)သည် ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စတာသ(၂၆)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးခင်မောင်လေး (ငြိမ်း)

**ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)**

**ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)**

**အသက်(၈၄)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ် - ဒေါ်ချယ်ရီတို့၏ ဖခင်ဖြစ်သူ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၇-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန့်စင် မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးခင်မောင်လေး (ငြိမ်း)

**ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)**

**အသက်(၈၄)နှစ်**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီတို့၏ ဖခင်ဖြစ်သူ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)သည် ၁၉-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးစောကြာအင်း**

**နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့**

**တပ်နယ်(၂)ပိုင်ကျုံ၊ ကရင်ပြည်နယ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး၊ ကြည်း/၇၅၆၀ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)ကထိက၊ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့နှင့် ဦးစီးကော်မတီများ**

**ဘာသာမရွေးနာရေးကူညီမှုအသင်း(လားရှိုးမြို့)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး၊ ကြည်း/၇၅၆၀ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)ကထိက၊ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခင်မင်ရင်းနှီးသော မိတ်ဆွေရောင်းရင်းများ**

**လားရှိုးမြို့**

---

# မုတ်သုံလေ

# ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၂၄

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်တောင်ပိုင်း)တွင် ၂ ဒသမ ၉၉ လက်မနှင့် ချောင်းဆုံမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** မိုးအသင့်အတင့်ရွာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျားမိုးရွာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေဆက် လက်အားကောင်းနေမည်။ **(မိုး/ဇလ)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးမြတင် (ငြိမ်း)

**အသက်(၈၅)နှစ်**

ဒေါ်သန်းသန်းတင်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးမြတင်(ငြိမ်း)သည် ၂၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၇)မှ**

**တပည့်မိသားစုများ**

---

**ဘုရား၊ ကျောင်း ဒါယကာ**

## ဦးထွန်းဦး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုကော်မတီဝင်**

**ရှမ်းပြည်နယ်ကော်မတီဝင်၊ တောင်ကြီးမြို့**

**အသက်(၇၇)နှစ်**

ရပ်စောက်မြို့၊ ဈေးတန်းရပ်နေ (ဦးနု-ဒေါ်ခင်)တို့၏သား၊ (ဦးပေါ်များ-ဒေါ်ရွှေမှုန်)တို့၏သားသမက်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ မင်္ဂလာလမ်း၊ တစညပါတီဝင်း၊ အမှတ် ၄/၁နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးလှမိုး-ဒေါ်မော်မော်၊ (မခင်ခင်မျိုး)၊ ဦးသန်းထိုက်(Chief Officer)-ဒေါ်နီလာစိုး(GM.KBZ Bank H.O)၊ (ဦးကျော်မင်းဦး)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်သိမ်း

**အသက်(၆၉)နှစ်**

မကွေးမြို့၊ မင်းကန်ကြီးရပ်ကွက်၊ စိုးကောမင်းရပ်၊ သဟာရလမ်းနေ ဒေါ်ခင်လေးသန့်(ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ခင်ပွန်း ဦးမြင့်သိမ်းသည် ၈-၇-၂၀၁၄ရက် နံနက် ၁း၁၀နာရီတွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အန်တီလေးနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တူ၊ တူမ**

**ဦးဟိန်းသူဝင်း**

**ဒေါ်ဇာဇာချစ်**

**မြို့နယ်အုပ်ချုပ်ရေးမှူး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစံမြင့် (ခ) G. Janardhan Rao (သျှရီကာလီမယ်တော်ဘုရားကျောင်း၊ အတွင်းရေးမှူး)သည် ၂၁-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**

**သျှရီကာလီမယ်တော်ဘုရားကျောင်း**

**ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့**

---

## ဒေါ်မိုးမိုးစန်း(ခ)ဒေါ်နုနုဆွေ

**အသက်(၄၆)နှစ်**

ပြင်ဦးလွင်မြို့၊ ၁၂ ညံတွဲရပ်နေ (ဦးသန်းလှိုင်)-ဒေါ်စမ်းစမ်းတို့၏သမီးကြီး၊ နေပြည်တော် စည်ပင်အိမ်ရာနေ ဗိုလ်ကြီးဝင်းကိုကို(ငြိမ်း) ဌာနစုမှူး(စီမံ)၏ဇနီး၊ မောင်ဟိဏ်းထက်ဝင်းကို(ခ)ဟိဏ်းအာကာထက်၏မိခင်သည် ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅း၂၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်အဲမာမိုး(ခ)နော်အဲနာ

**(Dip in Bibilical Studies)**

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**အမက(၁၃)ဗဟန်းမြို့နယ်**

**အသက်(၆၅)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၁၅/၆၊ ဧရာဝတီဝင်းနေ [စောဂျိုးဇက်(ခ)စောယောသပ်-နော်စိန်ဒွေးမယ်]တို့၏သမီး၊ (ဦးဗဟိန်း-ဒေါ်ပွင့်ဆိုင်)တို့၏သမီးချွေးမ၊ နော်ဘူးဖော-ဦးအေးကြွယ်၊ စောအောင်ထွေး-(နော်အားမူ)၊ နော်လားဖော(ခ)နော်စန္ဒာ - (Galahad သက်ထွန်း)တို့၏ညီမ၊ စောစေးလယ်-နော်ဂျူးဂျူ၊ နော်သွဲဖော-စောလေးမြင့်၊ နော်အားသူ၊ စောအေးလွင်ထွေး - နော်ရှီးလာတို့၏အစ်မ၊ တူ၊တူမ၁၄ယောက်တို့၏အဒေါ်၊ မြေး ၁၄ယောက်တို့၏အဘွား၊(ဦးသိန်းဇော်)၏ဇနီးသည် ၂၃-၇-၂၀၁၄ရက် ည ၁၀း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက်(သောကြာနေ့)နံနက်၉နာရီတွင်ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော် (သုဓွေးကုန်း)(အနောက်ပိုင်းဆေးရုံရှေ့)ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

## ဦးထွန်းအေး (မော်လမြိုင်)

**ဦးစီးအရာရှိ(ငြိမ်း)**

**သစ်တောဦးစီးဌာန**

**အသက်(၆၀)**

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ ၁လမ်း၊ အမှတ် ၁၂နေ(ဦးအေး-ဒေါ်မြမြ)တို့၏သား၊ [ဦးအောင်ရှင်း (ယခင်ပြည်နယ်လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်ဟောင်း) - ဒေါ်ဖွားခင်]တို့၏ သားသမက်၊ (ဒေါ်ခင်မေအိ)၏ ခင်ပွန်း၊ (ဦးစိန်အောင်-ဒေါ်သီတာအေး)၊ ဒေါ်ဥမ္မာအေး၊ (ဦးသန်းအေး-ဒေါ်လှလှဝင်း)၊ ဒေါ်ခင်မြင့်အေးတို့၏ညီ/မောင်၊ ဦးညွှန့်အေး-ဒေါ်ပပ၊ ဦးအေးမင်း(ဦးစီးအရာရှိ၊ မြေစာရင်း)-ဒေါ်ခင်မာအေး၊ (ဦးတင့်လွင်) - ဒေါ်ခင်မေစီတို့၏အစ်ကို၊ မောင်မင်းကျော်ရှင်း၊ မောင်ဝင်းဖြိုးအောင်-မအေးမြပိုင်၊ မောင်မင်းပြည့်ကျော်ကျော်-မအေမီနိုင်တို့၏ဖခင်၊ မပန်ဆုပြည့်ကျော်၏အဘိုးသည် ၂၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၆း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးလေးမောင် (ကန့်ဘလူ)

**ကန်တော့ခံ**

**ရာသက်ပန်အသင်းဝင်(၀၁၃၀)**

**တပ်မတော်-လေ(ငြိမ်း)**

**ဟိုတယ်/ခရီး(ငြိမ်း)**

**အသက်(၈၈)နှစ်**

ကန့်ဘလူမြို့နေ(ဦးဘိုးအိ-ဒေါ်ဝင်း)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ ပိတောက်ဝါလမ်း၊ အမှတ် ၈၀နေ (ဒေါ်ခင်ရီ)၏ ခင်ပွန်းသည် ၂၂-၇-၂၀၁၄ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းညွန့် (ပေါင်)

**အသက်(၈၈)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်နေ (ဦးအောင်မျှင် - ဒေါ်အုန်းတင်)တို့၏ သမီးကြီး၊ [ဦးပါချို(ခ)ဉူးပဏ္ဍိတ]၏ဇနီး၊ (ဦးပါငယ်)-ဒေါ်သောင်းတင်တို့၏အစ်မ၊ ဦးစိုးလင်း-ဒေါ်မေမေမြင့်၊ ဦးဘုန်းဇော်(MD Esperiation Co., Ltd.)-ဒေါ်သန်းသန်းငွေ(ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အထက-၃၊ တာမွေ)၊ ဦးမြင့်ဝေချို (3rd/E)-ဒေါ်စန်းစန်းဝင်း၊ ဒေါ်စီစီလွင်၊ ဦးမျက်မှန် (ဇွန်ဇွန် Enterprise Co.,Ltd.)-ဒေါ်မြင့်မြင့်မေ၊ ဦးစိုးအောင်-(ဒေါ်မော်မော်နိုင်)၊ ဦးရွှေဝင်း-ဒေါ်ဆန်းငွေဦး(ခ)တိုးတိုး၏မိခင်သည်၂၄-၇-၂၀၁၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် အမှတ်၃၆၊ လမ်းမတော်လမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းညွန့် (ပေါင်)

**အသက်(၈၈)နှစ်**

ဒေါ်ယမင်းဦး (ခေတ္တ-စင်ကာပူ)၊ Mr. Andy Singer - ဒေါ်အိဖြူဇော် (ခေတ္တ-စင်ကာပူ)၊ ရန်ကုန်မြို့နေ ဒေါ်ထက်ထက်လွင်၊ ဦးဖြိုးထွဋ်ဝေချို (A/B)၊ ဦးအောင်အာကာ (Director Influence Co., Ltd.) - ဒေါ်အေးကြည်သာဟန် (Head of Script Department Forever Group)၊ ဦးကျော်ကိုကိုဇင် (A/B Stellar Shipping)-ဒေါ်လဲ့မွန်ဝေချို(ခ) Fuji (JAT, အမက-၁၂၊ ဗဟန်း)၊ ဒေါ်သက်သက်လွင်၊ ဒေါ်နှင်းဝတ်ရည်အောင်(ခ)အင်ကြင်း၊ မောင်အောင်မြတ်(3rd Year ရေကြောင်းတက္ကသိုလ်)၊ မောင်ဖွဲ့မာန်ပိုင် (ခ) ကိုရင်ပညာဓိက၊ မဇွန်အိန္ဒြာ (Grade-X, မြတ်အားမာန်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မောင်တည်ငြိမ်၊ မောင်ရှင်းသန့်တို့၏အဘွားသည် ၂၄-၇-၂၀၁၄ရက်မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၄ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်မြင့်

**အသက်(၇၀)**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘရင်-ဒေါ်စိန်စိန်)တို့၏သား၊ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဦးခင်မောင်ဦး-ဒေါ်သန္တာချို၊ ဒေါ်ရီရီမွန်၊ ဦးရဲထွဋ်-ဒေါ်ခင်ဆွေကျော်၊ ဦးဘိုဆန်း-ဒေါ်သီတာကျော်(KBS Construction Co., Ltd.) (Great Glory Hotel) တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၇-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၄ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ ၁၁ လမ်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းရွှေ(မန္တလေး)

**အသက်(၉၂)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် (ဦးလှဘော်၊ ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးကျော်သန်း(လယ်/အုပ်၊ ငြိမ်း)-ဒေါ်ခင်စောအေး(လယ်/ပြ၊ ငြိမ်း)၊ မန္တလေးမြို့နေ ဦးထွန်းချွန်(မှု/အုပ်၊ ငြိမ်း)-ဒေါ်ခင်ပိုင်၊ ဦးကျော်စိန်(ဆက်သွယ်ရေး၊ ငြိမ်း)-ဒေါ်မြင့်မြင့်၊ (ဒေါ်မြမြသန်း)၊ ဦးကြူး(အလပြ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ငွေ(အထက-၂၅)၊ (ဦးကျော်ဝင်း၊ ထောင်မှူး၊ ငြိမ်း)-ဒေါက်တာတင်တင်အေး (ဒု-ညွှန်မှူး၊ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး)၊ ဦးအောင်မြင့်-ဒေါ်အေးရွှေ၊ ဝမ်းတွင်းမြို့နေ ဦးဇော်လွင်-ဒေါ်ရီရီမြင့်၊ မန္တလေးမြို့နေ ဦးညီညီကျော်(ပြန်ကြားရေး၊ ငြိမ်း)-ဒေါ်စန္ဒာမင်း(လဝကမှူး)တို့၏မိခင်၊ ဦးစိုင်းအောင်ထွဋ်ရှိန် (E.T.O, Jaya Offshore Pte Ltd, Singapore)-ဒေါ်ကေသွယ်စော၊ (ဦးကျော်သူရတင်)-ဒေါ်အေးအေးချမ်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးစီးမှူးရုံး)၊ ဦးကျော်စွာဝင်း-ဒေါ်ဖြိုးမာဖြူ၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးရန်နိုင်ကျော် (DSTA)-ဗိုလ်ကြီးတင်ဝင်းမော် (တပ်မတော်ဆေးရုံ)၊ ဦးဇော်မျိုးထက်(ကြီးကြပ်ရေးမှူး၊ အင်္ဂပူရော်ဘာစခန်း)-ဒေါ်စုနန္ဒာ(ဒု-ကြီးကြပ်ရေးမှူး၊ တောင်ငူ-၄မိုင်)၊ ဒေါ်အေးမာဖြူ(လ/ထ ကြီးကြပ်ရေးမှူး၊ MCDC)၊ ဦးဝင်းမင်းလတ်(ဒု-ကြီးကြပ်ရေးမှူး၊ ညောင်ဦး)-ဒေါ်ခင်စုလတ်(ဒု-ဦးစီးမှူး၊စီမံကိန်း)၊ဒေါ်ခင်ချိုသိန်း(ကထိက၊နည်းပညာတက္ကသိုလ်၊ ကျောက်ဆည်)၊ ဦးနိုင်ဇော်ဦး(L.L.M, KSY)-ဒေါ်တင်ဇာဝင်း၊ ဦးသော်တာ-ဒေါ်တင်ဇာတိုး(Sweety Home Co., Ltd.)၊ ဒေါ်ဖြိုးဝေခိုင် (S.A.E,MOEP)၊ ဒေါ်ခင်ခင်ထွန်း(အမက၊ မိုးကုတ်)၊ ဦးစွမ်းရည်ဖြိုး (JSE,MCC)၊ ဒေါက်တာဉာဏ်လင်းအောင်၊ ဒေါ်ရွှေစင်ဖြိုး(နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)တို့၏အဘွားသည် ၂၃-၇-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်အုန်းရွှေ (ရွှေဘိုမြို့)

**အသက်(၉၀)**

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ [ဦးသူတော်)(ဇဝန)-ဒေါ်ချစ်ထွေး]တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက်အမှတ် ၂၃၄၊ အခန်း ၂နေ (ဒုတိယဗိုလ်မှူးကြီးအေးမောင်)၏ ဇနီး၊ ဒေါ်ခင်ချိုလှိုင်၊ (ဦးသောင်းကျော်)-ဒေါ်ကီးမီး၊ ဦးမြင့်ဦး-ဒေါ်ခင်မူအေး၊ ဦးလှသွင်-ဒေါ်ယဉ်ယဉ်မော်၊ ဒေါ်ငယ်ငယ်အေးမောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၁း၁၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးပါကြီး

**သစ်တော(ငြိမ်း)**

**အသက်(၈၆)နှစ်**

သူငယ်ချင်း ဦးသန်းဇော်၏ဖခင် ဦးပါကြီး(သစ်တော၊ ငြိမ်း) အသက်(၈၆)နှစ်သည် ၂၃-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃ သစ်တောပညာဘွဲ့ရ**

**သူငယ်ချင်းများ**

---

**အထူးကျေးဇူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

## ဒေါ်ညွန့်ညွန့် အသက်(၈၄)နှစ်

**(ရတနာညွန့်အထည်ဆိုင်၊ မင်္ဂလာဒုံဈေး)**

၂၁-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး ဒေါ်ညွန့်ညွန့်အား နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဂရုတစိုက် ပြုစုပေးခဲ့ပါသော ပင်လုံအထူးကုဆေးရုံမှ ပါမောက္ခ ဦးအုန်းခိုင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ အစာအိမ်နှင့်အူလမ်းကြောင်း)နှင့် တာဝန်ကျဆရာဝန်များ၊ ဆရာ၊ ဆရာမများ၊ သူနာပြုများ၊ ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီးအား နှစ်နှစ်ခန့် ဆွေမျိုးရင်းချာကဲ့သို့ ပြုစုစောင့်ရှောက်ပေးပါသော သူနာပြုဆရာမလေး ဒေါ်သီတာမိုးအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ E-mail ဖြင့်လည်းကောင်း နှစ်သိမ့်အားပေးကြသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသင်္ဂဟများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်များမှ အသင်းအဖွဲ့များ၊ မိတ်ဆွေသင်္ဂဟများ၊ အမက(၂)ကမာရွတ်မှ ဆရာမများနှင့် ကျောင်းသား မိဘများ၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ခဲ့ကြသောသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း (ဒုညွှန်ကြားရေးမှူး၊ ငြိမ်း)

**လယ်/ဆည်ဝန်ကြီးဌာန၊ စိုက်/မွေး ငွေစာရင်းဌာနခွဲ**

**ဥက္ကဋ္ဌ၊ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်**

**အသက်(၇၃)နှစ်**

လားရှိုးမြို့နေ (ဦးထွန်းတင်-ဒေါ်ရှုခင်)တို့၏သားကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ တိုက် ၁၉/၄ (က)နေ ဗိုလ်ကြီးဒေါ်အေးအေးချို(ငြိမ်း)၏ခင်ပွန်း၊ တောင်ငူမြို့နေ(ဦးမောင်ရင်)-ဒေါ်မွေးမွေး၊ (ဦးလှမြင့်)-ဒေါ်ခင်မျိုးလှိုင်၊ (ဦးညွှန့်နိုင်)-ဒေါ်နန်းမြအေး၊ ဦးသိန်းအောင်-ဒေါ်နန်းခင်သောင်းတို့၏အစ်ကိုကြီး၊ ကိုကျော်ကျော်စိုး-မယုယုအောင်တို့၏ဖခင်၊ မစိုးပြည့်ရတနာ၊ မသီရိဖြူစင်စိုးတို့၏အဘိုးသည် ၂၃-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဘန်ရှိန်

**အသက်(၅၈)နှစ်**

မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ ဗဟိုလမ်း၊ အမှတ် ၁၃၃-Aနေ (ဦးချစ်စိန်)-ဒေါ်သင်းကြည်တို့၏သား၊ (ဦးလှခိုင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဦးသိန်းထွန်း-ဒေါ်စုဟန်တို့၏မောင်၊ (ဒေါ်ငွေငွေမြင့်)၏ခင်ပွန်း၊ မောင်အောင်ကျော်ခိုင်(MPPE မော်လမြိုင်)၊ မပြုံးပြုံးခိုင်[အထပြ၊ အထက(၃)မော်လမြိုင်]တို့၏ဖခင်သည် ၂၄-၇-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၄ရက်(စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အသက် (၆၃) နှစ်ပြည့်မှသာ သက်ပြည့်ပင်စင်သတ်မှတ်မည်ဆိုသည့် သတင်းစကားများသည် မှန်ကန်မှုမရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်၏ **"အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ OECF စသည့် နိုင်ငံတကာဘဏ်များမှ ငွေချေးယူရာတွင် အဆင့်ဆင့်လုပ်ဆောင်ရသည့် ဆောင်ရွက်ပုံများကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ လုပ်ငန်းစီမံကိန်းတစ်ခုကို ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းတို့၏ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု *စာမျက်နှာ ၇ ကော်လံ ၁* ●

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပိုက်လိုင်းလမ်းကြောင်း မီတာ ၃၀ အပြင်ဘက် ထိခိုက်မှုအတွက် သီးနှံများ၏ကာလပေါက်ဈေးဖြင့် ပေးလျော်ခဲ့

**နေပြည်တော် ဇူလိုင် ၂၄**

နယ်စပ်ဒေသများအားလုံး၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းရေးဆွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြောကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးတာများ ကျိုးပေါက်ခဲ့ရသဖြင့် ပြန်လည်တည်ဆောက်မည့် အစီအမံများ၊ ပြည်သူ့စစ်မဟာဗျူဟာကို စတင်ကျင့်သုံးမည့်အခြေအနေ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့များနှင့် နယ်မြေလုံခြုံမှုကို ပူးတွဲဆောင်ရွက်မည့် အစီအမံများနှင့် ပြည့်စုံသော နယ်ခြားလုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ"** *စာမျက်နှာ ၇ ကော်လံ ၁* ✻



# အာရှလူငယ်ဘောလုံးပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းပြင်ဆင်

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် အာရှလူငယ်ဘောလုံးပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ်အသင်းသည် ကစားသမား ၁၃ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ **(ဓာတ်ပုံ)**

### လူရွေးပွဲပြုလုပ်

ယင်းဘောလုံးပွဲကို ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာရှဒေသအတွင်းမှ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဘောလုံးပွဲယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းအားဖွဲ့စည်းရန်အတွက် ဇူလိုင်၁၀ရက်နှင့် ၁၁ရက်တို့တွင် လူရွေးပွဲများပြုလုပ်ခဲ့ပြီး ယခုကစားသမား ၁၃ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးစိုးမိုးကျော်၊ အုပ်ချုပ်သူ ဦးဝင်းသူမိုး၊ နည်းပြအဖြစ် ဦးခင်မောင်ကို၊ ကစားသမားများအဖြစ် ဟိန်းထက်အောင်၊ ဟိန်းနိုင်ဇေ၊ ကောင်းခန့်စံ၊ နေလင်းထက်၊ ရန်ကျော်စိုး၊ ရဲထက်အောင်၊ *စာမျက်နှာ ၅ ကော်လံ ၆* ❖

### ယနေ့ မာတိကာ

ဆေးပညာသတင်းဆန်းများ (၆၈) ဆောင်းပါး စာ » ၆
စီးပွားရေးလုပ်ငန်းကြီးများတွင် ERP ဆော့ဖ်ဝဲကို စတင်အသုံးပြုနိုင်တော့မည် စာ » ၁၃
ဗန်ဟားလ်၏ ပထမဆုံး မန်ယူနိုင်ပွဲ စာ » ၁၄

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ရန်ကုန် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့် အငှားလုပ်ငန်းများ ဩဂုတ် ၁ ရက်တွင် အခွန်စည်းကြပ်မည်

**ရန်ကုန် ဇူလိုင် ၂၄**

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ခင်လေးမြင့်အောင်**

ရန်ကုန်မြို့တွင်း အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့် ငှားရမ်းမှုများအားလုံးအတွက် အခွန်ကောက်ခံခြင်းကို လာမည့် ဩဂုတ် ၁ ရက်တွင် စမ်းချောင်းမြို့နယ်အတွင်း စတင်ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ အခွန်ကောက်ခံခြင်းဆောင်ရွက်ရန်အတွက် ဇူလိုင် ၂၀ ရက်မှ စတင်ကာ စမ်းချောင်းမြို့နယ်ရှိ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များထံ အသိပေးထားပြီး ရောင်းဝယ်ခြင်းနှင့် ငှားရမ်းခြင်းများအတွက် သတ်မှတ်ထားသည့် အခွန်အခများ ပေးဆောင်ရန် စိစစ်ထားခြင်းဖြစ်သည်။

"စမ်းချောင်းမြို့နယ်ကို ပထမဆုံး စတင်ကွင်းဆင်းဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ မြို့နယ်တိုင်း၌ လုပ်ဆောင်မှာ ဖြစ်ပါတယ်။ သတင်းစာတွေမှာလည်း ပြည်သူများကို အသိပေးထားပြီးသားပါ။ ကျွန်တော်တို့အနေနဲ့ သတ်မှတ်ထားတဲ့ ရောင်းခြင်း၊ ဝယ်ခြင်းနဲ့ ငှားရမ်းခြင်းတွေကို ဥပဒေအရ တရားဝင်ဖြစ်စေလိုပါတယ်။ ဒါမှလည်း ဈေးနှုန်းတွေတည်ငြိမ်လာမှာ ဖြစ်ပါတယ်။ ပူးပေါင်းစစ်ဆေးမှု အပိုင်းကိုတော့ လက်ရှိမှာ မြို့နယ်အခွန်ရုံး တာဝန်ရှိသူတွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ရှိသူတွေ စုပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု *စာမျက်နှာ ၅ ကော်လံ ၁* ✻



ရန်ကုန်မြို့အတွင်းရှိ အထပ်မြင့်အဆောက်အအုံများကို မြင်တွေ့ရစဉ်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible]

KBZBank(AccountNo.00730200701690301) [illegible]

## ဧေတနာအထူးပြုဝန်ဆောင် ခင်နန္ဒာ နှင့် သွားရိုးနော် (၂၀၁၄-၂၀၁၅) ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ

သံဝေဇနီယလေးဌာန+အဝီဇဟိတသုံးဌာန+ဘာဝတ္တိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (ရန်ကုန်-ဂယာ-ရန်ကုန်)

[illegible]

သံရုံးသို့လိုက်ရန်မလို | (၂)လကြိုတင်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ | Air Bus A 320 လေယာဉ်ကြီးဖြင့်သာ

[illegible]

ရုံးချုပ် [illegible]

ရုံးခွဲ(၁) [illegible]

ရုံးခွဲ(၂) - Gandamar Wholesale [illegible]

[illegible]

Marketing [illegible]

(100000-120000)

(150000)

09 73077744

## ဒေါ်ပိုးပိုး

ကိုရီးယားဘာသာ သီးသန့်သင်ယူချင်သူများအတွက်
အခြေခံစကားပြောနှင့်
သဒ္ဒါ (အမျိုးပေါင်း ၆၅မျိုး)
နှစ်လပြတ် ကျပ် ၄၀၀၀၀

**အမှတ် ၃၅၊ ၁၄၁လမ်း၊ တာမွေ၊ ရန်ကုန်၊**
**ဖုန်း-၀၉-၇၃၀၃၃၉၀၈၊ ၀၉-၅၀၈၀၀၆၈**



[illegible]

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၈-၇-၂၀၁၄ ရက်မှ ၃၁-၇-၂၀၁၄ ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ ရက် ၁၅း၀၀ နာရီမတိုင်မီအတွင်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုး၊ အမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အနေအထားအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၃၉၂၂၂၆၊ ၀၁-၃၉၂၂၂၅ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်**
**အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

[illegible] (L.L.B.) [illegible]



[illegible] 01-394737, 01-399426, 09-73009994, 095152521 [illegible]

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ပိုင်ယာဉ်အမှတ် CC/3728 ယာဉ်လိုင်စင်စာအုပ် SOE SAN Auto Mobile Services ကုမ္ပဏီအမည်ဖြင့် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးစောအောင် ဖုန်း-၀၉-၄၃၁၂၃၉၇၀**

## မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း

### သစ်သီးအလှပြုပြင်မှုသင်တန်း (၁/၂၀၁၄)ဖွင့်မည်။

| | | |
|---|---|---|
| နေ့ရက် | - | ၄-၈-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက်အထိ |
| နေရာ | - | ပြည်သူ့ဥယျာဉ်အတွင်းရှိအသင်းခန်းမ |
| အချိန် | - | မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ |
| သင်တန်းကြေး | - | ကျပ် ၅၀၀၀၀(သစ်သီးဖိုးအပါအဝင်) |

၁၄-၈-၂၀၁၄ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်။

**ဖုန်း-၀၁-၇၃၉၃၆၁၊ ၀၉-၂၅၄၃၁၉၅၃၅**

## ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ကြောင်းကြေငြာခြင်း

[illegible]

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၉) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်မြတ်မြတ်မော် အမည်ပေါက်ပါမစ်မြေအစား နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မူရင်းဟူ၍လည်းကောင်း၊ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)အစား နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မူရင်းပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(A)၊ မြေကွက်အမှတ် ၄၄၉၊ မြေကွက်တည်နေရာ အမှတ် ၄၄၉၊ (၃၉-A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းအေး ISN- ၂၉၇၅၂၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းအေး ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် ၁၂/ဥကမ(နိုင်)၀၇၀၃၆၆ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

## American International Institute - AMII မှ ဖွင့်လှစ်မည့်

### " နိုင်ငံတကာအဆင့် စီမံခန့်ခွဲအုပ်ချုပ်မှုပညာရပ်ဆိုင်ရာ သင်တန်းများ "

**Become Certified and Jobs Will Seek You.**




- Certified Professional Manager "CPM"
- Certified Marketing Professional "CMP"
- Certified Human Resources Manager "CHRM"
- Certified Marketing Manager "CMM"
- Certified Sales Manager "CSM"
- Certified Financial Manager "CFM"
- Certified Public Relation Manager "CPRM"

Opening Date
26 July 2014

MCC Training Institute (Yangon Campus) (Mandalay Campus)

**Hot Line : 246634, 2304156**

Junction Square Building (B), Second Floor, Pyay Road and Kyuntaw Street, Yangon Tel : 01-243702, 244152
Yatanarpon Zay Plazar - 78 Street, Between Corner 32 - 34 Road, Chan Aye Tharzan Township, Mandalay Tel: 02-77030, 09-91034062, 09-402671582

မြန်မာ့အလင်း




၂၀၁၄ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့။

လူမှုစီးပွား

**ယာဉ်အန္တရာယ်ကင်းဝေးစေရေး လူကူးခုံးကျော်တံတားများတည်ဆောက်နေ**

စာ - ၃



ပြည်တွင်းရေးရာ

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ**

စာ - ၆



# ဖခင်မွေးရပ်မြေ ဟမ်မာမက်မြို့ရဲ့ သူရဲကောင်း ခီဒီယာ



**ကမ္ဘာ့**ဘောလုံးလောကရဲ့ နာမည်ကြီးသူတိုင်းရဲ့ နောက်မှာ အံ့ဩဖွယ်ရာ အကြောင်းအရာတွေကတော့ အမြဲတမ်းရှိနေဆဲပါ။ မကြာသေးမီကမှ ဂျာမနီအသင်းနဲ့ ကမ္ဘာ့ဖလားကို ရယူနိုင်ခဲ့တဲ့ ဂျာမနီကစားသမား ခီဒီယာဟာ အဲဒီလို စိတ်ဝင်စားစရာကောင်းတဲ့ နောက်ခံအကြောင်းအရာတွေရှိနေတဲ့ ကစားသမားတစ်ဦးလို့ ဆိုနိုင်ပါတယ်။

ခီဒီယာဟာ ဂျာမနီနိုင်ငံ စတုဂတ်မြို့မှာ မွေးဖွားခဲ့ပြီး ဂျာမနီမှာသာ ကြီးပြင်းသူဖြစ်ပေမယ့် သူ့ရဲ့ဖခင်ဖြစ်သူဟာ တူနီးရှားနိုင်ငံသားဖြစ်တာကြောင့် ဖခင်ရဲ့ ဇာတိနိုင်ငံကိုတော့ မကြာခဏသွားရောက်ဖြစ်ခဲ့တဲ့သူပါ။ တကယ်တော့ တူနီးရှားဟာ အာဖရိက မြောက်ပိုင်းရဲ့သေးငယ်တဲ့ နိုင်ငံလေးဖြစ်ပြီး ခီဒီယာရဲ့ ဖခင်ဖြစ်သူဟာ အဲဒီနိုင်ငံရဲ့ ဟမ်မာမက်မြို့သားဖြစ်ပါတယ်။ ဟမ်မာမက်မြို့ဟာ သဘာဝအလှအပတွေနဲ့အတူ ကမ္ဘာလှည့်ခရီးသွားတွေ အများဆုံးနှစ်သက်မှုရှိတဲ့ တူနီးရှားနိုင်ငံရဲ့ အထင်ရှားဆုံး မြို့လည်းဖြစ်ပါတယ်။ ခီဒီယာဟာ ငယ်စဉ်ကတည်းက ဂျာမနီလူငယ်အသင်းမှာ ပါဝင်ကစားနေခဲ့တာဖြစ်ပေမယ့် သူ့အဖေရဲ့ဇာတိမြို့ကိုလည်း မကြာခဏသွားရောက်လည်ပတ်ဖြစ်တာကြောင့် ဟမ်မာမက်မြို့ကလေးမှာရှိတဲ့ မြက်ရိုင်းခြောက်တွေအပြည့် တွင်းပေါက်တွေနဲ့ပြည့်နှက်နေတဲ့ ကစားကွင်းလေးဟာသူ့အတွက်တော့ ဖခင်ဘက်ကဆွေမျိုးတွေရှိရာ လာလည်ရင်းနဲ့မဖြစ်မနေလေ့ကျင့်ကစားခဲ့ရတဲ့ ကစားကွင်းလေးလည်းဖြစ်ပါတယ်။ အဲဒီကစားကွင်းလေးရဲ့ဘေးမှာ ကားလမ်းကလည်းရှိတာကြောင့် အချိန်တိုင်းမှာ ကားသံတွေနဲ့ ဆူညံနေတဲ့ ကစားကွင်းလေးလည်းဖြစ်ပါတယ်။ သူနဲ့ပတ်သက်ပြီး ဟမ်မာမက်မြို့သားတစ်ဦးကလည်း "ခီဒီယာဟာ ဒီမြို့ရဲ့ ကစားကွင်းလေးနဲ့ ဆက်စပ်ပြီး ကမ္ဘာကျော်ကစားသမားတစ်ဦးဖြစ်သွားတာပါလို့"လည်း ဂုဏ်ယူပြောနေခဲ့ပါတယ်။

**စာမျက်နှာ ၂ သို့**

**စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဂျာမနီမြေပေါ်က Telekom Cup** စာ - ၂

**ပရိသတ်အတွက် တန်ဖိုးရှိတဲ့ International Champion Cup ပြိုင်ပွဲ** စာ - ၂၇

**ဂျပန်နိုင်ငံ Tokyo မြို့သို့ ပညာတော်သင်သွားရောက်ရန် ကျောင်းသား (၁၀၀) ဦး အမြန်အလိုရှိသည်။**

သတင်းစာပို့ အချိန်ပိုင်း အလုပ်ဖြင့် ရေးနှုန်းသက်သာစွာ သွားနိုင်မည့် အထူးအခွင့်အရေး

သိရှိရမည့် အချက်များ

- ★ ဂျပန်စာအနိမ့်ဆုံး N5 အောင်လက်မှတ်နှင့် N4 အဆင့်ရှိရမည်။
- ★ သတင်းစာပို့အလုပ်ကို အနည်းဆုံး(1)နှစ် လုပ်ဆောင်ပေးရမည်။
- ★ ဂျပန်သို့ ရောက်ရှိပါက International လိုင်စင်ရရှိရန် ဖြေဆိုပေးရမည်။
- ★ အလုပ်ချိန် < 2:30 - 6:30 Am >
  < 3:00 - 5:00 Pm >
- ★ ကျောင်းတက်ချိန် < 9:00 - 12:30 Pm >

ရရှိမည့် အခွင့်အရေး

- ★ ဂျပန်နိုင်ငံ Tokyo မြို့ပေါ်တွင် အလုပ်လုပ်ရင်းဖြင့်ပညာသင်ကြားနိုင်ခြင်း
- ★ ကျောင်းလခ ထောက်ပံ့ပေးခြင်း
- ★ နေထိုင်မည့်အဆောင်စီစဉ်ပေးခြင်း (တစ်ဦးလျှင် (၁)ခန်း)
- ★ တစ်လလျှင် ပျမ်းမျှလစာ 85,000ယန်း မှ 100000ယန်း အထိရရှိနိုင်ခြင်း [ Bonus ခံစားခွင့်ရှိ သည် ]
- ★ တစ်ပတ်လျှင် တစ်ရက်အလုပ်နားခွင့်ရှိသည်။

No.5, Building (B), Room No.2, First Floor, U Tun Lin Chan Street, Kamayut Township, Yangon.Ph: 01-537710, 09-420179933, 09-73124375

**Tokyo One Japanese Language School**

**ရန်ကုန်တိုင်းဒေသကြီး**

# ယာဉ်အန္တရာယ်ကင်းဝေးစေရေး လူကူးခုံးကျော်တံတားများတည်ဆောက်နေ

ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူလေးများ ယာဉ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် လူကူးခုံးကျော်တံတားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုနှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)မှ တာဝန်ယူတည်ဆောက်လျက်ရှိနေသည်။

မင်္ဂလာဒုံမြို့နယ် အထက(၂)(အောင်ဆန်းသူရိယလှသောင်းကျောင်း)အနီး ပြည်လမ်းကိုဖြတ်၍ ခုံးကျော်တံတားတစ်စင်း၊ ကမ္ဘာအေးဘုရားဝင်းနှင့် ဂမုန်းပွင့်ကုန်တိုက်ရှေ့ ကမ္ဘာအေးဘုရားလမ်းကိုဖြတ်၍ ခုံးကျော်တံတားတစ်စင်း၊ နန်းသီတာဆိပ်(ရန်ကုန်-ဒလကူးတို့ဆိပ်)ရှေ့နှင့် ပန်းဆိုးတန်းလမ်းအနီး ကမ်းနားလမ်းကိုဖြတ်၍ ခုံးကျော်တံတားတစ်စင်း စုစုပေါင်း လူကူးခုံးကျော်တံတားသုံးစင်းကို ရှေ့ဆင့်နောက်ဆင့်တည်ဆောက်လျက်ရှိနေသည်ကို တွေ့မြင်လာရသည်။

ယခုအခါ အောင်ဆန်းသူရိယလှသောင်းကျောင်းအနီးရှိ လူကူးခုံးကျော်တံတားမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိနေသည်ကို ဇူလိုင် ၁၇ ရက် ညနေပိုင်းက တွေ့ခဲ့ရသည်။ **(အပေါ်ယာပုံ)** တစ်ဖက်တစ်ချက်စီတွင် မျက်နှာချင်းဆိုင် ကွန်ကရစ်လှေကားနှစ်စင်းစီပါရှိပြီး စုစုပေါင်းလှေကားလေးစင်းဖြင့် တည်ဆောက်ထားသည်။ အဆင်းအတက်လှေကားများနှင့် အလယ်ပင်မတံတားတစ်လျှောက် ပေါင်းမိုးများ တပ်ဆင်လျက်ရှိနေသည်။

လမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက "ဒီအောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့မှာဆို နံနက် ၇ နာရီလောက်ကစပြီး ယာဉ်ကြောကျပ်တည်းမှု ရှုပ်ထွေးမှုဖြစ်လာတယ်။ ကျောင်းတက်ဖို့လာတဲ့ ကလေးတွေအတွက် လမ်းဖြတ်ကူးရတာ အလွန်ပဲ အန္တရာယ်များပါတယ်။ ဒါကြောင့် လူကူးခုံးကျော်တံတား တည်ဆောက်ရတာပါ"ဟု ဆိုခဲ့သည်။



ပန်းဆိုးတန်းလမ်းအနီး တည်ဆောက်လျက်ရှိနေသော လူကူးခုံးကျော်တံတားမှာ ဖောင်ဒေးရှင်းချပြီး ကွန်ကရစ်တိုင်များ ထိုးထိုးထောင်ထောင်ဖြင့် စတင်တွေ့မြင်နေရပြီဖြစ်သည်။ ရိုးရိုးလှေကားလေးစင်းအပြင် စက်လှေကားနှစ်စင်းတပ်ဆင်သွားမည်ဟု သိရသည်။

၎င်းနေရာ၌ လူကူးခုံးကျော်တံတား တည်ဆောက်ရခြင်းမှာ ရန်ကုန်-ဒလခရီးသည် ၃၀၀၀၀ခန့်မျှ နေ့စဉ်သွားလာလှုပ်ရှားနေသော နေရာတစ်ခုဖြစ်သည်။ ၎င်းနေရာကမ်းနားလမ်းမှာ ကျယ်ဝန်းသောလမ်းမကြီးဖြစ်၍လမ်းဖြတ်ကူးသော ခရီးသည်များအဖို့ အလွန်မှ အန္တရာယ်ရှိပြီး မကြာခဏဆိုသလို ယာဉ်နှင့် လူတိုက်မိသော နေရာတစ်ခုဖြစ်သည်။ ထို့အတွက်ကြောင့် လူကူးခုံးကျော်တံတားတစ်စင်းအဖြစ် စီမံကိန်းချအကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု သိရသည်။

ကမ္ဘာအေးဘုရားဝင်းရှေ့ ကမ္ဘာအေးဘုရားလမ်းကိုကျော်၍ လူကူးခုံးကျော်တံတားမှာ မြေအောက်ရှိ လျှပ်စစ်ဓာတ်ကြိုးများကြောင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ဦးစားပေးဆောင်ရွက်နေရသော အဆင့်တွင်ရှိနေသည်။ သို့သော် ဂမုန်းပွင့်ဘက်ခြမ်းတွင် အောက်ခြေဖောင်ဒေးရှင်းတူး၊ ပိုင်ရိုက်ခြင်းလုပ်ငန်းများ စတင်နေပြီဟု သိရသည်။

ယင်းတံတားသုံးစင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)ကပင် ငွေကြေးအကုန်အကျခံ၍ ဌာနအင်ဂျင်နီယာများဖြင့် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း လမ်းတံတားမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လူကူးခုံးကျော်တံတားများနှင့် ပတ်သက်၍ "အစိုးရအနေနဲ့ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်တွေ ကင်းပါစေတော့ဆိုပြီး လူကူးခုံးကျော်တံတားတွေတည်ဆောက်ပေးခဲ့တယ်။ ဥပမာ ဆူးလေလမ်းပေါ်ကတံတား၊ သိမ်ကြီးဈေးနားက လူကူးခုံးကျော်တံတားနှစ်စင်းကိုကြည့် တံတားပေါ်က တက်ပြီး လမ်းကူးတဲ့သူ အင်မတန်နည်းတယ်။ ဆူးလေလမ်းပေါ်က တော်ဝင်တံတားဆို အောက်က စောင့်ကြည့်ညွှန်ပြနေတဲ့ စည်ပင်(လုပ်အားပေး)တွေရှိမှပဲ တံတားပေါ်က တက်ကူးကြတယ်။ အဲဒီအဖွဲ့တွေမရှိတာနဲ့ ကားလမ်းပေါ်တက် လမ်းကူးကြတယ်။ ယာဉ်ထိန်းရဲကလည်း ယာဉ်ပဲထိန်းတာ လူထိန်းတာမဟုတ်တော့ ဝီစီလေးတစ်ချက်တောင် မှုတ်တာမဟုတ်ဘူး။ တစ်လောက အဲဒီလမ်းဆုံမှာ လိုင်းကားကြီးတစ်စီးက လမ်းကူးတဲ့ ခရီးသည်ကို တိုက်လိုက်တာ သေနိုင်လောက်တဲ့အနေအထားမှာရှိတယ်။ ဒါ့ကြောင့် စည်းကမ်းလိုက်နာဘေးကင်းကွာ ဆိုသလိုပဲ သတ်မှတ် စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ နေရာက လမ်းကူးကြတာဟာ အန္တရာယ်အကင်းဆုံးပဲ"ဟု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# နမ့်ခမ်းမြို့နယ်အတွင်း စပါးစိုက်ပျိုးမှု အထွက်ကောင်း



**ရှမ်းပြည်နယ်(မြောက်ပိုင်း)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း တောင်သူများက နွေစပါးနှင့် မိုးစပါး နှစ်ရာသီအထွက်တိုး စပါးများ စိုက်ပျိုးကြပြီး အထွက်ကောင်းအောင်မြင်ဖြစ်ထွန်းလျက်ရှိကြသည်။ နွေစပါးရိတ်သိမ်းပြီးသည်နှင့် မိုးစပါးကိုပျိုးထောင်၍ ထွန်ယက်ကာ စပါးပြီးစပါးစနစ်ဖြင့် အဆက်မပြတ်စိုက်ပျိုးလျက် ရှိကြသည်။ စိုက်ပျိုးသည့် စပါးမျိုးများမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထုတ်လုပ်သော ပုလဲသွယ် စပါးမျိုးနှင့် တရုတ်နိုင်ငံထုတ် စပ်မျိုးစပါးကို အများဆုံးစိုက်ပျိုးကြပြီး အချို့တောင်သူများက TU-16 စပါးမျိုးကို ဝမ်းစာစပါးအဖြစ်စိုက်သည်။

တောင်သူများက စနစ်တကျ ထွန်ယက်စိုက်ပျိုးခြင်း၊ မြေဩဇာကို အချိုးကျစနစ်မှန်ကန်စွာအသုံးပြုခြင်း၊ ပိုးမွှားအန္တရာယ်ကို ကာကွယ်ခြင်းဖြင့် နည်းစနစ်မှန်ကန်စွာ ကြိုးစားစိုက်ပျိုးကြသောကြောင့် နှစ်စဉ်စပါးအထွက်ကောင်းလျက်ရှိနေသည်။

နမ့်ခမ်းမြို့၏ ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၄၉၅၀ စိုက်ပျိုးကြရာ ပုလဲသွယ်စပ်မျိုး ၁၄၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ပုလဲသွယ်စိုက်ခင်း လေးဧကကို စံကွက်ရိတ်သိမ်းရာ တစ်ဧက အစို ၂၉၀ ဒသမ ၁၄ တင်း၊ အခြောက် ၂၄၆ ဒသမ ၆၂ တင်းထွက်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# အိမ်သုံးမီတာ၊ အိမ်သုံး/စက်မှုသုံးပါဝါမီတာ၊ ထရန်စဖော်မာများ သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးလျက်ရှိ

*(ယခင်အပတ်မှအဆက်)*

(ခ) ထရန်စဖော်မာ လျှောက်ထားရာတွင် ဇုန်အတွင်းဖြစ်ပါက ဇုန်ကော်မတီ၏ထောက်ခံချက်နှင့် ရပ်ကွက်အတွင်းဖြစ်ပါက မြို့တော်စည်ပင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းခွင့်ပြုချက်ပါရှိရမည် ဖြစ်ပါသည်။

(ဂ) ကျေးရွာမီးလင်းရေးအတွက်ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက် ပါရှိပြီး မီးလင်းရေးကော်မတီများလိုက်နာရန် မူ(၁၂)ချက်အပေါ် ဝန်ခံကတိပြုရမည်။

(ဃ) ရင်းနှီးမြှုပ်နှံမှုအတွက် ထရန်စဖော်မာလျှောက်ထားပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ဇုန်အတွင်းဖြစ်ပါက ဇုန်ကော်မတီ၏ ထောက်ခံစာ၊ ဝန်ခံကတိနှင့်သုံးစွဲမည့် ဝန်အားစာရင်းတို့နှင့်အတူ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁) သစ္စာလမ်းတွင် ဖွင့်လှစ်ထားသော One Stop Service ရုံး သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှောက်ထားနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မီတာများ/ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ ဓာတ်အားသုံးစွဲမည့်သူများအား မြန်ဆန်စွာတပ်ဆင်အသုံးပြုနိုင်ရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ မီတာများ/ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ အဆင်မပြေမှုများနှင့် သတ်မှတ်ရက်အတွင်း မီတာများတပ်ဆင်ပေးခြင်းမရှိပါက ဖုန်း-၀၁-၂၂၂၁၈၄၊ ၀၁-၂၃၀၁၈၅၇၊ ၀၆၇-၄၁၀၁၉၂၊ ၀၆၇-၄၁၀၁၉၃ တို့သို့ ဖုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်သို့ စာဖြင့်လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ

နိုင်ငံတော်၏ ရှည်လျားသော သမိုင်းစဉ်တစ်လျှောက် ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော တို့တာဝန်အရေး (၃)ပါးသည် လက်ရှိနိုင်ငံသူ၊ နိုင်ငံသားများ လက်ထက်တွင်သာမက နောင်သားစဉ်မြေးဆက်အထိ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းကာကွယ်စောင့်ရှောက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။ လက်ရှိ နိုင်ငံတော်အစိုးရသစ်အနေဖြင့်လည်း ယင်းတာဝန်ကြီး (၃)ရပ်ကို ဦးထိပ်ပန်ဆင်၍ အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အလို့ငှာ အဓိကအင်အားစုကြီး (၃)ရပ်ဖြစ်သော နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် နိုင်ငံတော်ကာကွယ်ရေးအင်အားများ တောင့်တင်း ခိုင်မာအောင် အထူးအလေးထား ကြိုးပမ်းတည်ဆောက်လျက်ရှိပေသည်။

နိုင်ငံရေးအင်အားဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တစ်အူထုံ့ဆင်း တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ ဥမကွဲသိုက်မပျက် အေးအတူပူအမျှရင်းနှီးချစ်ကြည်စွာ လက်တွဲနေထိုင်လျက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ထွန်းကာပြန့်ပွားစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ရယူခြင်းပင်ဖြစ်သည်။

လူမျိုးစုပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်လျက်ရှိသော မိမိတို့နိုင်ငံအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမည်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်သွားရမည်ဖြစ်သည်။ ပထဝီအနေအထားအရ ရေခြား၊ မြေခြားဖြစ်နေသော တိုင်းရင်းသားများ နေထိုင်ရာဒေသများကို ကားလမ်းများ၊ ရထားလမ်းများ ဖောက်လုပ်၍ တံတားများ တည်ဆောက်ပေးရပါမည်။ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ မြှင့်တင်ပေးရပါမည်။ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးရပါမည်။ တိုင်းရင်းသားများ၏ လူမှုဘဝများ မြှင့်တင်ဆောင်ရွက်ပေးရပါမည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ မြင့်မားတိုးတက်လာသည်နှင့်အမျှ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်သွယ်သွားလာမှုများပြားလာပြီး "တွေ့ပါများတော့ ရင်းနှီး၊ မြင်ပါများတော့ ချစ်ခင်" ဆိုသကဲ့သို့ တိုင်းရင်းသားအချင်းချင်းချစ်ခင်ရင်းနှီးမှု ပိုမိုရရှိကာ တိုင်းရင်းသားစည်းလုံးညွတ်ရေး ပိုမိုခိုင်မြဲလာမည်ဖြစ်ပေသည်။

### ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပေးသည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု



ကရင်ပြည်နယ် မြိုင်ကြီးငူ-မဲသဝေါလမ်းပေါ်ရှိ ပေ ၆၀၀ ရှည်သော မြတ်မျိုးဆန်းမြိုင်(မယ်ပေါ်ထ)တံတားကို တွေ့ရစဉ်။

အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဖွဲ့စည်းပေးထားသည့် လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုတို့ကို ပြင်ဆင်ဖွဲ့စည်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသော လုပ်ငန်းများမှာ မြေလမ်း ၁၆၃၇မိုင်၊ ကျောက်ခင်းလမ်း ၁၂၄၇/၇ မိုင်၊ ကတ္တရာလမ်း မိုင် ၂၀၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၀၄ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း ၂၁၂ မိုင်၊ ကွန်ကရစ်တံတားများတည်ဆောက်ခြင်းအတွက် စုစုပေါင်း ၄၁၆၂၄ ပေ၊ ကွန်ကရစ်ရေပြွန် ၆၃၃၆ ပေ၊ တံတားကြီး/ငယ် အစင်း ၁၂၀၊ ကြိုးတံတားငါးစင်း၊ အမက ၂၇၁ ကျောင်း၊ အလက ၂၅ ကျောင်း၊ အထက ၁၃ ကျောင်း၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၂ ရုံ၊ ဆေးပေးခန်း ၂၃ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၁ ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၃၄၈၁ ဧက၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၆၈ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၃၈ ခု၊ သောက်သုံးရေသွယ်ယူခြင်း ၅၆/၂မိုင်၊ မွေးမြူရေးခြံ ၂၄ ခြံ၊ ရေအားလျှပ်စစ်ကီလိုဝပ်နာရီ သန်းပေါင်း ၆၈ ဒသမ ၄၂၉ သန်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၁ ရုံ၊ စာကြည့်တိုက် အခု ၃၀၊ ဘုန်းတော်ကြီးကျောင်း ၄၆ ကျောင်း၊ သိမ် ၁၄ ခု၊ ဓမ္မာရုံ ၁၅ ခု၊ ဝန်ထမ်းအိမ်ရာ ၁၆ လုံး၊ တိုင်းရင်းသားမိသားစုဝင်များအတွက်အိမ်ရာဆောက်လုပ်ခြင်း ၂၁၁၂ လုံး၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း ၁၈ မိုင်၊ ရော်ဘာစိုက်ပျိုးရေးခြံ ဧက ၂၅၀၀ စသည်တို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၀၂၆၈၃ ဒသမ ၉၁၄ သန်း ကျခံသုံးစွဲခဲ့သည်။

### ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် လုပ်ငန်းများမှာ မြေလမ်း ၁၃၅၇/၄ မိုင်၊ ကျောက်ခင်းလမ်း ၇၅၀/၃ မိုင်၊ ကတ္တရာလမ်း ၁၃၆/၂ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း ၅၆၅/၄ မိုင်၊ ကွန်ကရစ်တံတား ၂၀၀၉၄ ပေ၊ ကွန်ကရစ်ရေပြွန် ၁၈၇၅ ပေ၊ ကြိုးတံတား ၂၅ စင်း၊ အမက ၁၇ ကျောင်း၊ ဆေးပေးခန်း ၁၃ ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက ၁၀၀၊ စိုက်ပျိုးရေသွယ်ယူခြင်း ၅၆/၄ မိုင်၊ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ဧက ၁၃၀၀၊ ဆည်/တမံတည်ဆောက်ခြင်း ခုနစ်ခု၊ သောက်သုံးရေသွယ်ယူခြင်း ၁၄၉၇/၄ မိုင်၊ သောက်သုံးရေကန်တူးဖော်ခြင်း ၃၅ ကန်၊ စက်ရေတွင်း ၁၁၁ တွင်း၊ လက်တူးတွင်း ၁၁ တွင်း၊ အိမ်ရာ ၂၄၇၃ လုံး၊ ဆိုလာမီး ၃၄၂၃၈ စုံ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံလေးရုံ၊ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်း၊ သိမ်နှစ်ခု၊ မြို့နယ်ခန်းမ တစ်ခုတို့ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲမည့် ငွေပမာဏမှာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၇၂၆၁၁ ဒသမ ၁၂၅ သန်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများ အတွက် ငွေကျပ်သန်းပေါင်း ၅၈၂၄၇ ဒသမ ၁၂၅ သန်း စုစုပေါင်း ၁၃၀၈၅၈ ဒသမ ၂၅၀ သန်း ဖြစ်သည်။

သင်၏ စီးပွားရေး လုပ်ငန်းများ အောင်မြင်ရန် မြန်မာ့အလင်း လူမှုစီးပွား အားကစား ကဏ္ဍတွင် ကြော်ငြာပါ



# ချီဆိုရာအစား အလက်ဇန်းဒါးအက်စ်တီနော့ဗ်နှင့် တိုင်ဆန်ဖူရီ ထိုးသတ်မည်



Alexander Ustinov

Tyson Fury

ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖူရီသည် သူနှင့်လာမည့် ဇူလိုင် ၂၆ ရက်တွင် ထိုးသတ်ရန် စီစဉ်ထားသည့် ချီဆိုရာနှင့် ထိုးသတ်ဖြစ်တော့မည် မဟုတ်၍ အဆိုပါနေ့တွင် ဘီလာရုစ်နိုင်ငံသား အလက်ဇန်းဒါးအက်စ်တီ နော့ဗ်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချီဆိုရာသည် ပြီးခဲ့သည့် သောကြာနေ့တွင် တိုင်ဆန်ဖူရီနှင့် အစမ်းလေ့ကျင့်ထိုးသတ်မှု အစီအစဉ်တွင် ဘယ်ဘက်လက် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် တိုင်ဆန်ဖူရီနှင့် ထိုးသတ်ရန် စီစဉ်ထားမှုကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ တိုင်ဆန်ဖူရီနှင့် ချီဆိုရာတို့ ပွဲစဉ်ကို လာမည့်စက်တင်ဘာလအတွင်း ပြန်လည်ထိုးသတ်ဖြစ်ဖွယ်ရှိကြောင်း၊ အဆိုပါပွဲမှ အနိုင်ရရှိသူသည် WBO ဟဲဗီးဝိတ် လက်ရှိချန်ပီယံ ဝလာဒီမာကလစ်ရှ်ကိုနှင့် ထိုးသတ်ခွင့်ရရှိမည် ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

လာမည့် ဇူလိုင် ၂၆ရက်တွင် တိုင်ဆန်ဖူရီနှင့် ထိုးသတ်မည့် အသက် ၃၇နှစ်အရွယ်ရှိ အက်စ်တီနော့ဗ်သည် အရပ် ၆ပေ ၇လက်မ ရှိကာ တိုင်ဆန်ဖူရီထက် နှစ်လက်မသာ အရပ်နိမ့်သူဖြစ်သည်။ အက်စ်တီနော့ဗ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား သက်တမ်းအတွင်း ၂၉ပွဲ ထိုးသတ်ခဲ့ရာတွင် တစ်ပွဲသာ အရေးနိမ့်ခဲ့ပြီး ၂၁ပွဲ အလဲထိုးအနိုင်ရရှိခဲ့သည်။

တိုင်ဆန်ဖူရီသည် ချီဆိုရာနှင့် ထိုးသတ်မည့်ပွဲအတွက် ချီဆိုရာနှင့်အတူ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်တစ်ဦးနှင့် ချီဆိုရာတို့ကို ကြမ်းတမ်းသည့်စကားလုံးများဖြင့် ပြောဆိုခဲ့ခြင်းကြောင့် ဗြိတိသျှလက်ဝှေ့အဖွဲ့ချုပ်၏ စွဲချက်တင်မှုခံခဲ့ရပြီး လာမည့် ဩဂုတ် ၁၃ ရက်တွင် အဆိုပါကိစ္စကို ကြားနာစစ်ဆေးမည်ဖြစ်သည်။ သို့သော် တိုင်ဆန်ဖူရီက ကြားနာစစ်ဆေးရာသို့ လာရောက်မည် မဟုတ်ဟု ပြောဆို ခဲ့ခြင်းကြောင့် တိုင်ဆန်ဖူရီအနေဖြင့် ဗြိတိန်တွင် လက်ဝှေ့ထိုးသတ်ခွင့် ပိတ်ပင်ခံရဖွယ်ရှိနေသည်။

တိုင်ဆန်ဖူရီက "ကြားနာစစ်ဆေးမယ့်နေ့က ကျွန်တော့်ရဲ့ အားလပ်ရက်နဲ့ တိုက်ဆိုင်နေတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီနိုင်ငံထဲမှာပဲ ရှိနေတယ်ဆိုရင်တောင် အဲဒီကြားနာစစ်ဆေးမှုကို တက်ရောက်မှာ မဟုတ်ပါဘူး။ အဲဒီကိစ္စအပေါ် စိတ်ဝင်စားမှုလည်း မရှိဘူး" ဟု ပြောသွားသည်။

**ဇူလိုင် ၂၆ရက်တွင် တိုင်ဆန်ဖူရီနှင့် ထိုးသတ်မည့် အသက် ၃၇နှစ်အရွယ်ရှိ အက်စ်တီနော့ဗ်သည် အရပ် ၆ ပေ ၇ လက်မရှိကာ တိုင်ဆန်ဖူရီထက် နှစ်လက်မသာ အရပ်နိမ့်သူဖြစ်သည်။ အက်စ်တီနော့ဗ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား သက်တမ်းအတွင်း ၂၉ပွဲ ထိုးသတ်ခဲ့ရာတွင် တစ်ပွဲသာအရေးနိမ့်ခဲ့ပြီး ၂၁ပွဲ အလဲထိုးအနိုင်ရရှိ**




